# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၅ ရက် ၂၀၂၁ ခုနှစ်၊ ဇွန် ၁၄ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၂၅၄)


# သတင်းထုတ်ပြန်ချက်

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Ms. Michelle Bachelet က မြန်မာနိုင်ငံအခြေအနေနှင့် စပ်လျဉ်း၍ ၁၁-၆-၂၀၂၁ ရက်တွင် သတင်းတစ်ရပ်ထုတ်ပြန်ခဲ့မှုအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ပယ်ချပါသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်ပါ ဖော်ပြချက်များမှာ မှန်ကန်ပြည့်စုံမှုမရှိဘဲ ဘက်လိုက်မှုများရှိကြောင်း တွေ့ရှိရပါသည်။

သတင်းဖော်ပြချက်တွင် စာသင်ကျောင်းနှင့် ဘာသာရေး အဆောက်အအုံများ တိုက်ခိုက်ခံရမှုနှင့် ဘာသာရေးကျောင်းများ၊ ပြည်သူများ၏အိုးအိမ်များကို တပ်မတော်မှအသုံးပြုသည်ဆိုသည့် ပုံစံမျိုးဖြင့် ပြည်သူများအထင်အမြင်လွဲမှားစေရန် ဖော်ပြထားပါသည်။ သို့သော် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်နှင့် အကြမ်းဖက်မှုများကို ဖော်ပြခြင်းနှင့် ရှုတ်ချခြင်း အလျှင်းမရှိသလို လုံခြုံရေးတပ်ဖွဲ့များ၏ အသက်ဆုံးရှုံးမှုကိုလည်း ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

ကျောင်းများ တိုက်ခိုက်ခံရမှုနှင့်စပ်လျဉ်းပြီး မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသော အမျိုးသားညီညွတ်ရေး အစိုးရနှင့်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဆိုသူတို့ကို ထောက်ခံကြသူများသည် ဆရာ/ဆရာမများနှင့် အခြားသော အစိုးရဝန်ထမ်းများအား နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ခြင်းမရှိစေရန် ကျောင်းများကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ခြင်းများစသည့် ပြစ်မှုများကို ကျူးလွန်သကဲ့သို့ ပညာရေးဝန်ထမ်းများအပါအဝင် အုပ်ချုပ်ရေးမှူးများနှင့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

တပ်မတော်အနေဖြင့် ပြည်သူ့လုံခြုံရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြစ်မဲ့ပြည်သူများ ဘေးကင်းလုံခြုံရေး၊ ဥပဒေ အာဏာသက်ဝင်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တည်ဆဲ ဥပဒေဘောင်အတွင်းမှ အထူးဂရုပြုဆောင်ရွက်လျက်ရှိပါသည်။ အင်အားသုံးရန် လိုအပ်ပါကလည်း မိမိကိုယ်မိမိ ခုခံကာကွယ်ရန်နှင့် အနည်းဆုံးအင်အားကို အမြင့်ဆုံးထိန်းချုပ်မှုဖြင့် ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးအနေဖြင့် နိုင်ငံအားလုံး၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက်ဆောင်ရွက်ရန် အခွင့်အာဏာပေးအပ်ထားပြီး ယင်းသို့ ဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိဘဲ မျှတစွာ တာဝန်ထမ်းဆောင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အမှတ် ၄၈/၁၄၁ တွင် ဖော်ပြထားရာ သူမအနေဖြင့် အဆိုပါလုပ်ပိုင်ခွင့်နှင့်အညီ နိုင်ငံများ၏ အရေးကိစ္စများကို ပြောကြားရာတွင် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျစွာ ဖော်ပြရန် လိုအပ်ပါသည်။

သူမအနေဖြင့် ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အပြုသဘော၊ ဘက်လိုက်မှုမရှိ၊ ဓမ္မဓိဋ္ဌာန်ကျကျ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရန် ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်**

**ရက်စွဲ၊ ၂၀၂၁ ခုနှစ် ဇွန်လ ၁၃ ရက်**

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်



နေပြည်တော် ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ခံတက်ခွဲအတည်ပြု လူနာများ တွေ့ရှိရမှု များပြားလျက်ရှိသဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် အားဖြည့် ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❐

**အစဉ်လေးစားဖွယ်ကောင်းသည့် ကလောင်အစွမ်းဖြင့် ဉာဏ်အလင်းကို ဖွင့်ပေးကြသူများ (၂)**

ဆောင်းပါး စာ ၆

**ဖြတ်သန်းပြီးမြောက်ခဲ့သည့် လေးလတာခရီး...**

စာ ၈

**ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အို ၃၀ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ် ထိုးပြီးဖြစ်**

နိုင်ငံတကာသတင်း စာ ၁၄


Promotion
15.6.2021 to 30.6.2021

စမ်းချောင်းလမ်းမပေါ်ရှိ East Wing Luxury Condo

100% Bank Transfer

R3 - 960 Sqft (2-BR) 2150 သိန်း
R1 -1242 Sqft (3-BR) 2750 သိန်း
R7 -1668 Sqft (4-BR) 3000 သိန်း

Full Furnished
(၃) ခန်းသာကျောင်းမည်
BCC ကျပြီး

Cash Only
15% Off



Exclusive Sale Agent:E-House, Tel: 09 777 999 111 / 222

မြန်မာ့အလင်း

# ယုံသင့်မယုံသင့် တွေးချင့်ဆင်ခြင်

အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများ၊ အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်ခဲ့ကြသူများပါဝင်သည့် လူ၊ လက်နက်၊ ကိရိယာများ ဖော်ထုတ်ဖမ်းဆီးရမိမှုများနှင့်အတူ တရားဥပဒေစိုးမိုးမှု ပိုမိုရရှိလာသည်။ သို့ရာတွင် နောက်ကွယ်မှ အဆင့်ဆင့် ကြိုးကိုင်စေခိုင်းခဲ့ကြသူများ၊ ငွေကြေး၊ လက်နက်ထောက်ပံ့ပေးခဲ့ကြသူများမှာ ဘေးကင်းရာနေရာတို့တွင် ပုန်းအောင်းနေကြရင်း မြို့ပေါ်အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်နေစေရန် ဖန်တီးနေကြဆဲဖြစ်သည်။

ယင်းသို့ ဖန်တီးရာတွင် အကြမ်းဖက်အဖွဲ့အစည်းများက အွန်လိုင်းမှတစ်ဆင့် ကြေညာချက်များထုတ်နေသည်ကိုလည်းကောင်း၊ အစွန်းရောက် ပါတီဝင်များနှင့် ထောက်ခံသူများက အကြမ်းဖက်လုပ်ရပ်များအပေါ် မျက်စိစုံမှိတ် မြှောက်ပင့်ထောက်ခံနေကြသည်ကို လည်းကောင်း တွေ့မြင်ကြရပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးလိုလားသူများက ဆန့်ကျင်ရှုတ်ချနေကြသည်ကိုလည်း တွေ့မြင်ကြရသည်။ တစ်ချိန်က အတိုက်အခံဖြစ်ခဲ့သည့် ပါတီဝင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ၊ လဝကရုံးများ၊ ရပ်/ကျေး အုပ်ချုပ်ရေးရုံးများကို မီးရှို့ခြင်း၊ လက်လုပ်မိုင်းထောင်ခြင်း စသည်တို့ကို လက်မရွံ့စတမ်း အကြမ်းဖက်ခဲ့ကြရာတွင် ငွေကြေးဖြင့် စေခိုင်းခဲ့ကြသည်များလည်း ပါဝင်ကြောင်း ဖမ်းဆီးမိသူအချို့၏ ထွက်ဆိုချက်များတွင် ပါဝင်နေသည်ကိုလည်း တွေ့မြင်ကြားသိကြရသည်။

အကြမ်းဖက်မှုများနှင့် စပ်လျဉ်း၍ နှုတ်မှ စေခိုင်းသူများ၊ ကိုယ်တိုင်ကျူးလွန်သူများ သက်သေအထောက်အထား အခိုင်အမာဖြင့် ဘူးပေါ်သလို ပေါ်လာသည့်အခါတွင် ဖုံးကွယ်ခြင်း၊ ဖာထေးခြင်း၊ သတင်းများကို လိုရင်လိုသလို၊ မလိုလျှင် မလိုသလို ရေးသားကာ ပြည်သူကို သတင်းအမှားများပေးခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း မသိမသာတစ်မျိုး၊ သိသိသာသာ တစ်မျိုးဖြင့် သွေးထိုးပေးခြင်း၊ တပ်မတော်ကို နည်းအမျိုးမျိုးဖြင့် သိက္ခာချခြင်းတို့ကို ပြည်ပလက်ဝေခံ၊ သြဇာခံမီဒီယာအချို့က ပြုလုပ်လျက်ရှိကြသည်။ သတင်းအချက်အလက်အမှားများ၊ လှုံ့ဆော်မှုများ၊ မျှော်လင့်ချက် အမှားပေးမှုများက ယုံလွယ်သူ၊ မစူးစမ်း မဆင်ခြင်သူများကို ဆုံးဖြတ်ချက်အမှားများ၊ ၎င်းမှတစ်ဆင့် လုပ်မှားကိုင်မှားများဖြစ်စေတတ်သည်။ လက်တစ်ဝါးသာသာ ဖုန်းမျက်နှာပြင်ကလေးတစ်ခုကိုသာ ကြည့်နေရုံဖြင့် မလုံလောက်ဘဲ၊ အနီးပတ်ဝန်းကျင်၊ ပိုမို၍ ကျယ်ပြန့်သော ဒေသတစ်ခွင်၊ ထိုထက်ပို၍ အလှမ်းကျယ်သော အဝေးဒေသများအထိ အစွဲကင်းကင်းဖြင့် လေ့လာစေ့ငုနိုင်သည်နှင့်အမျှ တကယ့်အခြေအနေအမှန်ကို သုံးသပ်ဆင်ခြင်မိလာနိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ပြည်ပလက်ဝေခံ၊ သြဇာခံမီဒီယာများနှင့် မြန်မာနိုင်ငံသားတို့ အသုံးများသည့် လူမှုကွန်ရက်တို့ပေါ်တွင် တပ်မတော်ဆန့်ကျင်ရေး၊ တပ်မတော်သိက္ခာချရေး၊ တပ်မတော်ပြိုကွဲရေး၊ ထိပ်ပိုင်းခေါင်းဆောင်များအပေါ် အထင်အမြင်လွဲမှားရေး၊ တပ်နှင့်ပြည်သူများအကြား သပ်လျှိုရေး။ မြန်မာလူမျိုးအများစု ယုံကြည်ကိုးကွယ်ကြသည့် ဗုဒ္ဓဘာသာနှင့် ဆရာတော်သံဃာတော်များ၊ သံဃာ့အဖွဲ့အစည်းများနှင့် အမျိုးဘာသာသာသနာတို့အပေါ်တွင်လည်း အစွန်းရောက်များအဖြစ် ထင်မြင်ယူဆလာကြစေရန်၊ ယုံကြည်မှုနှင့် သဒ္ဓါတရားပျက်ပြားလာစေရန်၊ ဘာသာဖျက်သည့်လုပ်ငန်းများတို့ကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အခိုင်အမာအင်စတီကျူးရှင်းကြီး နှစ်ခုကို တူးဖြိုခြင်းဖြစ်ပြီး နိုင်ငံနှင့် လူမျိုးကိုရော ဘာသာတရားနှင့် ယဉ်ကျေးမှုကိုပါ ဖျက်ဆီးခြင်းဖြစ်ရာ ၎င်းအကျိုးဆက်များကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုပြည့်ခဲ့ပြီဖြစ်သည်။ လက်ရှိအခြေအနေသည် အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေချိန်ဖြစ်ပြီး အောင်မြင်ပြီးမြောက်ချိန်တွင် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိလာပေဦးမည်။ ဒီမိုကရေစီနိုင်ငံသားများအနေဖြင့် ပညာပြည့်ဝနှလုံးလှကြရန်၊ စည်းမျဉ်းစည်းကမ်းဥပဒေတို့ကို လေးစားကြရန် လိုအပ်သလို ဝေဖန်ပိုင်းခြား ဆင်ခြင်တုံတရား လည်း မြင့်မားကြရပါမည်ဖြစ်ကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ကျင်းပ

နေပြည်တော် ဇွန် ၁၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၁ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး) သတ္တမနေ့ကို ဇွန် ၁၃ ရက်၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့တွင် စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၈၀၄၉ ပါး အနက် ၄၉၀၃ ပါး ဖြေဆိုကြသဖြင့် ၆၀ ဒသမ ၉၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
၁၃၈၃ ခုနှစ် (၂၀၂၁ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲ
နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၁၃-၆-၂၀၂၁

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီး | ၈၀၄၉ | ၄၉၀၃ | ၃၁၄၆ | ၆၀.၉၁ |

# ကျိုင်းတုံမြို့ရှိ သစ်တစ်ပင်တောင် ရှေးဟောင်းစေတီတော် နှစ်ဆူအား အနေကဇာ တင်လှူပူဇော်

နေပြည်တော် ဇွန် ၁၃

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ရှိ သစ်တစ်ပင်တောင် ရှေးဟောင်းစေတီတော် နှစ်ဆူအား အနေကဇာတင်လှူပူဇော်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သစ်တစ်ပင်တောင်၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များနှင့် မြို့မိ မြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ သံသရာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြသည်။

ထို့နောက် တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာ့ဝေပုလ္လကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝီဇယ ထံမှ သာဓုအနုမောဒနာတရားနာယူကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

၎င်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များရယူ ဆောင်ရွက်ခဲ့

၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းစဉ် ကာလကတည်းကပင် ရာနှုန်းပြည့် ငြိမ်းချမ်းရေးရရှိသည့် ဒီမိုကရေစီဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခများအကြားမှပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၁ ခုနှစ်တွင်ငြိမ်းချမ်းရေးအတွက်ဖိတ်ခေါ်၍ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ NCA လက်မှတ်မရေးထိုးမီကာလအတွင်း Gentleman Agreement များဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များ ရယူဆောင်ရွက်ခဲ့သည်များလည်း ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# တပ်ဖွဲ့အတွင်း မိသားစုများ စည်းလုံးညီညွတ်စွာ နေထိုင်၍ ပြင်ပမှသွေးခွဲမှု၊ ကောလာဟလဝါဒဖြန့်ချိမှုများကို ဂရုပြုဆင်ခြင်သတိထားလိုက်နာဆောင်ရွက်

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်း ဒေသကြီး မကွေးမြို့၌ နယ်မြေခံလုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုများအား တွေ့ဆုံသည်။

### ချပြရှင်းလင်း

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ယနေ့ကာလအထိ တပ်မတော်မှ နိုင်ငံတော်အာဏာကို ထိန်းသိမ်းထားရှိစဉ်အတွင်း နိုင်ငံအတွင်း ဆန္ဒပြမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ရာ အေးချမ်းစွာ ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူဆန္ဒပြခြင်း၊ ၎င်းမှ အကြမ်းဖက်ဖြစ်စဉ်များသို့ အသွင်ပြောင်းလာကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ သတ်ဖြတ်ခံရမှုများ၊ ဒဏ်ရာရရှိမှုများ၊ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များမှ အဖျက်အမှောင့် လုပ်ငန်းမျိုးစုံ ဆောင်ရွက်လာနေမှုများ၊ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရေးအတွက် လက်နက်စွဲကိုင်ပုန်ကန်လာမှုများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေမှုများကို တပ်ဖွဲ့ဝင်နှင့် မိသားစုများသို့ ချပြရှင်းလင်းသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်စည်းကမ်းများ၊ ဆောင်ရန် ရှောင်ရန် ကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ တာဝန်ကျေပွန်စွာ ဆောင်ရွက်ရေး၊ မိမိတို့တပ်ရင်း၊ တပ်ဖွဲ့ဂုဏ်သိက္ခာ မကျဆင်းစေရေး တစ်ဦးချင်းတာဝန်ရှိပြီး အထက် အရာရှိများအနေဖြင့် တပ်ဖွဲ့အတွင်း မျှတစွာ ကွပ်ကဲအုပ်ချုပ်ရေး၊ တပ်ဖွဲ့အတွင်း မိသားစုများ စည်းလုံးညီညွတ်စွာ နေထိုင်၍ ပြင်ပမှ သွေးခွဲမှု၊ ကောလာဟလဝါဒဖြန့်ချိမှုများကို ဂရုပြုဆင်ခြင်သတိထားလိုက်နာဆောင်ရွက်ရေးနှင့် မိသားစုများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူများက ပေါင်းစပ် ဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ်မှာကြား၍ တပ်ဖွဲ့ဝင်နှင့် မိသားစုများအား အခြေခံစားကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ မိသားစုများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### တွေ့ဆုံ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ မြို့တော်ခန်းမတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံသည်။

### ညှိနှိုင်းဖြေရှင်း

တွေ့ဆုံစဉ် မကွေးတိုင်းဒေသကြီး တိုင်းအုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာ အချက်အလက်များကို တင်ပြခဲ့ပြီး တက်ရောက်လာကြသည့် အုပ်ချုပ်ရေးမှူးများက နယ်မြေဒေသ အခြေအနေနှင့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြေရှင်းပေးသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် မကွေးတိုင်းဒေသကြီး နယ်မြေခံ လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

### ပူးပေါင်းဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရသည့် အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ် ချမှတ်ဆောင်ရွက်နေမှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မြို့နယ်အသီးသီးတွင် မဲစာရင်းများ ဌာနဆိုင်ရာ ပူးပေါင်း အဖွဲ့အစည်းများဖြင့် ပွင့်လင်းမြင်သာစွာ စစ်ဆေးမှုနှင့် တွေ့ရှိရမှု၊ နိုင်ငံတော်အား ဆန့်ကျင်ရေးကို နည်းမျိုးစုံဖြင့် ဆောင်ရွက်နေသည့် အခြေအနေ၊ အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ရပ်မျိုးဖြင့် ပြည်သူလူထုမရွေး၊ နေရာဒေသမရွေးတွင် အဖျက်အမှောင့် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထိုသို့ ဆောင်ရွက်နေမှုများကို ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများအနေဖြင့် လုံခြုံရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာများ၏ လုံခြုံရေးကို တာဝန်ရှိသူအသီးသီးအနေဖြင့် ရဲဘော်ရဲဘက်စိတ် အပြည့်အဝဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

### စားသောက်ဖွယ်ရာများ ထောက်ပံ့

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နယ်မြေခံတပ်မတော် ဆေးရုံသို့ သွားရောက်၍ဆေးရုံတက်ရောက်ကုသနေကြသည့် ဒေသခံပြည်သူများနှင့် သံဃာတော်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိခိုသူ သားသမီး ၅၇ ဦးတို့ကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ဆေးကုသမှုခံယူနေသူများအနက် မေ ၃၁ ရက် ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း၌ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့မှ အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ပြီး မော်တော်ယာဉ်မီးရှို့ခံခဲ့ရသဖြင့် အပြစ်မဲ့ပြည်သူငါးဦးသေဆုံးခဲ့ရသည့် ဖြစ်စဉ်တွင် အသက်ဘေးမှ လွတ်မြောက်လာသည့် ကျန်းမာရေးဝန်ထမ်း အမျိုးသမီးကို သီးခြားထောက်ပံ့ငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် လောက်ကိုင်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ စစ်ဆေး



**လားရှိုး ဇွန် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် ယနေ့နံနက်ပိုင်းတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ လောက်ကိုင်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ပြည်သူများ၏ သတင်းအချက်အလက် သိပိုင်ခွင့်ဖြည့်ဆည်း ဆောင်ရွက်ပေးရေးနှင့် အသိပညာ ဖြန့်ဝေရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၊ ဟိုပန်မြို့၊ လောက်ကိုင်မြို့တို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ၍ ကျန်းမာရေးဂရုပြုဆောင်ရွက်ရန် ကိစ္စများ၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေးနှင့် မိမိတို့ လုပ်ငန်းတာဝန်များကို ရိုးသားကြိုးစားစွာ ထမ်းဆောင်ရေးကိစ္စများ၊ စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာနှင့် စွမ်းဆောင်ရည် ကောင်းမွန်စေရေး ကြိုးစားလေ့ကျင့်ဆောင်ရွက်ရန် လိုအပ်မှုများကို ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် အစားအသောက်များ ပေးအပ်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# လယ်ဝေးမြို့နယ် ချောင်းမငယ်ရေလှောင်တမံအတွင်း ငါးသားပေါက်များမျိုးစိုက်ထည့်



**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်တိုင်း ငါးလုပ်ငန်း ဦးစီးဌာနမှ သဘာဝမြစ်ချောင်း၊ ဆည်တမံများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာ ပိုမိုစားသုံးနိုင်ရေးအတွက် ငါးသားပေါက်များကို ဆည်တမံများအတွင်း မျိုးစိုက်ထည့်လျက်ရှိရာ ဇွန် ၁၃ ရက်က နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ချောင်းမငယ် ရေလှောင်တမံအတွင်း ငါးသားပေါက်မျိုးစိုက်ထည့်ပွဲ အခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွန့်ခင်၊ ညွှန်ကြားရေးမှူး ဦးမြင့်သူ၊ ညွှန်ကြားရေးမှူး ဒေါက်တာ ဦးအောင်နိုင်ဦး၊ ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းနှင့် တိုင်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေး (ညွှန်ကြားရေးမှူး)၊ ဆည်မြောင်းဦးစီးဌာနမှ AE ဦးခင်အောင်ထွန်း၊ တည်ဆောက်ရေး-၅ မှ ဦးကျော်ထိုက်နှင့် တာဝန်ရှိသူများ၊ ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ် ကွပ်ကဲရေးကော်မတီ အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ရေဆင်းငါးလုပ်ငန်း စခန်းတာဝန်ခံနှင့် ဝန်ထမ်းများမှ ၂ လက်မ အရွယ် ငါးမြစ်ချင်း ၅၀၀၀ နှင့် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀ စုစုပေါင်း ကောင်ရေ ၂၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

သတင်းစဉ်

# နေပြည်တော် ညဈေးတန်းများ ပြန်လည်ဈေးရောင်းချခွင့်ပြုခဲ့သည့်အတွက် ဈေးသည် ဈေးဝယ်များ အဆင်ပြေလျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်နယ်မြေအတွင်းရှိ ရပ်ကွက် ညဈေးတန်းများအား ပြန်လည်ဖွင့်လှစ်ဈေးရောင်းချခွင့်ပြုခဲ့သည့်အတွက် ဈေးရောင်းဈေးဝယ်ပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ညဈေးတန်းများအား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့်ကာလမှ စတင်ကာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်စေရေးအတွက် ဈေးရောင်းချခွင့်အား ယာယီပိတ်ထားခဲ့ရာမှ ၂၀၂၁ ခုနှစ် ဧပြီ ၁၉ ရက်တွင် ညဈေးတန်းများအား ပြန်လည်ဈေးရောင်းချခွင့်ပြုခဲ့ပြီး မွန်းလွဲ ၁ နာရီမှ ည ၈ နာရီအထိ ရောင်းချခွင့်ပြုခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနလက်အောက်ရှိ ဈေးများအား နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ဈေးရောင်းချ ခွင့်ပြုထားပြီး ဈေးများရှိ ပုံကျဈေးသည်များအား မွန်းတည့် ၁၂ နာရီအထိသာ ဖွင့်လှစ်ရောင်းချစေကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေတွင်း ညဈေးငါးဈေး ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ပြန်လည်ရောင်းချခွင့် ပြုလိုက်သည့်အတွက် ဈေးရောင်းချသူများနှင့် လာရောက်ဈေးဝယ်ကြသူများ အဆင်ပြေလျက်ရှိပြီး အေးချမ်းစွာ ရောင်းဝယ်ကြလျက်ရှိကြောင်း သိရသည်။

“ဈေးက ပိတ်လိုက်တာ တစ်နှစ်နီးပါးလေ၊ ညဈေးစဖွင့်ကတည်းက ရောင်းလာတာ၊ ပိတ်လိုက်တော့ မိသားစုစားဝတ်နေရေး အခက်အခဲဖြစ်ခဲ့တယ်၊ ဘယ်နေ့ပြန်ဖွင့်မလဲဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်မျှော်နေကြတဲ့ ညဈေးထွက် ဈေးသည်တွေ အများကြီးလေ၊ အခုလို ညဈေးတန်းပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပေးလို့ အလွန်ကျေးဇူးတင်ပါတယ်၊ ဈေးသည်အားလုံးကလည်း ပျော်ကြတာပေ့ါ”ဟု ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် မြို့မဈေးညဈေးတန်းတွင် အသုတ်စုံရောင်းချသူတစ်ဦးက ပြောသည်။

ပြန်လည်ဈေးရောင်းချခွင့်ပြုခဲ့သည့် ညဈေးတန်းများအား ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့် ဈေးရောင်းချစေခဲ့ပြီး သက်ဆိုင်ရာဈေးများ၏ အုပ်ချုပ်ရေးရုံးမှ စည်ပင်ဝန်ထမ်းများကလည်း အခါမလပ် ပါးစပ်၊ နှာခေါင်းစည်းနှင့် မျက်နှာအကာများ တပ်ဆင်ကြရန်နှင့် ကိုဗစ်-၁၉ ကာကွယ်ရေး ညွှန်ကြားချက်များအား လိုက်နာရန် ဈေးအတွင်း လိုက်လံဆော်သြမှုများ ပြုလုပ်ပေးကြောင်း သိရသည်။

“နေပြည်တော် ကောင်စီနယ်မြေအတွင်းက ဈေးတွေကတော့ ပုံမှန်ပါပဲ၊ရောင်းဝယ်နေကြတာ ကိုဗစ်-၁၉ လမ်းညွှန်ချက်တွေနဲ့အညီပေ့ါ၊ ပြန်လည်ဈေးရောင်းချခွင့်ပြုလိုက်တာက ခေတ္တယာယီ ပိတ်ထားတဲ့ ညဈေးငါးဈေးပါပဲ။ ညဈေးတန်းတွေမှာ ဆိုင်ခန်းပေါင်းက ၃၀၀ ကျော်တယ်၊ ပုဗ္ဗသီရိ ညဈေးကတော့ ဈေးဆိုင်ခန်း ၃၈၀ လောက်ရှိတယ်”ဟု သပြေကုန်းဈေးတာဝန်ခံက ပြောသည်။

ဖွင့်လှစ်ဈေးရောင်းချသည့် ညဈေးတန်းများတွင် အစားအသောက်၊ ဟင်းသီးဟင်းရွက်၊ အမဲ၊ ကြက်သား၊ ဘဲ၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ၊ အသီးအနှံ၊ အဝတ်အထည်နှင့် စားဖွယ်မျိုးစုံတို့အား ရောင်းချလျက်ရှိကြောင်းသိရပြီး တည်ငြိမ်အေးချမ်းစွာ ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သိရသည်။

သတင်း-မောင်ယဉ်ဦး

ဓာတ်ပုံ-လှိုင်ဇော်ဇော်



သပြေကုန်းညဈေးတန်း ပြန်လည်ဖွင့်လှစ်ရာ ဈေးရောင်းဈေးဝယ်များအား တွေ့ရစဉ်။

# အစိုးရပါဠိပထမပြန်စာမေးပွဲ အောင်မြင်တော်မူကြသော စာအောင်သံဃာတော်များအား စာအောင်လက်မှတ်များနှင့် နေ့ဆွမ်းဆက်ကပ်

**နေပြည်တော် ဇွန် ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့ မင်္ဂလာအနောက် ကျောင်းတိုက်၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် အစိုးရပါဠိပထမပြန် စာမေးပွဲ အောင်မြင်တော်မူကြသော စာအောင် သံဃာတော်များအား ဂုဏ်ပြုချီးမြှင့်ခြင်း စုဋ္ဌဘွဲ့နှင်းသဘင်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းတိုက်၌ ပြုလုပ်ရာ လွိုင်လင်မြို့ သာသနာဝိပုလ ဓာတ်တော်စာသင်တိုက် ပဓာနနာယက ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညာနန္ဒနှင့် လွိုင်လင်မြို့ ရတနာစည်စာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒတို့ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမိုးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လွိုင်လင်မြို့ သာသနာဝိပုလ ဓာတ်တော်စာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြသည်။



ထို့နောက် လွိုင်လင်မြို့ ရတနာစည်စာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာ တရားနာယူကြပြီး အစိုးရပါဠိ ပထမပြန် စာမေးပွဲ အောင်မြင်တော်မူကြသည့် စာအောင် သံဃာတော် ၂၅ ပါးကို တိုင်းမှူးနှင့် တာဝန်ရှိသူများက စာအောင်ဆုနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

အလားတူ ရခိုင်ပြည်နယ် အမ်းမြို့ ဝဏ္ဏိတာရာမ ပရိယတ္တိစာသင်တိုက်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော်များအား ဂုဏ်ပြုချီးမြှင့်ခြင်း စုဋ္ဌဘွဲ့နှင်းသဘင်ကို ယနေ့ နံနက်ပိုင်းတွင် အမ်းမြို့ ဓမ္မရက္ခိတကုန်း မြတ်စွယ်တော်ဓမ္မာရုံ၌ ပြုလုပ်ရာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌ ဂယ်လောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် တာဝန်ရှိသူများက မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ကြီးကြပ်ရေးအဖွဲ့ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော်ကိုးပါးနှင့် လူပုဂ္ဂိုလ်လေးဦးကို စာအောင်ဆုနှင့် အလှူငွေများလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❒ *ရွှေဖုံးမှ*

အဆိုပါ ရောဂါဖြစ်ပွားနေသည့်ဒေသများတွင် ကျန်းမာရေးဝန်ထမ်းအင်အား ဖြည့်ဆည်းနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၏ အကူအညီဖြင့် တွန်းဇံမြို့နယ်ရှိ ကျီခါးတိုက်နယ်ဆေးရုံ၊ တမူးမြို့ ခရိုင်ပြည်သူ့ဆေးရုံ၊ ကလေးမြို့ ပြည်သူ့ဆေးရုံကြီး၊ ကလေးဝမြို့ ပြည်သူ့ဆေးရုံနှင့် မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံတို့တွင် ဝန်ထမ်းအင်အား ဖြည့်ဆည်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် COVID-19 ရောဂါ ကူးစက်ခံရသူများ စောစီးစွာ ရှာဖွေဖော်ထုတ်ခြင်း၊ ဓာတ်ခွဲစစ်ဆေးမှု တိုးမြှင့်ဆောင်ရွက်ခြင်း၊နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသူများနှင့် ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများအား သတ်မှတ်ထားသောနေရာများတွင် စနစ်တကျအသွားအလာ ကန့်သတ်ထားရှိခြင်းစသည့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို သက်ဆိုင်ရာ နီးနွယ်ဌာနများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**





ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ ဖြစ်သည့် COVID-19 Antigen Test (RDT)၊ Kits များ၊ အောက်ဆီဂျင်ဆလင်ဒါများ၊ အောက်ဆီဂျင်စက်များ၊ တစ်ကိုယ်ရေ ကာကွယ်ရေးပစ္စည်းများ (PPE)၊ သွေးတွင်း အောက်ဆီဂျင်တိုင်း ကိရိယာများ (Pulse oximeter)၊ ပဋိဇီဝဆေးများအပါအဝင် အခြားဆေးနှင့်ဆေးပစ္စည်းများ၊ လူနာခုတင်များကို တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ယာဉ်တန်းနှင့်ပူးပေါင်း၍ ကလေးမြို့သို့ ပို့ဆောင်ခဲ့ရာ ဇွန် ၁၂ ရက် ညပိုင်းတွင် ရောက်ရှိပြီးဖြစ်သည်။

ဌာနသုံးမော်တော်ယာဉ် ထောက်ပံ့ပေးပြီးဖြစ်သည့်အပြင် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ အောက်ဆီဂျင်ထုတ်လုပ်စက်(Oxygen Plant)အား ပြန်လည်ပြင်ဆင်မွမ်းမံပြီးဖြစ်၍ ကလေးမြို့နယ်၊ တမူးမြို့နယ်တို့အတွက် အောက်ဆီဂျင် လိုအပ်ချက်နှင့်အညီ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိသည်။ အလားတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ၊ မီးစက်နှင့် စက်သုံးဆီများ၊ အခြားလိုအပ်သောပစ္စည်းများကိုလည်း ဆက်လက်ဖြည့်ဆည်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **(ဝဲပုံ)**

ကိုဗစ်-၁၉ စစ်ဆေးရာတွင် RT PCR နည်းဖြင့် စစ်ဆေးနိုင်ရန် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ရွေ့လျားဓာတ်ခွဲယာဉ်ကို ကလေးမြို့သို့ ပို့ဆောင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မုံရွာမြို့မှ ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်၍ ကလေးမြို့တွင် အခြေပြုကာ ဒေသခံအဖွဲ့အစည်းများ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများပါဝင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဇွန် ၁၃**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿမြောက်ပိုင်းကမ်းခြေနှင့် အနောက်ဘင်္ဂလားကမ်းခြေတို့အနီးတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၃**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။


မိုး/ဇလ

# အစဉ်လေးစားဖွယ်ကောင်းသည့် ကလောင်အစွမ်းဖြင့် ဉာဏ်အလင်းကို ဖွင့်ပေးကြသူများ (၂)

၆မ


စည်သူဦးထင်ဖတ် (မောင်ထင်)


စည်သူဦးငွေမောင် (ငွေမောင်)


စည်သူဦးလေးမြိုင်


ဆရာမကြီး ဒေါ်ရင်ရင်(စောမုံညှင်း)

### အမျိုးသားစာပေတစ်သက်တာဆုရှင် စည်သူဦးထင်ဖတ် (မောင်ထင်)

စာရေးဆရာကြီး မောင်ထင်မှာ တစ်ခေတ်တစ်ခါက မြန်မာစာပေလောကအတွင်း မသိသူမရှိ၊ ရှားမှရှားပညာရှင်တစ်ဦးဖြစ်ပါတယ်။ ဂါလီဗာ၏ခရီးစဉ် စာအုပ်နဲ့ အမျိုးသားစာပေဘာသာပြန်ဆုရရှိထားခဲ့တဲ့ မောင်ထင်ဟာ အထင်ရှားဆုံး လက်ရာဖြစ်တဲ့ ငဘနဲ့ မောက်ဂလိတို့လို ဝတ္ထုကြောင့်လည်း မြန်ပြည်တစ်လွှားက စာဖတ်သူအကြားမှာ နာမည်ကျော်ကြားခဲ့သူပါ။

လယ်သမားတွေရဲ့ဘဝကို သရုပ်ဖော်ကြတဲ့အထဲ အစောဆုံး လက်ရာ ငဘဝတ္ထုရဲ့ အစွမ်းကြောင့် အဲဒီအချိန်က လယ်သမားတွေကို ငဘကြီးတွေဆိုပြီး ပြည်သူတွေက သုံးနှုန်းခဲ့ကြပါတယ်။ ဒါတင်မကသေးပါဘူး၊ ငဘဝတ္ထုထဲက "ရာဇဝင်ကိုချွေးနဲ့ ရေးရမယ်ဆိုတော့ ငန်ငြိငြိနေတာပေါ့"ဆိုတဲ့ စကားရပ်ကလည်း လူအများ ပါးစပ်ဖျား တွင်ကျယ်ခဲ့ဖူးပါတယ်။ ငဘဝတ္ထုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန် စတဲ့ဘာသာတွေနဲ့လည်း ထုတ်ဝေခံခဲ့ရပြီး နိုင်ငံရပ်ခြားမှာလည်း လူကြိုက်များထင်ရှားခဲ့တဲ့ ဝတ္ထုဖြစ်ခဲ့ရပါတယ်။

ဒါ့အပြင် ဆရာကြီးမောင်ထင်ဟာ ကိုဒေါင်းဆိုတဲ့ ဇာတ်ကောင်ကိုလည်း ဖန်တီး မွေးဖွားပေးခဲ့သူပါ။ "ကိုဒေါင်းကား သေလေပြီ၊ ကိုဒေါင်းသက်တော်ရာကျော်ရှည်ပါစေသတည်း" စတဲ့ အရေးအသားတွေနဲ့ သရော်စာတစ်ခေတ်ကိုလည်း ထူထောင်ခဲ့တဲ့ စာရေးဆရာကြီး ဖြစ်ပါတယ်။ ဘက်စုံ ထူးချွန်တဲ့ဆရာကြီးဟာ ဘာသာပြန်ဆိုတဲ့နေရာမှာလည်း ထူးချွန်တဲ့ဆရာတစ်ဆူဖြစ်ခဲ့ပြီး သူ့ရဲ့ အနာဂတ္တိကျမ်းနဲ့ မိုးပေါ်သို့လိမ့်ကျခြင်း စတဲ့ဝတ္ထုတိုတွေဟာ သိပ်ကို နာမည်ကြီးခဲ့ပါတယ်။ ပြင်သစ်စာရေးဆရာ မိုပါဆွန်းရဲ့ လက်ရာတွေကိုလည်း ဆရာမောင်ထင်က ဘာသာပြန်ဆိုပြီး ပရိသတ်နဲ့ မိတ်ဆက်ပေးခဲ့သူပါ။

ဆရာမောင်ထင်ကို ၁၉၀၉ ခုနှစ် မတ်လက ဧရာဝတီတိုင်း လပွတ္တာမြို့နယ်မှာ မွေးဖွားခဲ့ပါတယ်။ အမည်ရင်းကတော့ ဦးထင်ဖတ် ဖြစ်ပါတယ်။ ဇာတိမြို့ ဦးခန္တီကျောင်းနဲ့ ဦးဘိုးထွန်းကျောင်းတွေမှာ ပညာသင်ယူခဲ့သူပါ။ အထက်တန်းပညာကိုတော့ ရန်ကုန်မြို့မ အမျိုးသားကျောင်းနဲ့ မြောင်းမြ အထက်တန်းကျောင်းတို့မှာ သင်ယူခဲ့ပါတယ်။ ၁၉၃၃ ခုနှစ်မှာတော့ ရန်ကုန်တက္ကသိုလ် ကနေ ဘီအေ(ဝိဇ္ဇာဘွဲ့)ကို ရရှိခဲ့ပြီး မြောင်းမြတိုင်းရင်းသား အထကကျောင်းမှာ အထက်တန်းပြဆရာ၊ မြို့ပိုင်၊ နိုင်ငံခြားရေးဌာန လက်ထောက်အတွင်းဝန်၊ အသံလွှင့်ဌာနညွှန်ကြားရေးဝန်၊ လူမှုဝန်ထမ်းဝန်ကြီးဌာန (ခေတ္တ)ရခိုင်တိုင်းမင်းကြီး၊ ၁၉၄၉ ခုနှစ်မှာပြန်ကြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး စသည်ဖြင့် ကျင်လည်အမှုထမ်းခဲ့သူဖြစ်ပါတယ်။ အစိုးရအမှုထမ်းဘဝ နုတ်ထွက်ခဲ့ပြီးနောက် ၁၉၅၀ – ၅၅ ခုနှစ်ကစလို့ ရန်ကုန်သတင်းစာအုပ်ချုပ်မှု အယ်ဒီတာ၊ စာပေဗိမာန်စွယ်စုံကျမ်း အတိုင်ပင်ခံ၊ လန်ဒန်တိုင်းသတင်းထောက်နဲ့ အလွတ်တမ်းသတင်းစာဆရာဘဝတို့ကို ၁၉၅၇–၇၇ ခုနှစ်များအထိ ဖြတ်သန်းခဲ့သူလည်း ဖြစ်ပါတယ်။

ထိုနှစ်များအတောအတွင်း မြန်မာနိုင်ငံ စာရေးဆရာအသင်းနဲ့ သတင်းစာဆရာအသင်းတို့မှာ ဥက္ကဋ္ဌတာဝန်တွေကိုလည်း ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာတော့ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသလို ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာလည်း သမိုင်းဖြစ်ရပ်မှန် ပြုစုရေးအဖွဲ့ဝင်ဖြစ်ခဲ့ပါတယ်။

အမျိုးသားစာပေဆု (ဘာသာပြန်)ကို ဂါလီဗာခရီးစဉ်နဲ့ ၁၉၈၁ ခုနှစ်မှာ ရရှိခဲ့သလို ၁၉၉၄ ခုနှစ်မှာ ပခုက္ကူဦးအုန်းဖေ တစ်သက်တာစာပေဆု၊ ၁၉၉၆ ခုနှစ်မှာ မိခင်မေတ္တာစာပေဂုဏ်ရည်ဆုတွေကို ရရှိခဲ့ပါတယ်။ အဲဒီလို မြန်မာစာပေအတွက် တစ်ဖက်တစ်လမ်းကနေ အကျိုးပြုခဲ့တဲ့ဆရာကြီးကို ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပါတယ်။ ဆရာကြီးဟာ အမျိုးသားစာပေတစ်သက်တာဆု (၂၀၀၂)ကို ၂၀၀၃ ခုနှစ်မှာ လက်ခံရရှိခဲ့ပြီး သုံးနှစ်အကြာ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှာ ကွယ်လွန်ပါတယ်။

### တိုက်ပွဲခေါ်သံ၊ အရေးတော်ပုံတို့ကို ဖန်တီးခဲ့သူ စည်သူဦးငွေမောင် (ငွေမောင်)

သွေးသောက်၊ ငွေတာရီ၊ သပြေနဲ့ သိပ္ပံမဂ္ဂဇင်းတွေမှာ အယ်ဒီတာအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၁၉၄၇ ခုနှစ်လောက်ကနေ ဘဝနေဝင်ချိန်မတိုင်မီအထိ ပင်ကိုရေး၊ ဘာသာပြန် ဝတ္ထုအတို/အရှည် စုစုပေါင်း ၁၀၀၀ ကျော် ရေးသားခဲ့သူ၊ သွေးသောက်၊ မြဝတီ၊ ငွေတာရီနှင့် သပြေမဂ္ဂဇင်းတွေအတွက် ၂၅ နှစ်တိုင်တိုင် ခေါင်းကြီးရေးသားခဲ့သူတစ်ဖြစ်လဲ အမျိုးသားစာပေ တစ်သက်တာဆုရှင် တစ်ဦးကတော့ စည်သူဦးငွေမောင် (ဆရာကြီး ငွေမောင်) ပဲဖြစ်ပါတယ်။

၁၉၂၇ ခုနှစ်က ဇာတိမြေ ချောက်မြို့မှာ မွေးဖွားခဲ့ပြီး စစ်ကြိုခေတ်အတွင်း ချောက်မြို့ အေးစေတီအထက်တန်းကျောင်းမှာ ပညာသင်ယူခဲ့သူပါ။ ဒုတိယကမ္ဘာစစ်အတွင်း ရေနံချောင်းမြို့မှာ ဂျပန်စစ်တပ်ကဖွင့်တဲ့ ဆေခိယုခေါ်ဂျောလို့ခေါ်တဲ့ အင်ဂျင်နီယာကျောင်းမှာ ပညာသင်ယူခဲ့ပါတယ်။ စစ်အတွင်း ချောက်မြို့၊ အရှေ့အာရှတိုက် လူငယ်များအစည်းအရုံးရဲ့ ဥဏ္ဏဗလမှူး၊ စစ်ပြီးခေတ် လူငယ်အစည်းအရုံး အမှုဆောင်တာဝန်တွေကို ထမ်းဆောင်ရင်း လူမှုရေးလုပ်ငန်းတွေ လုပ်ဆောင်ခဲ့ပါတယ်။

စာပေလောကထဲကိုတော့ ၁၉၄၇ ခုနှစ်မှာ စတင်ရောက်ရှိခဲ့ပါတယ်။ ဆရာကြီးရဲ့ ပထမဆုံးဝတ္ထုဖြစ်တဲ့ ၁၉၄၇ ခုနှစ် ဧပြီလ ၂၀ ရက်နေ့ထုတ် ပြည်သူ့ရဲဘော်ဂျာနယ်မှာဖော်ပြခဲ့တဲ့ သင်းတို့လောက ဝတ္ထုကနေတစ်ဆင့် စာပေလောကထဲကို ရောက်ရှိလာခဲ့ခြင်းဖြစ်ပါတယ်။ ထိုစဉ်က ရေနံမြေက ရဲဘော်၊ ရဲဘော်မောင်လှဆိုပြီး ကလောင်အမည်တွေနဲ့ ရေးသားခဲ့ပါတယ်။ ၁၉၄၈ ခုနှစ် မတ်လထုတ် ရှုမဝမဂ္ဂဇင်းမှာ "နု" ဝတ္ထုရှည်ကို ငွေမောင်အမည်နဲ့ စတင်ရေးသားခဲ့ပါတယ်။

အဲဒီနောက် ၁၉၅၂–၅၅ ခုနှစ်တွေမှာ သွေးသောက်မဂ္ဂဇင်းမှာ အယ်ဒီတာအဖြစ်၊ ၁၉၆၅–၇၈ ခုနှစ်အထိ မြဝတီနဲ့ ငွေတာရီမဂ္ဂဇင်းတို့မှာ အယ်ဒီတာအဖြစ်၊ ၁၉၈၀–၈၄ ခုနှစ်အထိ သပြေမဂ္ဂဇင်းနဲ့ ၁၉၈၅–၉၃ ခုနှစ်အထိ သိပ္ပံမဂ္ဂဇင်းမှာ အယ်ဒီတာအဖြစ် တာဝန်ယူခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှုဆောင်အဖြစ် လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း စာပေတာဝန်တွေကို ကျေပွန်ခဲ့သူလည်း ဖြစ်ပါတယ်။

ဆရာကြီး ဦးငွေမောင်ရဲ့ ထင်ရှားတဲ့ ဝတ္ထုတွေဖြစ်တဲ့ တိုက်ပွဲခေါ်သံ၊ အရေးတော်ပုံ စတဲ့ ဝတ္ထုတွေက နာမည်ကျော်ကြား လူကြိုက်များခဲ့တဲ့ စာအုပ်တွေဖြစ်ပါတယ်။ အရေးတော်ပုံဝတ္ထုဆိုရင် မစိန်တင် (မော်စကိုရေဒီယိုမှ ရုရှားအမျိုးသမီး)က ရုရှားဘာသာပြန်ဆို ထုတ်ဝေရာမှာ အုပ်ရေ ငါးသောင်း ထုတ်ဝေနိုင်ခဲ့ပါတယ်။

၁၉၆၄ ခုနှစ်မှာ အရေးတော်ပုံဝတ္ထုနဲ့ အမျိုးသားစာပေဆု(ဝတ္ထုရှည်) ဒုတိယ ရရှိခဲ့ပြီး ၁၉၆၅ ခုနှစ်မှာ တိုက်ပွဲခေါ်သံဝတ္ထုနဲ့ အမျိုးသားစာပေဆု(ဝတ္ထုရှည်) ပထမဆုကိုရရှိခဲ့သူပါ။ ၂၀၀၃ ခုနှစ်အတွက် နိုင်ငံတော်ကချီးမြှင့်တဲ့ အမျိုးသားစာပေတစ်သက်တာဆုကို ဆရာကြီး ဦးငွေမောင် ရရှိခဲ့ပါတယ်။ ဆရာကြီး ကွယ်လွန်သွားခဲ့ပေမယ့် ဆရာကြီးရဲ့ စာပေတွေကတော့ ယနေ့တိုင်ပြည်သူများအကြား အမှတ်ရ ရှင်သန်ဆဲဖြစ်ပါတယ်။

### စာပေသတ္တိဖြင့် ရှင်သန်သူ အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး စည်သူဦးလေးမြိုင်

ဘဝတစ်လျှောက်လုံးကို စာပေနယ်အတွင်း မြှုပ်နှံရင်း အချိန်ပေးခဲ့သူ၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် မြန်မာစာပေကဏ္ဍကို ကျရာဘက်မှ မြှင့်တင်ပေးရင်း ပြည်သူများ၏ ဉာဏ်ပညာမျက်စိကို ဖွင့်ပေးခဲ့သူအဖြစ် ဆရာကြီး စည်သူ ဦးလေးမြိုင်အား ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို နိုင်ငံတော်က ချီးမြှင့်ခဲ့ပါတယ်။ ဆရာကြီးက ယနေ့တိုင် သက်ရှိထင်ရှားရှိနေဆဲ အသက် ၉၈ နှစ်အရွယ် အမျိုးသားစာပေတစ်သက်တာ ဆုရှင်တစ်ဦးလည်းဖြစ်သလို စာပေဗိမာန်တစ်သက်တာ စာပေဆုရှင်တစ်ဦး လည်းဖြစ်ပါတယ်။ ဆရာကြီးရဲ့ စာပေတာဝန်ဖြတ်သန်းမှုတွေနဲ့ပတ်သက်လို့ ၂၀၁၈ ခုနှစ်မှာ လေးမြိုင်– စာပေ သတ္တိဖြင့် ရှင်သန်သူဆိုတဲ့ အတ္ထုပ္ပတ္တိစာအုပ်ကို စာရေးဆရာမကြီး မသန်းသန်း (မန်းတက္ကသိုလ်) က ရေးသားခဲ့ဖူးပါတယ်။

ဆရာကြီးကို ၁၉၂၄ ခုနှစ်က သာစည်မြို့နယ် ဟံဇားကျေးရွာမှာ မွေးဖွားခဲ့ပြီး ဟံဇားရွာ ဘုန်းတော်ကြီးကျောင်းမှာ ပညာသင်ကြားခဲ့ပါတယ်။ ၁၉၃၆ ခုနှစ်မှာ ရှင်သာမဏေ၊ ၁၉၄၄ ခုနှစ်မှာ ရဟန်းအဖြစ် ရောက်ရှိခဲ့ပြီး ၁၉၄၆ ခုနှစ်မှာ ပထမငယ်တန်းကို အောင်မြင်ခဲ့သူ ဖြစ်ပါတယ်။

> ◆ လယ်သမားတွေရဲ့ဘဝကို သရုပ်ဖော်ကြတဲ့အထဲ အစောဆုံးလက်ရာ ငဘဝတ္ထုရဲ့ အစွမ်းကြောင့် အဲဒီအချိန်က လယ်သမားတွေကို ငဘကြီးတွေဆိုပြီး ပြည်သူတွေက သုံးနှုန်းခဲ့ကြပါတယ်။ ဒါတင်မကသေးပါဘူး၊ ငဘဝတ္ထုထဲက "ရာဇဝင်ကိုချွေးနဲ့ ရေးရမယ်ဆိုတော့ ငန်ငြိငြိနေတာပေါ့"ဆိုတဲ့ စကားရပ်ကလည်း လူအများပါးစပ်ဖျား တွင်ကျယ်ခဲ့ဖူးပါတယ်။ ငဘဝတ္ထုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန် စတဲ့ဘာသာတွေနဲ့လည်း ထုတ်ဝေခံခဲ့ရပြီး နိုင်ငံရပ်ခြားမှာလည်း လူကြိုက်များထင်ရှားခဲ့တဲ့ ဝတ္ထုဖြစ်ခဲ့

စာမျက်နှာ ၁၀ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်ရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် သက်ကြီးရွယ်အိုများအား ထောက်ပံ့

**နေပြည်တော် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွားများအား ထောက်ပံ့ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပြည်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးအောင်မင်းတို့က ထောက်ပံ့ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၁၁ ခုသို့ ထောက်ပံ့ငွေကျပ် ၈၇၄ ဒသမ ၅ သိန်း၊ အသက်(၈၅) နှစ်နှင့်အထက် သက်ကြီးရွယ်အို ၁၅၇၁၄ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၄၇၁၄ ဒသမ ၂ သိန်း၊ ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၅၅၈၈ ဒသမ ၇ သိန်း ကို ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ (ယာပုံ)

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးအောင်မင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ဘိုးဘွားရိပ်သာများ၊ ပရဟိတဂေဟာများနှင့် လူမှုရေးပင်စင် ထောက်ပံ့ငွေများကို သက်ဆိုင်ရာကိုယ်စားလှယ်များထံ ဆက်လက် ထောက်ပံ့ပေးအပ်ခဲ့ကြပြီး တက်ရောက်လာသူများကိုယ်စား သီရိခေတ္တရာ ဘိုးဘွားရိပ်သာဂေဟာ အုပ်ချုပ်ရေးမှူး ဦးတင်စောက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

### လက်ဝယ်အရောက် ထောက်ပံ့

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ဘိုးဘွားများ လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်နှင့်သာယာဝတီခရိုင်အတွင်းရှိ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်ပြီးပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူ




များသည် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်)သို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က စခန်းအခြေပြုမူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၂၁) မှ သင်တန်းသားများ၊ တာဝန်ရှိသူများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသားများ၏ နေထိုင်စားသောက်မှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါစခန်းအတွင်း (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် “Star Vigour Company Limited” တာဝန်ယူဆောက်လုပ်မည့် အလျား ၁၄၄ ပေ၊ အနံပေ ၄၀၊ အမြင့် ၂၄ ပေရှိ RCC နှစ်ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ကလေးဝမြို့နှင့် ကလေးမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်

**နေပြည်တော် ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ဇွန် ၁၂ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များက ကလေးဝမြို့နယ်ခန်းမ၌ တွေ့ဆုံ၍ ကြက်ဥအလုံး ၅၀၀၊ ကုလားပဲ ပိဿာ ၅၀၊ ရွှေဖီဦး လက်ဖက်ခြောက်ထုပ်အထုပ် ၅၀၊ စားသောက်ဖွယ်ရာများနှင့် နှာခေါင်းစည်းအခု ၅၀၀၀ တို့ကို ပေးအပ်ရာ ကလေးဝမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့် ဒေသခံပြည်သူများက လက်ခံရယူကြသည်။ (အပေါ်ပုံ)




အလားတူ ယနေ့တွင် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် နှင့်အဖွဲ့ဝင်များသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်ခန်းမ၌ ကလေးမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ကြက်ဥအလုံး ၁၀၀၀၊ ကုလားပဲ ပိဿာ ၁၀၀၊ ရွှေဖီဦးလက်ဖက်ခြောက် အထုပ် ၃၀၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဖြစ်သည့် Surgical Gown (E) အစုံ ၁၀၀၀၀၊ Surgical Cap အခု ၉၀၀၀၊ Surgical Mask အခု ၂၀၃၀၀၀၊ Exam Glove ဗာ ၅၀၊ Pluse Oxymeter အခု ၅၀၀၊ N 95 Mask အခု ၅၀၀၀၊ Bleaching Powder ၁၀ ပုံး၊ PPE Fullset အစုံ ၄၈၀၀၊ Goggle အခု ၁၀၀၀၊ Virak Transport Medium(VTM) အခု ၅၀၀၀၊ Body Bag အခု ၅၀၊ Apron အခု ၄၀၀၀၊ Hand Gel ဘူး ၁၀၀၀ တို့ကို ပေးအပ်ရာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် ဒေသခံပြည်သူများက လက်ခံရယူကြသည်။

### ကျန်းမာရေးစောင့်ရှောက်

ထို့ပြင် ကလေးခရိုင်အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်ဆေး ကုသရေးအဖွဲ့က COVID-19 ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်ရွှေမှော်များလုပ်ကိုင်နေမှုကြောင့် လယ်ရေသောက်ဆည်သုံးခု ပျက်စီးခဲ့သဖြင့် တောင်သူများ ရေအခက်အခဲကြုံ



**ဗန်းမောက် ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံကပ်အုပ်စု ရေတွင်းကုန်းကျေးရွာအနီးရှိ လယ်ယာမြေများနှင့် မံလုံချောင်းတို့တွင် ယခုအခါ တရားမဝင်ရွှေမှော်များကို လုပ်ကိုင်သဖြင့် နန့်တုံနုံဆည်နှင့် အခြား ဆည်နှစ်ခု ဖျက်ဆီးခံရ၍ ဒေသခံတောင်သူလယ်သမားများ လယ်ရေရရှိရေးအခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

မိုးရာသီစပါးစိုက်ပျိုးချိန်ရောက်ရှိပါက အဆိုပါဆည် သုံးခုကို လယ်ယာမြေဧက ၃၀၀ ကျော်ကို ရေသွင်းရန် အဓိကတည်ဆောက်ထားခြင်းဖြစ်ပြီး ယခုအချိန်တွင် ရွှေမှော်လုပ်ကိုင်နေမှုများကြောင့် ဆည်များ ပျက်စီးသွားခဲ့ကာ ရေလိုအပ်ချိန်၌ ရေလုံလောက်စွာမရမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

တရားမဝင်ရွှေမှော်လုပ်ကိုင်မှုကြောင့် ဆည်သုံးခု ပျက်စီးသွားခဲ့ပြီး လယ်ယာမြေအတွက် ရေအခက်အခဲဖြစ်နိုင်ကြောင်း၊ သက်ဆိုင်ရာသို့ တင်ပြထားကြောင်း ဒေသခံတောင်သူ တစ်ဦးဖြစ်သူ စိုင်းကျော်ရင်က ပြောသည်။

ယခင် ၁၅နှစ်ကျော်က ရွှေသတ္တုတူးဖော်သောကုမ္ပဏီများနှင့် တရားမဝင်ရွှေမှော် လုပ်ကိုင်ကြသူများသည် တောတောင်များ၊ မြေလွတ်မြေရိုင်းများနှင့် သစ်တောကြိုးပြင်တောများတွင် လုပ်ကိုင်လာကြရာ သဘာဝတောတောင်၊ လျှိုမြောင်စိမ့်စမ်းဂေဟစနစ်များ ပျက်စီးခဲ့ကြရကြောင်း၊ ယခုအခါတွင် ရွှေလုပ်ငန်းလုပ်ကိုင်ရန် နေရာမရှိသောကြောင့် လယ်ယာချောင်း၊ မြောင်းများတို့ကို သိန်းရာချီပေးဝယ်ကာ ရွှေလုပ်ငန်းကို တွင်ကျယ်စွာလုပ်ကိုင်မှုများရှိနေကြောင်း သိရသည်။ **လှိုင်ဘွား(ဗန်းမောက်)**

# ဖြတ်သန်းပြီးမြောက်ခဲ့သည့် လေးလတာခရီး...

ကနောင်

**အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဟူသော ဆိုရိုးစကားရှိခဲ့သည်။ အချိန်သည် တစ်ရွေ့ရွေ့နှင့် မရပ်မနားခရီးနှင်နေဆဲဖြစ်သည်။ မိမိတို့နိုင်ငံကို အရေးပေါ်အခြေအနေကြေညာကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်မောင်းနှင်၍ ဖြတ်သန်းလာခဲ့သည်မှာ ယခုဆိုလျှင် လေးလတာခရီးကို လွန်မြောက်ခဲ့ပြီဖြစ်သည်။**

လေးလတာအတွင်း နိုင်ငံတော်အစိုးရက ပြည်သူများအတွက် အကျိုးပြုလုပ်ငန်းများက မျှော်မှန်းသည်ထက်ပင်များပြားလွန်းလှသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို မပြိုကွဲမပျက်စီးရအောင်၊ တိုင်းရင်းသားပြည်သူများအကျိုးစီးပွား မယုတ်လျော့အောင်၊ တိုင်းပြည်၏ အန္တရာယ်ရန်စွယ်များ ပျက်သုဉ်းအောင်နှင့် မီးစမီးနများ ငြိမ်းအေးအောင်၊ ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ကြရသည်နှင့်အတူ တိုင်းပြည်အကျိုး၊ နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ကာ နိုင်ငံတော်အခြေမယိုင်လဲအောင်၊ တိုးတက်ဖွံ့ဖြိုးမှုကို ဆတိုးရရှိအောင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထမ်းဆောင်ရသူ အကြီးအကဲများအဖို့ တာဝန်ဝတ္တရားများက ညွှန်းပြမကုန်နိုင်အောင်ပင် ရှိနေခဲ့ပြီဖြစ်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မေလ ၆ ရက်က ကျင်းပသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၆/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်ပါ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက်များကို တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိသည့်အပြင် ရှေ့လုပ်ငန်းစဉ်ငါးရပ်တို့ကိုလည်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်း ဖော်ဆောင်နေသည်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် ဆူးငြောင့်ခလုတ်ကန်သင်းများကို တိုင်းပြည်နှင့် တိုင်းရင်းသားလူမျိုးအားလုံး အနာတရ မဖြစ်စေဖို့၊ ထိခိုက်မှု အနည်းဆုံးဖြစ်စေဖို့ ရည်ရွယ်ဆောင်ရွက်နေတာကိုလည်း မြင်တွေ့ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ချက်များစွာအနက်မှ မေလတစ်လတာအတွင်း နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးများစေသည့် ဆောင်ရွက်ချက်များကို ပြည်သူများထံ ကောက်နုတ်တင်ပြလိုက်ရပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစည်းအဝေးများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၆/ ၂၀၂၁) ကို မေလ ၆ ရက်က ကျင်းပခဲ့ပြီး အစည်းအဝေးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် ကျေးလက်နေပြည်သူများဖြစ်ကြသည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြှင့်တင်ရန်၊ အရည်အချင်းရှိသည့် လူငယ်များအား ပညာရပ်အလိုက် လူမှန်နေရာမှန်ရောက်အောင် ဆောင်ရွက်ပေးရမည့် အစီအမံများနှင့် နိုင်ငံ၏ မြေယာမူဝါဒနှင့်ပတ်သက်၍ အလေးအနက်ထားဆောင်ရွက်ကြရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှု မြင့်မားလာစေရန်၊ နိုင်ငံ့ဝန်ထမ်းများ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် အရည်အသွေးမြှင့်တင်ရန် စသည်ဖြင့် နိုင်ငံအတွက် လိုအပ်ချက်များကို မိန့်ကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၇/ ၂၀၂၁)ကို မေလ ၂၀ ရက်တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်ထောင်စုဝန်ကြီးများမြို့နယ်၊ ခရိုင်အဆင့်အထိ ကွင်းဆင်းဆောင်ရွက်နေသည်မှာ ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မူဝါဒကိုသာ ချမှတ်ပေးပြီး ဝန်ကြီးဌာနများက အကောင်အထည်ဖော်ရခြင်းအပေါ် ရှင်းလင်းပြောကြားခဲ့ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအချင်းချင်းလည်း တိုင်ပင်ညှိနှိုင်းဆွေးနွေးအကြံပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲစာရင်းတွေ့ရှိမှုများ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ မဲမသမာမှု အခြေအနေမှန်များကို ဌာနဆိုင်ရာဝန်ထမ်းများ သိရှိရန် ပြောကြားစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့အတူ ပြည်တွင်းစက်မှုလုပ်ငန်းများ ပြန်လည်ဦးမော့လာစေမည့် အစီအမံများဖြစ်သည့် နိုင်ငံပိုင်အထည်ချုပ်စက်ရုံ၊ ဝါစက်ရုံနှင့် နိုင်ငံပိုင်ဆေးဝါးစက်ရုံစသည်တို့ ပြန်လည်လည်ပတ်စေခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေနိုင်မည့် အခြေအနေ၊ ပုဂ္ဂလိကသို့ ငှားရမ်းထားသော စက်ရုံအလုပ်ရုံများကိုလည်း မူလစာချုပ်ပါ လုပ်ငန်းတာဝန်များအတိုင်း ဆောင်ရွက်မှု ရှိ၊ မရှိ စိစစ်၍ စည်းကမ်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ သဘာဝဘေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ အများပြည်သူပို့ဆောင်ရေးစနစ် အားကောင်းစေရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချနိုင်စေရေးနှင့် လျှပ်စစ်ဓာတ်အားများ တရားမဝင် ရယူသုံးစွဲမှုများကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ လျှပ်စစ်ဓာတ်အားခများ သတ်မှတ်နှုန်းထားနှင့် သတ်မှတ်ချိန်အလိုက် ကောက်ခံရရှိရေး စသည့်အကြောင်းအရာများကို ထည့်သွင်းဆွေးနွေးခဲ့ကြပါသည်။

> ❍ ကျောင်းသား ကျောင်းသူများ ပညာတတ်မြောက်စေရန်အတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးရန် ကြိုးပမ်းခြင်းဖြစ်ပြီး နှောင့်ယှက်ဆောင်ရွက်နေမှုများသည် တိုင်းပြည်ဖျက်နေသည့် လုပ်ရပ်ဖြစ်ပြီး ဆိုးရွားသော လုပ်ဆောင်ချက်ဖြစ်ကြောင်း၊ အဖျက်လုပ်ငန်းဆောင်ရွက်နေမှုများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်သွားရန်လို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁)ကို မေလ ၁၀ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ မဲစာရင်းမှားယွင်းမှုများနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်နှစ်ခုတွင် စစ်ဆေးပြီးစီးခဲ့ရာ မဲမသမာမှုများနှင့် အရေးယူဆောင်ရွက်မည့်အခြေအနေများအား ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ပေးရန်ရှိနေကြောင်း၊ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်ပြီး အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံအနေဖြင့်လည်း သတိထားဆောင်ရွက်ရမည့် အခြေအနေများ၊ COVID-19 ကာကွယ် ဆေးထိုးနှံမှု မိမိတို့နိုင်ငံတွင် ၁ သန်း ၉ သိန်းကျော် ထိုးနှံပြီး အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ယခုနောက်ပိုင်း ဆူပူမှုများ အရှိန်ကျလာသော်လည်း ဘဏ်များ ထိခိုက်အောင် နိုင်ငံရေးအရ ဆောင်ရွက်လာသည်များရှိသဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အားသာချက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစေရေး၊ နိုင်ငံအတွက် အဓိကကျသည့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် SME နှင့် သမဝါယမလုပ်ငန်းများကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် SME နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရန်လိုပြီး ထုတ်ကုန်များအား သမဝါယမစနစ်ဖြင့် တိုက်ရိုက်ရောင်းချနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လမ်းညွှန်ခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

ကျောင်းသား ကျောင်းသူများ ပညာတတ်မြောက်စေရန်အတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးရန် ကြိုးပမ်းခြင်းဖြစ်ပြီး နှောင့်ယှက်ဆောင်ရွက်နေမှုများသည် တိုင်းပြည်ဖျက်နေသည့် လုပ်ရပ်ဖြစ်ပြီး ဆိုးရွားသောလုပ်ဆောင်ချက်ဖြစ်ကြောင်း၊ အဖျက်လုပ်ငန်းဆောင်ရွက်နေမှုများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်သွားရန်လိုကြောင်း ဆွေးနွေးလမ်းညွှန်ခဲ့ပါသည်။ ထို့ပြင် ကောင်စီဝင်များ၏ နိုင်ငံတော်အတွက် အကြံပြုချက်များ၊ ဆွေးနွေးညှိနှိုင်းချက်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ညှိနှိုင်းအဖြေရှာ ဆွေးနွေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၁/၂၀၂၁)ကို မေလ ၂၄ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မိမိတို့တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးအရ ဆန္ဒပြမှုများရှိလာကြောင်း၊ တာဝန်ယူရသည့် အခြေအနေအား အကြိမ်ကြိမ်ရှင်းလင်းပြောကြားထားသော်လည်း နားလည်သဘောပေါက်သူများ ရှိသကဲ့သို့ နားမလည်သူများလည်း ရှိကြောင်း၊ ယခုအခါ ဆူပူသောင်းကျန်းမှုများမှ တစ်ဆင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လာကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများ၏ နယ်မြေများအတွင်း ဖောက်ခွဲဖျက်ဆီးရေး

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မေလ ၁၈ ရက်က မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) စက်ရုံအတွင်း လူစီးတွဲများ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစဉ်။

ဆောင်ရွက်မှသာ မိမိတို့ နိုင်ငံ၏ စာရင်းဇယား အချက်အလက်များ မှန်ကန်ပြီး ရရှိသည့် စာရင်းဇယားများ အရည်အသွေး ပြည့်ဝနေမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ၏ ယုံကြည်စိတ်ချမှု၊ ပြည်သူများမှ သတင်းအချက်အလက်များအပေါ်တွင် အားကိုးဆောင်ရွက်မှု၊ ဗဟိုအဆင့် နိုင်ငံတစ်ဝန်းလုံး၏ အချက်အလက်များအား ကြည့်ရှု၍ လမ်းညွှန်မှုများ မှန်မှန်ကန်ကန်ဖြင့် ဆုံးဖြတ်နိုင်မည်ဖြစ်ပါကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

**နိုင်ငံတကာနှင့်ဒေသတွင်းဆက်ဆံရေး အလေးထား**

(၂၄) ကြိမ်မြောက် အာဆီယံ + ၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို မေလ ၃ ရက်မှ ၅ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ကိုဗစ်ကာလအတွင်း မြန်မာအစိုးရအနေဖြင့် စီးပွားရေး (NVC) များ စိစစ်ထုတ်ပေးခဲ့သည်ကို မြင်တွေ့ရသည်။

အာရှ – ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – AP JG) က မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (Anti–Money Laundering and Countering the Financing of Terrorism–AML/CFT) လုပ်ငန်းစဉ်များအပေါ် အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်ချက်များ ဆွေးနွေးခြင်းဆိုင်ရာ အစည်းအဝေးကို မေ ၁၁ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်၍ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများ ဆွေးနွေးပြောကြားရာတွင် ငွေကြေးခဝါချမှု

*စာမျက်နှာ ၈ မှ*

သင်တန်းများ တက်ရောက်ခြင်း၊ မတရားအသင်းအဖြစ် ကြေညာထားသည့် CRPH ၊ NUG တို့မှ PDF များ ဖွဲ့စည်း၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ပြီး ဖျက်ဆီးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာကြကြောင်း၊ ပြည်သူများ လုံခြုံရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကား၌ ထည့်သွင်းပြောကြားသည်။

မိမိတို့ကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံအတွင်း စားရေရိက္ခာပေါများစေရန်၊ ယိမ်းယိုင်နေသည့် စီးပွားရေးများ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံရှိလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပစ်ပယ်ထား၍ မရကြောင်း၊ ကျေးလက်စီးပွားရေး မြှင့်တင်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး ဆင်းရဲချမ်းသာကွာဟမှုကို လျှော့ချရေး ဆောင်ရွက်ရာတွင် ပြည်နယ်များကို ဦးစားပေး ဆောင်ရွက်နေကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘဏ်လုပ်ငန်းများနှင့် ငွေကြေးစီးဆင်းမှုများကို ပြည်သူလူထု ယုံကြည်မှုရှိအောင် ဆောင်ရွက်နေမှု၊ အခွန်စနစ်အပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မှု၊ မီဒီယာတုံ့ပြန်မှု လျင်မြန်အောင် ဆောင်ရွက်နေမှု၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားခွင့်ရအောင် ဆောင်ရွက်နေမှု အပါအဝင် နိုင်ငံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းပေးခဲ့ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၁/၂၀၂၂) အစည်းအဝေးကို မေလ ၂၇ ရက်က ကျင်းပခဲ့ပြီး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားခဲ့သည်။ အစည်းအဝေးအပြီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက မိမိတို့ ကော်မတီအနေဖြင့် ပြီးပြည့်စုံသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်စေရန် စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ပြီး စီမံချက်အပေါ်တွင် လက်တွေ့ဆောင်ရွက်ကြရမည့် ဌာနဆိုင်ရာများ၊ စစ်ဘက်၊ နယ်ဘက်များမှ တာဝန်ရှိသူများက အချိန်နှင့် တစ်ပြေးညီ စီမံချက်ပါအတိုင်း ဆောင်ရွက်နိုင်ရေးနှင့် လက်တွေ့ ဇာတ်တိုက်လေ့ကျင့်မှုများတွင် ပြည်သူများ ပါဝင်လာစေသည်အထိ စည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးကို မေလ ၂၈ ရက်က ကျင်းပခဲ့ပြီး စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ



မေ ၂၂ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား တောင်ပြိုလက်ဝဲစခန်း၌ NV Card ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေစဉ်။

**● နိုင်ငံအတွင်း စားရေရိက္ခာပေါများစေရန်၊ ယိမ်းယိုင်နေသည့်စီးပွားရေးများ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပစ်ပယ်ထား၍ မရကြောင်း၊ ကျေးလက်စီးပွားရေး မြှင့်တင်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး ဆင်းရဲချမ်းသာကွာဟမှုကို လျှော့ချရေးဆောင်ရွက်ရာတွင် ပြည်နယ်များကို ဦးစားပေး ဆောင်ရွက်နေ**

ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမျိုးသားစာရင်းအင်းဆိုင်ရာ မူဝါဒ ၆ ရပ်ကို မူလက ချမှတ်ခဲ့ကြောင်း၊ စာရင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီသည် ၂၀၁၃ ခုနှစ်ကပင် ဆောင်ရွက်လာခဲ့သည့် ကော်မတီဖြစ်သည့်အတွက် ရှိပြီးသားဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ရန်ကျန်ရှိသည့် အချက်အလက်များကို မြန်မြန်ဆန်ဆန် သွက်သွက်လက်လက်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ စာရင်းများ တိတိကျကျ ကောက်ယူနိုင်ရန် အပြည့်အဝ ပူးပေါင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အစီအမံများကို အဆိုပါအစည်းအဝေးအတွင်း တာဝန်ရှိသူများက ထည့်သွင်းပြောကြားနိုင်ခဲ့သည်ကို မြင်တွေ့ရသည်။

မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အရ နေရပ်စွန့်ခွာသူများသည် ၎င်းတို့ဆန္ဒအရ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးနှင့် ၎င်းတို့၏ ရေရှည်ဘဝရပ်တည်ရေးတို့ အပါအဝင် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည့်အပြင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို မေလ ၂၂ ရက်က မြင်တွေ့ရသည်။ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသော နေရပ်စွန့်ခွာသူများမှ အခက်အခဲအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက် နေထိုင်လိုသဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD/CHRD) ကော်မတီသို့ ဆက်သွယ်၍ မိမိအစီအစဉ်ဖြင့် မိသားစုအလိုက် ပြန်လည်ဝင်ရောက်လာခဲ့ရာ ယနေ့အထိ စုစုပေါင်း ၇၉၀ စိစစ်လက်ခံခဲ့ပြီး တာဝန်ရှိသူများက နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား ဆိုင်ရာအန္တရာယ်များကို နားလည်စေရေးအတွက် ကြီးကြပ်ရေးအာဏာပိုင်များနှင့် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခြင်း၊ ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (DNFBPs) အတွက် ဆုံးရှုံးနိုင်ခြေ အန္တရာယ်အခြေပြု လမ်းညွှန်ချက်ထုတ်ပြန်ခြင်း၊ ပြည်ပငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအား လိုင်စင်ထုတ်ပေးမှုနှင့် ကြီးကြပ်စစ်ဆေးရေး ဆောင်ရွက်ထားရှိမှု၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ငွေကြေးခဝါချမှုဆိုင်ရာ ပြစ်မှုများအား စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများအား နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့်အညီ ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် တိုးတက်ဆောင်ရွက်မှုများ နှစ်ဖက်အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

(၄၉) ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ ဒါရိုက်တာအဖွဲ့ဝင်များ အစည်းအဝေးကို မေလ ၂၄ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌမှ *စာမျက်နှာ ၁၀ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

*စာမျက်နှာ ၆ မှ*

ထို့နောက် ရဟန်းဘဝနဲ့ အမရပူရမြို့ကို ပြောင်းရွှေ့ပညာသင်ယူနေဆဲမှာ မန္တလေး သူရိယသတင်းစာမှာ မမေ့တဲ့နိုင်အမည်ရှိဆောင်းပါးကို စန်းယုအောင်ကလောင်နဲ့ စတင်ရေးသားခဲ့ပြီး အဲဒီသတင်းစာမှာ ဝတ္ထု၊ ဆောင်းပါးစတာတွေကို ဆက်လက်ရေးသားခဲ့ပါတယ်။

၁၉၅၀ ပြည့်နှစ်မှာတော့ ပထမလတ်တန်း၊ ၁၉၅၂ ခုနှစ်မှာ ပထမကြီးတန်းကို အောင်မြင်ပြီး မန္တလေးအလွတ် ပညာသင်ကျောင်းတွေမှာ သင်္ချာနဲ့ အင်္ဂလိပ်ဘာသာတွေကို သင်ယူတတ်မြောက်ခဲ့သူပါ။ ၁၉၅၃ ခုနှစ်မှာ ဘိုးဝဇီရစာပေဆိုတဲ့ လုံးချင်းစာအုပ်ကို စန်းယုအောင်အမည်နဲ့ ရေးသားခဲ့တာအပြင် မန္တလေးမြို့က ရုပ်စုံစာပေဂျာနယ်မှာ အယ်ဒီတာအဖြစ်၊ ၁၉၅၅ ခုနှစ်မှာ ရှင်လိုင်ပြန်လေးမြိုင်ဘဝနဲ့ ရန်ကုန်သို့ရောက်ရှိခဲ့ပြီး ရှုမဝမဂ္ဂဇင်း၊ ပေဖူးလွှာမဂ္ဂဇင်းနဲ့ မြဝတီမဂ္ဂဇင်း၊ ကြေးမုံသတင်းစာတို့မှာ အယ်ဒီတာပညာ၊ စာပြင်ဆရာ ပညာတွေကို ဆည်းပူးသင်ကြားရင်း တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

၁၉၇၂ ခုနှစ်မှာ ငွေတာရီမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၇၇ ခုနှစ်မှာတော့ မြဝတီစာပေတိုက်၏ ဒုတိယအယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဗုဒ္ဓ၏ ဥပမာတစ်ထောင်၊ ထေရီထေရာ၊ ဗုဒ္ဓ၏ဝါဒစစ်ပွဲများ စာအုပ်တွေကို ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ ရေးသားထုတ်ဝေခဲ့ပါတယ်။ ဆရာကြီး လေးမြိုင်ဟာ ၁၉၈၀ ပြည့်နှစ်တွေမှာ မဟော်သဓာဖြတ်ထုံးနဲ့ လောကကြေးမုံစာအုပ်၊ စကားကြီးဆယ်မျိုး စာအုပ်တွေကို ဦးကြီးမြိုင်၊ လေးမြိုင် စတဲ့ ကလောင်အမည်များနဲ့ ရေးသားခဲ့ပါတယ်။

၁၉၉၀ ပြည့်လွန်နှစ်တွေမှာ ရန်ကုန်မြို့တော်မဂ္ဂဇင်းမှာ အတိုင်ပင်ခံအယ်ဒီတာ၊ ဓမ္မရုံသီနဲ့ ဓမ္မရတနာမဂ္ဂဇင်းမှာ အယ်ဒီတာချုပ် စတဲ့တာဝန်တွေအပြင် ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့နာယကအဖြစ် လည်းကောင်း၊ လေးမြိုင်ဓမ္မပူဇာစာပေဆု တည်ထောင်၍လည်းကောင်း စာအုပ် ၁၂ အုပ်ကို ဆုချီးမြှင့်ပေးနိုင်ခဲ့ပါတယ်။ ဆရာကြီးကိုတော့ နိုင်ငံတော်က စာပေဆိုင်ရာ အမြင့်ဆုံးဆုဖြစ်တဲ့ အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၄ ခုနှစ်အတွက် ပေးအပ်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှာ မျက်နှာဖုံးအဖွင့်ဆိုတဲ့ စာအုပ်ကို စီစဉ်ထုတ်ဝေခဲ့ပါသေးတယ်။

### ၂၀၀၅ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)

မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်ကို ဖော်ထုတ်ပေးခဲ့သူ၊ ကလောင်စွမ်းဖြင့် မြန်မာအမျိုးသမီးတို့၏ စိတ်နေစိတ်ထားနှင့် ယဉ်ကျေးလိမ္မာမှုကို ဖော်ထုတ်ပေးခဲ့သူတွေထဲက တစ်ဦးဆိုလျှင် ဆရာမကြီး စောမုံညင်းကို ချန်လှပ်ထား၍မရ။ မိုးမိတ်မြို့သူ ဒေါ်ရင်ရင်(စောမုံညင်း)ကို ၁၉၂၀ ပြည့်နှစ်အောက်တိုဘာတွင် မွေးဖွားခဲ့တဲ့အတွက် ဆရာမကြီးသာ ရှိမယ်ဆိုရင် အသက် ၁၀၁ နှစ်ရှိပါပြီ။

ရန်ကုန်တက္ကသိုလ်ကနေ ဝိဇ္ဇာဘွဲ့ကို မြန်မာစာ၊ ရာဇဝင်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပြီး နိုင်ငံခြားဘာသာသိပ္ပံကျောင်းကနေ ဂျပန်ဘာသာ ဒီပလိုမာဘွဲ့ရရှိခဲ့သူဖြစ်ပါတယ်။ စာပေရေးသားခြင်းကိုတော့ အထက်တန်းကျောင်းသူဘဝကတည်းက စတင်ခဲ့တာပါ။ ရန်ကုန်တက္ကသိုလ်ရောက်တော့ ဂျပ်ဆင်ကောလိပ်မဂ္ဂဇင်းမှာ ဆောင်းပါးတွေ၊ ကဗျာတွေကို စောမုံညင်းဆိုတဲ့ အမည်နဲ့ စတင်ရေးသားပါတော့တယ်။

အမျိုးသမီးကလောင်အဖွဲ့ရန်ပုံငွေပြဇာတ်ဖြစ်တဲ့ ရတနာ့ဂုဏ်ရည်၊ ကိန္နရီမောင်နှံ ပြဇာတ်တွေကိုရေးသားခဲ့သူဆရာမကြီးဟာ ၁၉၅၆ ခုနှစ်မှာ အင်ဒီပင်းဒန့် ဒေါ်စန်း ကွယ်လွန်တဲ့သုံးနှစ်မြောက် ကဗျာပြိုင်ပွဲအတွက် ပထမရွှေတံဆိပ်ဆုကိုလည်း ရရှိထားခဲ့ပါသေးတယ်။ ၁၉၆၃ ခုနှစ်မှာ ရှေ့ဆောင်လူငယ် သောက်ရှူးကြယ် စာအုပ်နဲ့ ကလေးလူငယ်ဆိုင်ရာ စာပေတတိယဆု၊ ၁၉၆၅ ခုနှစ်မှာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ချီးမြှင့်တဲ့ ယဉ်ကျေးမှုစာပေဒုတိယဆုကို မြန်မာမှုစုံပန်းရဂုံစာအုပ်နဲ့ ရရှိခဲ့သူပါ။

၁၉၈၉ ခုနှစ်မှာတော့ အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ) ကို မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှုစာအုပ်နဲ့ ရရှိခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်အတွက် အရှေ့တောင်အာရှစာပေဆု၊ ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုန်းဖေတစ်သက်တာစာပေဆုတွေကိုလည်း ရရှိခဲ့ပြီး ၂၀၀၅ ခုနှစ်မှာတော့ အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့ပါတယ်။

ရိုးရာဓလေ့ထုံးစံ၊ တေးဂီတဆိုင်ရာ၊ အနုပညာဆောင်းပါးများနဲ့ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးတွေဖြစ်တဲ့ မြတ်နိုးစရာမြန်မာ့ရိုးရာများ၊ နော်ဇာကုံးနှင့်ပုလဲသွယ်၊ မြန်မာ့ဇာတ်သဘင်တစ်ခေတ်ပြောင်းစေရေး၊ ဗမာ့အမျိုးသမီး စတဲ့စာပေတွေဟာ နိုင်ငံနဲ့လူမျိုးအတွက် များစွာအကျိုးရှိစေခဲ့တဲ့ စာကောင်းပေမွန်တွေပဲ ဖြစ်ပါတယ်။

ဆရာမကြီးဟာ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တွေမှာ အကြံပေးပုဂ္ဂိုလ်၊ နာယကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာအမျိုးသမီးများအတွက် ဘဝနေဝင်ချိန်အထိ ရှေ့တန်းက ရပ်တည်ပေးခဲ့သူလည်းဖြစ်တာကို ဂုဏ်ယူဖွယ်တင်ပြလိုက်ရပါတယ်။ ။

*စာမျက်နှာ ၉ မှ*

ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အစီရင်ခံစာတင်ပြခြင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အရေးပါမှုကဏ္ဍ၊ ကြုံတွေ့နေရသည့်စိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများက ညှိနှိုင်းအဖြေရှာ ဆွေးနွေးခဲ့ကြပါသည်။

### မြန်ပြည်တစ်လွှားဒေသများအထိ လိုအပ်ချက်များ ဖြည့်ဆည်းပေးနေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံခဲ့ပြီး မန္တလေးမြို့တော်ကြီး သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ စနစ်ကျနစေရေး၊ စိုက်ပျိုးရေးအထွက်နှုန်း မြင့်မားစေရေး စသည့်ကိစ္စရပ်များနှင့် လက်ရှိ နိုင်ငံတော်၏ အခြေအနေများ၊ ပညာသင်ကြားရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။

တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကို ကာကွယ်ရန်ဖြစ်ပြီး တပ်မတော်သားတိုင်း၏ စွမ်းရည်တိုးတက်မြင့်မားစေရေးအတွက် အတန်းပညာ၊ အတတ်ပညာများနှင့် ရာထူးအဆင့်နှင့်လျော်ညီသည့် လေ့ကျင့်မှုများကို သင်တန်းကျောင်းအသီးသီးတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်းနှင့် မိမိတို့တစ်ဦးချင်း၏ တာဝန်များကို ထမ်းဆောင်ရာတွင် စစ်သားကောင်းပီသစွာဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မေလ ၁၇ ရက်တွင် ကျင်းပသည့် သပိတ်ကျင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် နယ်မြေခံတပ်မတော်တန်းမြင့်သင်တန်းကျောင်းမှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့အတူ တပ်မတော်အနေဖြင့် ပြည်သူက ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်ခိုင်မာမာဖြစ်စေရန် နိုင်ငံတော်၏ တာဝန်များကို ဥပဒေနှင့်အညီ ခေတ္တတာဝန်ယူထမ်းဆောင်နေခြင်းဖြစ်သဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်အတွက် မဖြစ်သင့်တာ မဖြစ်ရအောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်းနှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မေလ ၁၈ ရက်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ပါသည်။

ထိုနေ့တွင်ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ရှေးဟောင်းအမွေအနှစ်နယ်မြေဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော် ပရိဝုဏ်အတွင်းရှိ အမြောက်ပြတိုက်၊ မင်းတုန်းမင်းအုတ်ဂူ၊ ဒင်္ဂါးသွန်းစက်ရုံနှင့် မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် အမရပူရမြို့နယ်ရှိ မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ၊ မြစ်ငယ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာ့မီးရထား အထူးတွဲဖြင့် အမရပူရမြို့နယ် မြစ်ငယ်ဘူတာမှ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရွာထောင်ဘူတာအထိ လိုက်ပါစီးနင်းခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်ပြီး အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သည်နှင့်အညီ သန့်ရှင်းသာယာသပ်ရပ်မှုတွင် စံပြဖြစ်နေရမည်ဖြစ်ကြောင်း မေလ ၂၈ တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နေပြည်တော် မင်္ဂလာကန်တော်ပတ်လမ်း တိုးချဲ့တည်ဆောက်မည့် အခြေအနေနှင့် ရာဇဌာနီလမ်း ကုက္ကိုတန်းရှေ့ အလှမြက်ခင်းစိုက်မည့် မြေနေရာပြုပြင်မှုအခြေအနေများ သွားရောက်ကြည့်ရှုစဉ် ပြောကြားလိုက်ခြင်း ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား မေလ ၃၁ ရက်က တွေ့ဆုံအမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးရာတွင် လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ဆောင်ချက်များ၊ ရှေ့ဆက်သွားရမည့် မူဝါဒများကို ရှင်းလင်းပြောကြားခဲ့သည်ကို မြင်တွေ့ရပြီး အတူလိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများကလည်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ စသည့်ပြည်သူ့အကျိုးပြုကဏ္ဍများအတွက် ဆောင်ရွက်ပေးခဲ့ကြသည်။

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်သည်ဟု ဆိုရာတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ သာမက နိုင်ငံတော်၏ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်းသည်လည်း နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာမှုများကို ကာကွယ်ပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်း၊ ကပ်ရောဂါ ကြုံတွေ့နေရမှုများကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးခြင်းနှင့် မိမိလုပ်ငန်းတာဝန်များကို ကောင်းမွန်ကျေပွန်စွာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေခြင်းသည်လည်း နိုင်ငံတော်ကို ကာကွယ်နေခြင်းပင်ဖြစ်ကြောင်း မေလ ၃၁ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# လိုင်ဇာရှိ KIA လက်နက်ကိုင်အဖွဲ့ဌာနချုပ်သို့ စစ်သင်တန်းစေလွှတ်မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ ညွှန်ကြားစေခိုင်းခဲ့သည့် သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဇွန် ၁၃**


လိုင်ဇာရှိ KIA လက်နက်ကိုင်အဖွဲ့ဌာနချုပ်သို့ စစ်သင်တန်းစေလွှတ်ခဲ့မှု၊ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ရာ၌ ပါဝင်မှုတို့နှင့် ဆက်စပ်၍ အောင်ခန့်(ရွှေသီဟဆန်စက်ပိုင်ရှင်၊ ရွှေဘိုမြို့နေထိုင်သူ) အား မေ ၂၁ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

မေ ၁၆ ရက်တွင် နိုင်ငံတော်မှ အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG မှ တရားခံပြေး ဇော်ဝေစိုး အပါအဝင် ၄၀ ခန့်ဖြင့် ပြုလုပ်သောအစည်းအဝေးသို့ အောင်ခန့်မှ ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် မြင့်ထွေး (ရေဦးမြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း)၊ အေးမြတ်မွန် (မြောင်မြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း)၊ ခင်မွှေးလွင် (မင်းကင်းမြို့နယ်၊ အမှတ်-၁ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း)၊ နိုင်အောင် (ဝက်လက်မြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း)တို့ တက်ရောက်ခဲ့ကြကြောင်း၊ အဆိုပါ အစည်းအဝေး၌ People's Defense Force (PDF)ကိစ္စရပ်များနှင့် တိုက်ပွဲဖြစ်ပွားပါက ဒဏ်ရာရရှိသူများ ကုသပေးရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် မေ ၁၈ ရက်တွင် အောင်ခန့် အပါအဝင် ခင်မွှေးလွင် (မင်းကင်းမြို့နယ်၊ အမှတ်-၁ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း)နှင့် အေးချမ်း (စစ်ကိုင်းတိုင်းဒေသကြီး၊ လဝကဝန်ကြီးဟောင်း မိုးကျော်သူ၏တပည့်)၊ ဆရာတော် တစ်ပါး၊ ကျော်သူဟန်ထွန်း (၂၀၁၅ ခုနှစ်၊ ကန့်ဘလူမြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း)၊ နေဇင်လတ်(ကန့်ဘလူမြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း)နှင့် ကျန် ၃ ဦး၊ စုစုပေါင်း ၉ ဦးခန့်ဖြင့် Sagaing People Defence Force-SPDF ခေါင်းစဉ်ဖြင့် Zoom Meeting အစည်းအဝေး ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးတွင် ခင်မွှေးလွင်မှ လိုင်ဇာရှိ KIA လက်နက်ကိုင်အဖွဲ့ ဌာနချုပ်သို့ သွားရောက်၍ လက်နက်များ တောင်းရန် ဆုံးဖြတ်ခဲ့ပြီး လူငယ်များအား စစ်သင်တန်းစေလွှတ်ရန် အေဇင်လတ် (ရွှေဘိုမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း)မှ ဦးဆောင်၍ စီစဉ်စေလွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် Sagaing People Defence Force-SPDF အား ဖွဲ့စည်းရေး၊ လိုင်ဇာရှိ KIA လက်နက်ကိုင်အဖွဲ့ ဌာနချုပ်နှင့် ချိတ်ဆက်သင်တန်းတက်ရောက်ရေး၊ လက်နက်/ ခဲယမ်း ရရှိရေးကိစ္စရပ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ NLD ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ခင်မွှေးလွင်၊ နေဇင်လတ်၊ အေဇင်လတ်၊ ကျော်သူဟန်ထွန်း၊ နိုင်အောင်၊ မြင့်ထွေး၊ အေးမြတ်မွန်တို့က အဓိကညွှန်ကြားစေခိုင်းခဲ့ကြောင်း စိစစ်ဖော်ထုတ် သိရှိရသည်။

**သတင်းစဉ်**




## မြို့နယ်အချို့၌ လက်လုပ်သေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် ဇွန် ၁၃**

တိုင်းဒေသကြီး ပြည်နယ်များရှိ မြို့နယ်အချို့မှ လက်လုပ်သေနတ်များအား ကျေးရွာ / ရပ်ကွက် အုပ်ချုပ်ရေး တာဝန်ရှိသူများမှ တစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင် များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

**လာရောက်အပ်နှံ**

ထိုသို့အပ်နှံခဲ့ရာတွင် ဇွန် ၁၂ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့ နမ့်ပုံးပုံးရပ်ကွက်နှင့် ကုန်းမခံ ကျေးရွာမှ ပြည်သူများက လက်လုပ်တူမီးသေနတ် ၁၂ လက်ကိုလည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာအုပ်စုမှ လက်လုပ် လေထိုးသေနတ် ၁ လက်ကိုလည်းကောင်း၊ မြောင်းမြမြို့နယ် သဇင်ကုန်းကြီး ကျေးရွာအုပ်စုမှ လေသေနတ် တစ်လက်ကိုလည်းကောင်း၊ လပွတ္တာမြို့နယ် ပိုးလောင်း ကျေးရွာအုပ်စုမှ လေသေနတ် နှစ်လက်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် စကားကျေးရွာမှ လက်လုပ်တူမီးသေနတ် နှစ်လက်၊ လုပ်လက်စ တူမီးသနတ်နှစ်လက်နှင့် လက်လုပ်ဂက်စ်သေနတ် တစ်လက်တို့ကို လည်းကောင်း ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြောင်း သိရှိရသည်။

**လက်ခံရယူ**

ထိုကဲ့သို့ ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်များအား လုံခြုံရေး တပ်ဖွဲ့ဝင်များမှ စနစ်တကျ လက်ခံရယူခဲ့ပြီး သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ၂၀၂၂- ၂၀၂၃ တွင်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲများအတွက် မြန်မာ့ရိုးရာလှေအဖွဲ့ စခန်းဝင်လေ့ကျင့်နေ

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်တို့တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများ ယှဉ်ပြိုင်ရန်အတွက် ရိုးရာလှေ အားကစားသမားများကို စခန်းဝင်လေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာ့ရိုးရာလှေကစားသမား ၃၀ ကျော်အား ရွေးချယ်လေ့ကျင့်ပေးလျက်ရှိပြီး နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်ခြင်း ဖြစ်သည်။

မြန်မာ့ရိုးရာလှေအဖွဲ့သည် ယခုနှစ်တွင် အဓိက အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ရန် မရှိသော်လည်း လာမည့်နှစ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း ဖြစ်သည်။ မြန်မာ့ရိုးရာလှေအဖွဲ့သည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ ပြီးကတည်းက ကိုဗစ်-၁၉ ရောဂါကြောင့် တစ်နှစ်ကျော်ကြာ လေ့ကျင့်မှုရပ်နားထားရသဖြင့် ယခုနှစ်တွင် ပြန်လည်လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာ့ရိုးရာလှေအဖွဲ့သည် လာမည့်နှစ်တွင် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲအပါအဝင် အခြားနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယခုနှစ်တွင်မူ နိုဝင်ဘာတွင်ပြုလုပ်မည့် ကမ္ဘာ့နဂါးလှေပြိုင်ပွဲ ယှဉ်ပြိုင်ရန်ရှိသော်လည်း ကပ်ရောဂါအပေါ်မူတည်၍ ပြုလုပ်သွားဖွယ်ရှိနေသည်။ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာလှေပြိုင်ပွဲအမျိုးအစား မပါဝင်သော်လည်း မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်အနေဖြင့် လာမည့်နှစ်တွင်ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများအပါအဝင် ၂၀၂၃ ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် လေ့ကျင့်ပေးနေခြင်း ဖြစ်သည်။

မြန်မာ့ရိုးရာလှေအဖွဲ့သည် နောက်ဆုံး ယှဉ်ပြိုင်ခဲ့သည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။ လက်ရှိလေ့ကျင့်ပေးနေသည့် ရိုးရာလှေအားကစားသမားများတွင် ယခင်လက်ရွေးစင်ကစားသမားများအပြင် ကစားသမားသစ်များလည်း ပါဝင်နေသည်။ **ရဲရင့်လွင်**

*❂ ကျောဖုံးမှ*


အဖွင့်ပွဲစဉ်တွင် နှစ်သင်းစလုံးရလဒ်ကောင်းရရှိရန် အကောင်းဆုံးပြင်ဆင်လာသည့်အတွက် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပွဲအစ ၁၀ မိနစ်တွင် ဘယ်လ်ဂျီယံအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး မာတင်စ်၏ ဖန်တီးပေးမှုမှတစ်ဆင့် တိုက်စစ်မှူး လူကာကူက သွင်းယူပေးနိုင်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းကို အဖွင့်ဂိုးခွင့်ပြုပေးခဲ့ရပြီးနောက် ရုရှားအသင်းသည် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း တိုက်စစ်ပိုင်း အဆုံးသတ်မသေချာမှုကြောင့် ချေပဂိုးမရရှိခဲ့ပေ။ ပွဲချိန် ၃၄ မိနစ်တွင် ဘယ်လ်ဂျီယံအသင်း ဒုတိယဂိုးရရှိခဲ့ပြီး မူနီယာက သွင်းယူပေးနိုင်ခဲ့သည်။ ပထမပိုင်းတွင် ရုရှားအသင်းသည် ဘယ်လ်ဂျီယံအသင်းကို တုံ့ပြန်ကစားခဲ့သော်လည်း ချေပဂိုးများ ရရှိခဲ့ခြင်းမရှိဘဲ ဘယ်လ်ဂျီယံအသင်း၏ နှစ်ဂိုးပြတ် ဦးဆောင်မှုကို ခံခဲ့ရသည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရုရှားအသင်းသည် ကစားကွက်အပြောင်းအလဲပြုလုပ်ကာ လူစားလဲမှုများ ပြုလုပ်လာခဲ့သည်။ သို့သော်လည်း ဘယ်လ်ဂျီယံအသင်းကသာ ဆက်လက်ဖိအားပေး ကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းပွဲချိန် ပြီးခါနီးတွင် ဘယ်လ်ဂျီယံအသင်း တတိယဂိုးရရှိခဲ့ပြီး တိုက်စစ်မှူး လူကာကူ က မူနီယာ၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ယနေ့ပွဲစဉ်တွင် ရုရှားအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့မှုကြောင့် အုပ်စု (B) တွင် ဖင်လန်အသင်းနှင့် ရမှတ် သုံးမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ဘယ်လ်ဂျီယံအသင်းသည် ယူရို ၂၀၂၀ ပြိုင်ပွဲ ပွဲစဉ် (၂) အဖြစ် ဒိန်းမတ်အသင်းနှင့် ဇွန် ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရုရှားအသင်းက ဖင်လန်အသင်းနှင့် ဇွန် ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားသောပွဲစဉ်များ၏ ရလဒ်အဖြစ် ဝေးလ်နှင့် ဆွစ်ဇာလန်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျကာ ဒိန်းမတ်နှင့်ဖင်လန်အသင်းတို့ပွဲစဉ်တွင် ဖင်လန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**




# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ CDM ပြုလုပ်ပြီး အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အား ဆက်သွယ်ကူညီနေသော ဒေါက်တာ ထားထားလင်း၊ ဒေါက်တာ မောင်မောင်ငြိမ်းထွန်းနှင့် ဒေါက်တာ ဆွေဇင်ဦး တို့အား ဖမ်းဆီး အရေးယူဆောင်ရွက်နေသည့် သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဇွန် ၁၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ညွှန်ကြားရေးမှူး ဒေါက်တာ ထားထားလင်းသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် အဆက်အသွယ်ဖြတ်ကာ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း လက်ကျန်ငွေကျပ် ၁၆၁ ဒသမ ၁၉၈ သန်းအား ငွေစာရင်းရှင်းလင်းခြင်းမရှိဘဲ CDM ဝန်ထမ်းအဖြစ် ခံယူသွားခဲ့သူ ဖြစ်ပါသည်။ ထို့ကြောင့် ဒေါက်တာ ထားထားလင်းအား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မရဲစခန်းမှ (ပ)၁၁/၂၀၂၁၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅–က ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီးနောက် ဆက်လက်ရှာဖွေစုံစမ်းခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်းဘေးတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

တရားခံ ဒေါက်တာ ထားထားလင်း၏ ထွက်ဆိုချက်အရ ၎င်းသည် CDM ဆရာဝန်အဖြစ် ခံယူလုပ်ဆောင်ခဲ့သည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ၎င်းနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့သော CDM ဆရာဝန်များနှင့်ဝန်ထမ်းများကို ဆက်သွယ်စည်းရုံး၍ CDM လှုပ်ရှားသူများ ပင်မအုပ်စု(CDMer Core Group)ကို ဖွဲ့စည်းပြီးနောက် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် NUG နှင့်ပေါင်းစပ်လှုပ်ရှားခဲ့ကြောင်း သိရှိရသည်။

မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ ကျန်းမာရေးဝန်ကြီးအဖြစ် ခံယူထားသော တရားခံပြေး ဇော်ဝေစိုးသည် ၂၀၂၁ ခုနှစ်၊ မတ် ၁၅ ရက်တွင် Signal Application မှတစ်ဆင့် ဒေါက်တာ ထားထားလင်းအား အဆက်အသွယ်ပြုလုပ်ကာ လုပ်ပေးနိုင်သမျှကူညီပေးရန် စတင်ဆက်သွယ်ပြောဆိုလာခဲ့ကြောင်း၊ ယင်းနောက် တရားခံပြေး ဇော်ဝေစိုးသည် ၎င်းအား Zoom Meeting ဖြင့် မကြာခဏ ချိတ်ဆက်ကာ CDM ဝန်ထမ်းများအတွက် အားပေးစကား မိန့်ခွန်းရေးသားပေးရန် အကူအညီတောင်းခံသည့်အတွက် မိန့်ခွန်းရေးသားပေးပို့ခဲ့ကြောင်း၊ NUG ၏ ကျန်းမာရေးလုပ်ငန်းစဉ်အတွက် Program များ ရေးသားပေးရန်စေခိုင်းခဲ့သဖြင့် ဆောင်ရွက်ပေးခဲ့ရကြောင်း၊ Zoom Meeting အတွက် သတင်းအချက်အလက်နှင့် ဇယားကားချပ်များ ပြင်ဆင်ပေးခဲ့ရကြောင်း သိရှိရသည်။

တရားခံပြေး ဇော်ဝေစိုးသည် NUG ၏ ကျန်းမာရေးလုပ်ငန်းစဉ်အတွက် ကုသပေးရမည့်ဆေးဝါးစာရင်းပြုစုခြင်း၊ လူဦးရေနှင့်ဆေးဝါးလိုအပ်ချက်တွက်ချက်ပေးခြင်း၊ ကုန်ကျစရိတ်တွက်ချက်ပေးခြင်း တို့ကို ဒေါက်တာ ထားထားလင်းအား တာဝန်ပေးစေခိုင်းခဲ့ပြီး တစ်နိုင်ငံလုံး အကြမ်းဖက်လှုပ်ရှားမှုနှင့် ဆက်စပ်ဖြစ်ပေါ်လာမည့် ကုသရေးအသုံးစရိတ် ၆ လစာအတွက် အမေရိကန်ဒေါ်လာ ၈ သန်းဖြင့် တွက်ချက်စေခဲ့ကြောင်း၊ ၎င်းကျန်းမာရေးအထောက်အပံ့လိုအပ်ငွေ အမေရိကန်ဒေါ်လာ ၈ သန်းအား နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများထံမှ Grant Proposal တင်ပြတောင်းခံသုံးစွဲသွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

တရားခံပြေး ဇော်ဝေစိုးသည် ၎င်း၏ ကွပ်ကဲမှုအောက်တွင် ဒေါက်တာ ထားထားလင်းအား Public Health Team အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးထားပြီး အဆိုပါ Public Health Team တွင် ဒေါက်တာ ထားထားလင်း အပါအဝင် ယခင်ကျန်းမာရေးဝန်ကြီးဌာနမှ CDM ဝန်ထမ်းများအဖြစ် ထွက်ပြေးတိမ်းရှောင်နေသော ဆရာဝန် ၁၂ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားကြောင်း သိရှိရသည်–

( ၁ ) ဒေါက်တာ ထားထားလင်း(အဖွဲ့ခေါင်းဆောင်)
ညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့်
အားကစားဝန်ကြီးဌာန၊ နေပြည်တော်။

( ၂ ) ဒေါက်တာ ခင်ငြိမ်းချမ်း(အဖွဲ့ဝင်)
လက်ထောက်ကထိကဟောင်း၊ ဆေးတက္ကသိုလ်(မကွေး)။

( ၃ ) ဒေါက်တာ မိုးကျော်သူ(အဖွဲ့ဝင်)
မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဟောင်း၊ ဘီးလင်းမြို့။

( ၄ ) ဒေါက်တာ သူဇာချစ်တင်(အဖွဲ့ဝင်)
ပြည်နယ်ကုသရေးဦးစီးဌာနမှူးဟောင်း၊
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့။

( ၅ ) ဒေါက်တာ မျိုးမျိုးမွန်(အဖွဲ့ဝင်)
ဒုတိယညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့်
အားကစားဝန်ကြီးဌာန၊ နေပြည်တော်။

( ၆ ) ဒေါက်တာ အောင်စိုးထက်(အဖွဲ့ဝင်)
ဒုတိယညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့်
အားကစားဝန်ကြီးဌာန၊ နေပြည်တော်။

( ၇ ) ဒေါက်တာ ထူးမြင့်ဆွေ(အဖွဲ့ဝင်)
လက်ထောက်ညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့်
အားကစားဝန်ကြီးဌာန၊ နေပြည်တော်။

( ၈ ) ဒေါက်တာ ချိုချိုစန်း(အဖွဲ့ဝင်)
ဒုတိယညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့်
အားကစားဝန်ကြီးဌာန၊ နေပြည်တော်။

( ၉ ) ဒေါက်တာ စုစုလင်း(အဖွဲ့ဝင်)
လက်ထောက်အတွင်းဝန်ဟောင်း၊ ကျန်းမာရေးနှင့်
အားကစားဝန်ကြီးဌာန၊ နေပြည်တော်။

(၁၀) ဒေါက်တာ လွင်မာလှိုင်(အဖွဲ့ဝင်)
ဒုတိယညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့်
အားကစားဝန်ကြီးဌာန၊ နေပြည်တော်။

*စာမျက်နှာ ၁၃ သို့*

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ လက်နက်ခဲယမ်းဝယ်ယူမှု၊ ဖောက်ခွဲဖျက်ဆီးရေးဆောင်ရွက်မှုနှင့် စစ်သင်တန်းစေလွှတ်မှုတို့တွင် ညွှန်ကြားစေခိုင်းခဲ့သည့် သတင်းထုတ်ပြန်ချက်


နေပြည်တော် ဇွန် ၁၃

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ စေခိုင်းချက်အရ ဘီးလင်းမြို့နယ်ရှိ KNU တပ်မဟာ (၅) နယ်မြေတွင် စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့ပြီး လက်နက်ခဲယမ်း ဝယ်ယူရေး ကိစ္စရပ်များအား ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည့် ငြိမ်းချမ်း(ခ)ခိုင်ကိုမွန်နှင့် ရွှန်းစိမ့်စိမ့်တို့အား မရမ်းကုန်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် မေ ၁၃ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။**

ငြိမ်းချမ်းသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ထွန်းအောင်ကျော်၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၂ ခုနှစ် မတ်လခန့်တွင် ရွှန်းစိမ့်စိမ့်နှင့်အတူ ဘီးလင်းမြို့နယ်ရှိ KNU တပ်မဟာ(၅)နယ်မြေတွင် စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့ကြောင်း၊ ထို့အပြင် စစ်သင်တန်း တက်ရောက်လိုသူ ၈ ဦးကိုလည်း ဘီးလင်းမြို့နယ်ရှိ KNU တပ်မဟာ(၅) နယ်မြေသို့ ပို့ဆောင်စေလွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

၂၀၂၂ ခုနှစ် ဧပြီလ တတိယပတ်ခန့်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ သိန်းနိုင် (တောင်ဒဂုံမြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)က လက်နက်ခဲယမ်းများ ဝယ်ယူရန်အတွက် ၎င်း၏လူယုံ နေမျိုး(ခ)ချာလီ မှတစ်ဆင့် ငြိမ်းချမ်းထံသို့ ချိတ်ဆက်လာခဲ့ကြောင်း၊ အဆိုပါလက်နက်ခဲယမ်းများ ဝယ်ယူရန်အတွက် အမျိုးသားတစ်ဦး(စိစစ်ဆဲ)နှင့် သိန်းနိုင်တို့အား တရားခံ ၂ ဦးတို့က ချိတ်ဆက်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သိန်းနိုင်သည် တောင်ဒဂုံမြို့နယ်တွင် အကြမ်းဖက်လုပ်ငန်းများနှင့် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများအား စီစဉ်ဆောင်ရွက်နေသူဖြစ်ကြောင်း ၎င်း၏ လူယုံဖြစ်သူ နေမျိုး(ခ)ချာလီ၏ ပြောကြားမှုကြောင့် သိရှိခဲ့ရကြောင်း၊ ထို့အပြင် သိန်းနိုင်သည် တောင်ဒဂုံမြို့နယ်မှ လူငယ်အချို့အား စစ်သင်တန်း တက်ရောက်စေရန်နှင့် တောင်ဒဂုံမြို့နယ်တွင် ဖောက်ခွဲရေးသင်တန်းဖွင့်လှစ်ရန်အတွက် ငြိမ်းချမ်းထံသို့ ချိတ်ဆက်ခဲ့ဖူးကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ဖောက်ခွဲဖျက်ဆီးမှုဖြစ်စဉ်များတွင် အဓိက ညွှန်ကြားနေသူမှာ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG မှ တရားခံပြေး ရည်မွန်(ခ)တင်သစ် (NLD ပါတီ၏ ပုဗ္ဗသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း) ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ တရားခံပြေး ရည်မွန်(ခ) တင်သစ်နှင့် သိန်းနိုင် (NLD ပါတီ၏ တောင်ဒဂုံမြို့နယ်၊ အမှတ်-၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း) တို့သည် လက်နက်ခဲယမ်း ဝယ်ယူရန်၊ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ လူငယ်များအား စစ်သင်တန်း တက်ရောက်ရန်အတွက် အဓိက စီစဉ်ဆောင်ရွက်ပေးနေသူများဖြစ်ကြောင်း စိစစ်ဖော်ထုတ်သိရှိရသည်။




---

*စာမျက်နှာ ၁၂ မှ*

(၁၁) ဒေါက်တာ ငြိမ်းငြိမ်းချစ်(အဖွဲ့ဝင်)
လက်ထောက်ညွှန်ကြားရေးမှူးဟောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နေပြည်တော်။

(၁၂) ဒေါက်တာ စန်းသန္တာ(အဖွဲ့ဝင်)
ကထိကဟောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)။

ဒေါက်တာ ထားထားလင်း ဦးဆောင်သော Public Health Team ၏ အောက်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် State Health Admin Team (SHAT)ကို အဖွဲ့ခေါင်းဆောင် ဒေါက်တာ မိုးကျော်သူ (ယခင် ဘီးလင်းမြို့နယ် ကျန်းမာရေးမှူး) အပါအဝင် ၁၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားကြောင်း သိရှိရသည်-

( ၁ ) ဒေါက်တာ မိုးကျော်သူ(အဖွဲ့ခေါင်းဆောင်)
မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဟောင်း၊ ဘီးလင်းမြို့။

( ၂ ) ဒေါက်တာ နိုင်နိုင်ထွန်း(အဖွဲ့ဝင်)
ဒုတိယပြည်နယ်ဦးစီးဌာနမှူးဟောင်း၊ ဘားအံမြို့။

( ၃ ) ဒေါက်တာ ရှာရွန်ပါရဲ(အဖွဲ့ဝင်)
လက်ထောက်ညွှန်ကြားရေးမှူးဟောင်း၊ ဟားခါးမြို့။

( ၄ ) ဒေါက်တာ အောင်ကြည်(အဖွဲ့ဝင်)
ဘွဲ့လွန်သင်တန်းသား(မေ့ဆေးပညာ)၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်။

( ၅ ) ဒေါက်တာ ဒယ်နီလင်း(အဖွဲ့ဝင်)
တိုးချဲ့ကာကွယ်ဆေး/ကူးစက်တာဝန်ခံဆရာဝန် (နုတ်ထွက်)၊ လားရှိုးမြို့။

( ၆ ) ဒေါက်တာ နှင်းအိဖြူ(အဖွဲ့ဝင်)
အဖွဲ့ခေါင်းဆောင်ဆရာဝန်၊ (တိုးချဲ့ကာကွယ်ဆေး/ကူးစက်)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။

( ၇ ) ဒေါက်တာ ချစ်ကိုဟန်(အဖွဲ့ဝင်)
ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူးဟောင်း၊ ရန်ကုန်တိုင်းဒေသကြီး။

( ၈ ) ဒေါက်တာ စုစုလှိုင်(အဖွဲ့ဝင်)
ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဟောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်။

( ၉ ) ဒေါက်တာ ဇက်လွမ်းခေါင်(အဖွဲ့ဝင်)
အဖွဲ့ခေါင်းဆောင်ဆရာဝန်(တိုးချဲ့ကာကွယ်ဆေး/ကူးစက်)၊ မြစ်ကြီးနားမြို့။

(၁၀) ဒေါက်တာ ကျော်သူဆွေ(အဖွဲ့ဝင်)
အဖွဲ့ခေါင်းဆောင်ဆရာဝန်(တိုးချဲ့ကာကွယ်ဆေး/ကူးစက်)၊ စစ်ကိုင်းမြို့။

SHAT အဖွဲ့၏အောက်တွင် လက်တွေ့အကောင်အထည်ဖော်ရန် မြို့နယ်အဆင့် Township Health Admin Team (THAT)များကို ဆက်လက်ဖွဲ့စည်းလျက်ရှိကြောင်း၊ SHAT အဖွဲ့နှင့် THAT အဖွဲ့များအကြား Online ဖြင့် ချိတ်ဆက်လှုပ်ရှားပေးရန်အတွက် Clinicians Team အား ဒေါက်တာ စန်းသန္တာ အပါအဝင် ၅ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းထားကြောင်း သိရှိရသည်-

( ၁ ) ဒေါက်တာ စန်းသန္တာ(အဖွဲ့ခေါင်းဆောင်)
ကထိကဟောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)။

( ၂ ) ဒေါက်တာ မောင်မောင်ငြိမ်းထွန်း(အဖွဲ့ဝင်)
ကထိကဟောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)။

( ၃ ) ဒေါက်တာ ဆွေဇင်ဦး(အဖွဲ့ဝင်)
အထူးကုဆရာဝန်ဟောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီး။

( ၄ ) ဒေါက်တာ ရဲဇင်အောင်(အဖွဲ့ဝင်)
အထူးကုဆရာဝန်ဟောင်း၊ မြင်းခြံပြည်သူ့ဆေးရုံ။

( ၅ ) ဒေါက်တာ ဇေမင်းထွန်း(အဖွဲ့ဝင်)
ဦးစီးအရာရှိဟောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နေပြည်တော်။

သို့ဖြစ်၍ တရားခံပြေး ဇော်ဝေစိုးနှင့် အကြမ်းဖက်အဖွဲ့အစည်း NUG ၏ ညွှန်ကြားစေခိုင်းမှုများကို လိုက်ပါလုပ်ဆောင်လျက်ရှိကြသည့် ဒေါက်တာ ထားထားလင်း အပါအဝင် Public Health Team အဖွဲ့ဝင် ဆရာဝန် ၁၂ ဦး၊ SHAT အဖွဲ့ဝင် ဆရာဝန် ၁၀ ဦး၊ Clinicians Team အဖွဲ့ဝင်ဆရာဝန် ၅ ဦး၊ စုစုပေါင်း ၂၇ ဦး တို့အား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ၊ မတရားအသင်းနှင့် ဆက်သွယ်ဆောင်ရွက်မှုအတွက် ပုဒ်မ ၁၇(၁)၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုအတွက် ပုဒ်မ ၁၂၄ တို့ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် တရားခံပြေး ဇော်ဝေစိုး၊ တရားခံ ဒေါက်တာ ထားထားလင်းတို့နှင့် ဆက်နွယ်သည့် ကွင်းဆက်တရားခံများအား ဆက်လက်ရှာဖွေစုံစမ်းခဲ့ရာ တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ဒေါက်တာ မောင်မောင်ငြိမ်းထွန်း (ခွဲစိတ်ကုပညာ ကထိကဟောင်း၊ မန္တလေးဆေးတက္ကသိုလ်)နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါက်တာ ဆွေဇင်ဦး (အထူးကုဆရာဝန်ဟောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီး) တို့အား မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်ရှိ တည်းခိုခန်းတစ်ခု၌ ၂၀၂၂ ခုနှစ်၊ ဇွန် ၁၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

တရားခံ ၂၇ ဦးအနက် ဒေါက်တာ ထားထားလင်း၊ ဒေါက်တာ မောင်မောင်ငြိမ်းထွန်းနှင့် ဒေါက်တာ ဆွေဇင်ဦးတို့အား ဖမ်းဆီးရမိခဲ့သဖြင့် ကျန်ကွင်းဆက် တရားခံ ၂၄ ဦးအား ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

၎င်းဆရာဝန်များသည် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် လုပ်ငန်းစဉ်များကို ဖျက်ဆီးနှောင့်ယှက်နေသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသော အဆိုပါ တရားခံပြေးဆရာဝန်များအား တွေ့ရှိပါက သတင်းပေးပို့ကြပါရန်၊ နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အို ၃၀ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးပြီးဖြစ်



ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အိုများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

တိုကျို ဇွန် ၁၃

**ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အို ၃၀ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးပြီးဖြစ်ကြောင်း ဂျပန်အစိုးရကထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ ဂျပန်နိုင်ငံ၏ ကာကွယ်ဆေး ထိုးနှံပေးရေးအစီအစဉ်မှာ ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး ကနဦးတွင် ကျန်းမာရေးလုပ်သားများကို ပစ်မှတ်ထားကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခဲ့သည်။**

ဧပြီလတွင်မူ အသက် ၆၅ နှစ်နှင့်အထက်များကိုပါ ကာကွယ်ဆေးထိုးပေးခဲ့သည်။ ဇွန် ၁၁ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သက်ကြီးရွယ်အို ၃၁ ဒသမ ၁၅ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးပြီးဖြစ်ကြောင်း သိရသည်။

နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်မှာ လူပေါင်းတစ်သန်းရှိပြီး ရာခိုင်နှုန်းအားဖြင့် ကြည့်လျှင် ၅ ဒသမ ၀၈ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

တိုကျိုတွင် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်မှာ ၃၃ ဒသမ ၅၇ ရာခိုင်နှုန်းရှိပြီး ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်မှာ ၄ ဒသမ ၄၇ ရာခိုင်နှုန်းရှိသည်။

အိုဆာကာတွင်လည်း ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၂၇ ဒသမ ၃၆ ရာခိုင်နှုန်းနှင့် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်မှာ ၃ ဒသမ ၉၀ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

အသက်ရှူအထောက်အကူပြုကိရိယာ အသုံးပြုရသူနှင့် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူရသူ အရေအတွက်မှာလည်း လျော့ကျလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အာဂျင်တီးနားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် နယ်စပ်ထိန်းချုပ်ရေး ဇွန် ၂၅ ရက်အထိ တိုးမြှင့်သွားမည်

**ဗျူနိုအေရိစ် ဇွန် ၁၃**

အာဂျင်တီးနားအစိုးရသည် နိုင်ငံအတွင်းသို့ နိုင်ငံခြားသားများ ဝင်ထွက်မှု ပိတ်ပင်ထားမှုကို သက်တမ်းတိုးလိုက်ကြောင်း ဇွန် ၁၂ ရက်တွင် ကြေညာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှုကို တားဆီးရန်အတွက် ဇွန် ၂၅ ရက်အထိ နယ်စပ်ပိတ်ထားမှုကို လုပ်ဆောင်ဦးမည်ဟု သိရသည်။

ဗြိတိန်နိုင်ငံနှင့် တိုက်ရိုက်လေယာဉ်ပြေးဆွဲမှုအားလုံးကိုလည်း ဆက်လက်ရပ်နားဦးမည်ဟု သိရသည်။ ဗြိတိန်တွင် တွေ့ရှိရသည့် ဗီဇပြောင်းကိုဗစ်-၁၉ ကူးစက်မှုကို တားဆီးရန်အတွက် ယခုလို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဘရာဇီး၊ ချီလီနှင့် အိန္ဒိယမှ လာမည့် လေယာဉ်ခရီးစဉ်များကိုလည်း ဆက်လက် ဆိုင်းငံ့သွားမည်ဖြစ်သည်။ ထို့ပြင် တူရကီနှင့် အာဖရိကတို့မှ လာမည့်လေယာဉ်များကိုလည်း ဆိုင်းငံ့သွားဦးမည်ဟု အစိုးရကပြောသည်။

ဗီဇပြောင်းကိုဗစ်-၁၉ ၏ ကူးစက်မှုမြန်ဆန်ခြင်းကြောင့် အန္တရာယ်များပြားပြီး လူသေဆုံးမှု များပြားနိုင်သည်ကိုလည်း အစိုးရက သတိပေးထားသည်။ ယခုအခါ အထူးကြပ်မတ်ကုသဆောင်၏ ၈၀ ရာခိုင်နှုန်းမှာ လူနာများနှင့် ပြည့်နေသည်ဟုလည်း သိရသည်။ အာဂျင်တီးနားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၀၉၃၀၉၀ ရှိပြီး သေဆုံးသူ ၈၄၆၂၈ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## ကနေဒါနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁ ဒသမ ၄ သန်းကျော်ရှိပြီဖြစ်

**အော့တဝါ ဇွန် ၁၃**

ကနေဒါနိုင်ငံတွင် ဧပြီ ၁၂ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၁၁၅ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၁၄၀၀၈၂၇ ဦး ရှိလာသည်။ ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ အရေအတွက်မှာမူ ၂၅၉၁၀ ရှိသည်ဟု စီတီဗွီတွင် ဖော်ပြထားသည်။ နိုင်ငံအတွင်း ကူးစက်မှုနှုန်း သိသိသာသာ လျော့ကျလာသည့်အပြင် အပြင်းအထန် ဝေဒနာခံစားရသူနှင့် သေဆုံးမှုနှုန်းမှာလည်း တဖြည်းဖြည်းချင်း ကျဆင်းလာသည်။



ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

တိုင်းပြည်အတွင်းရှိ ပြည်နယ်အများစုတွင် ကိုဗစ်-၁၉ ကြောင့် ချမှတ်ထားသည့် စည်းကမ်းချက်များကို တဖြည်းဖြည်းချင်း ဖယ်ရှားပေးခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး လျင်လျင်မြန်မြန် ထိုးပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်တစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ဦးရေ ၂၈ ဒသမ ၅ သန်းကျော် ရှိပြီဖြစ်သည်။

ဇွန် ၅ ရက်တွင် အသက် ၁၂ နှစ်နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးခွင့်ရှိသူလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးပြီးကြောင်း သိရသည်။

၎င်းတို့ထဲမှ ၉ ရာခိုင်နှုန်းမှာ နှစ်ကြိမ်တိုင်တိုင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးကြောင်း ကနေဒါ ပြည်သူ့ကျန်းမာရေး အေဂျင်စီက ဇွန် ၁၂ ရက်တွင် ပြောသည်။ အမျိုးသားအဆင့် အချက်အလက်များအရ ကိုဗစ်-၁၉ ကူးစက်မှုမှာ သိသိသာသာ လျော့ကျလာသည်ဟု ဇွန် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

**ဆင်ဟွာ**

## အေအင်န်အေ လေကြောင်းလိုင်းမှ ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမှုစတင်

**တိုကျို ဇွန် ၁၃**

အောလ်နီပွန်အဲဝေး (အေအင်န်အေ) မှ ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးနေပြီဟု သိရသည်။

ဂျပန်နိုင်ငံအတွင်း ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမဆုံး ထိုးပေးသည့် လေကြောင်းလိုင်း ဖြစ်မည်ဟု ယူဆရသည်။

ဇွန် ၁၃ ရက်မှ စတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေပြီး ဟာနီဒါလေဆိပ် အစည်းအဝေးခန်းမတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေခြင်းဖြစ်သည်။

အခန်းအတွင်းသို့ မဝင်မီ လေယာဉ်ပိုင်းလော့များနှင့် လေယာဉ်အမှုထမ်းများ အပူချိန်တိုင်းတာမှုများ ပြုလုပ်ပေးခဲ့သည်။

ကာကွယ်ဆေးထိုးပေးသည့် ကာကွယ်ဆေးမထိုးမီ ၎င်းတို့၏ကျန်းမာရေးအခြေအနေများကို ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများက မေးမြန်းခဲ့ကြသည်။

ပထမနေ့တွင် လေယာဉ်ပိုင်းလော့နှင့် အမှုထမ်း ၅၀ နီးပါးကို ထိုးပေးနိုင်ခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**




အောလ်နီပွန်အဲဝေးမှ ဝန်ထမ်းများ အလုပ်လုပ်ကိုင်နေသည်ကို တွေ့ရစဉ်။

## စင်ကာပူတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၈ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ ဇွန် ၁၃**

စင်ကာပူတွင် ဇွန် ၁၂ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ နောက်ထပ် ၁၈ ဦး တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဒေသတွင်း ကူးစက်ခံရသူ ကိုးဦးနှင့် ပြည်ပမှကူးစက်ခံရသူ ကိုးဦးတို့ဖြစ်ကြပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၆၂၂၆၃ ဦး ရှိသည်ဟု သိရသည်။

ဒေသတွင်းကူးစက်ခံရသူများအနက် လေးဦးမှာ ယခင်ကူးစက်မှုများနှင့် ဆက်စပ်မှုရှိသည်ဟု သိရသည်။ ဇွန် ၁၂ ရက်တွင်ပင် ဆေးရုံမှဆင်းသွားသူအရေအတွက်မှာ ၃၉ ဦးရှိခဲ့သည်။ လက်ရှိ ဆေးရုံတွင် ကုသမှုခံယူနေသူ လူနာ ၁၂၅ ဦးရှိသည်ဟု သိရသည်။

၎င်းတို့ထဲတွင် တစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

◆ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၃-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇၁) ခု | (၇) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၈) ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၉၀) ခု | (၁၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၀၃) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃၃) ခု | (၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၅၇၄) ခု | (၃၀၇) ဦး |
| စုစုပေါင်း | (၂,၉၀၂) ခု | (၃၇၃) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန


## ဇန်းမော်မြို့ လူစည်ကားရာနေရာများ၌ နှာခေါင်းစည်း လှုပ်ရှားမှုပြုလုပ်

**ဇန်းမော် ဇွန် ၁၃**

ကချင်ပြည်နယ် ဇန်းမော်မြို့၌ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ ဦးဆောင်မှုဖြင့် ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှုအား ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ အပြင်ထွက်တိုင်း နှာခေါင်းစည်း (Mask) များ တပ်ဆင်ရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော စည်းကမ်းချက်များအား လိုက်နာ၍ သွားလာနေထိုင်ကြရန် အသိပညာပေးခြင်း နှာခေါင်းစည်းလှုပ်ရှားမှုကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက ဇန်းမော်မြို့ လူစည်ကားရာနေရာများနှင့် မော်တော်ယာဉ် ဂိတ်များ၌ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ထွန်းတိုးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၁၀၀) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်ဂိတ်တို့တွင် နှာခေါင်းစည်း(Mask) များ အခမဲ့ ဖြန့်ဝေခြင်း၊ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




### ၁၃ -၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၃၁၅၈၇၃ | ၂၈၃၈၀၆၂၃ | ၆၁၄၉၅၅ |
| ၂။ | အိန္ဒိယ | ၂၉၄၃၉၉၈၉ | ၂၈၀၄၃၄၄၆ | ၃၇၀၄၀၇ |
| ၃။ | ဘရာဇီး | ၁၇၃၇၆၉၉၈ | ၁၅၇၆၁၁၇၇ | ၄၈၆၃၅၈ |
| ၄။ | ပြင်သစ် | ၅၇၃၇၈၁၀ | ၅၄၉၃၂၅၉ | ၁၁၀၄၀၇ |
| ၅။ | တူရကီ | ၅၃၂၅၄၃၅ | ၅၁၉၈၀၅၇ | ၄၈၆၆၈ |
| ၆။ | ရုရှား | ၅၂၀၈၆၈၇ | ၄၈၀၁၃၃၅ | ၁၂၆၄၃၀ |
| ၇။ | ဗြိတိန် | ၄၅၅၈၄၉၄ | ၄၂၈၆၁၆၅ | ၁၂၇၈၉၆ |
| ၈။ | အီတလီ | ၄၂၄၃၄၈၂ | ၃၉၅၄၀၉၇ | ၁၂၆၉၇၆ |
| ၉။ | အာဂျင်တီးနား | ၄၁၁၁၁၄၇ | ၃၆၉၅၂၈၈ | ၈၅၀၇၅ |
| ၁၀။ | စပိန် | ၃၇၃၃၆၀၀ | ၃၅၀၉၇၃၀ | ၈၀၅၀၁ |


### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၃ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၉၁၁၃၅၈ | ၁၇၄၅၀၉၁ | ၅၂၈၇၉ |
| ဖိလစ်ပိုင် | ၁၃၁၅၆၃၉ | ၁၂၃၂၉၈၆ | ၂၂၇၈၈ |
| မလေးရှား | ၆၅၇၅၀၈ | ၅၈၀၂၇၆ | ၃၉၀၈ |
| ထိုင်း | ၁၉၅၉၀၉ | ၁၅၄၄၁၄ | ၁၄၄၉ |
| မြန်မာ | ၁၄၅၆၀၃ | ၁၃၂၉၂၈ | ၃၂၄၄ |
| စင်ကာပူ | ၆၂၂၇၆ | ၆၁၈၃၈ | ၃၄ |
| ကမ္ဘောဒီးယား | ၃၈၄၂၇ | ၃၁၈၅၈ | ၃၃၅ |
| ဗီယက်နမ် | ၁၀၅၃၈ | ၃၉၉၈ | ၅၉ |
| လာအို | ၁၉၉၆ | ၁၈၆၂ | ၃ |
| ဘရူနိုင်း | ၂၄၈ | ၂၃၉ | ၃ |

# ၁၂-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၆/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၁၂ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနခန်းမ၌ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**



ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်နေမှုမှတ်တမ်း။

ဦးစွာ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် ယနေ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် သတင်းမီဒီယာများ၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် အထောက်အကူပြုအဖွဲ့များ အားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်ပါကြောင်း။

ယနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားမည့် အကြောင်းအရာများမှာ နံပါတ်တစ်အနေဖြင့် နိုင်ငံတစ်ဝန်းလုံး စာသင်ကျောင်းများ ဖွင့်လှစ်နိုင်မှု အခြေအနေ၊ နံပါတ်နှစ်အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Phoenix Media Interview မှ အရေးကြီး ကောက်နုတ်ချက်များ၊ နံပါတ်သုံးအနေဖြင့် ဘဏ္ဍာရေး ပြောင်းလဲခြင်းနှင့် ရုံးပိတ်ရက်များ၊ နံပါတ်လေးအနေဖြင့် အကြမ်းဖက်သင်တန်းများ၊ ထောက်ပံ့မှုများတွင် EAO အဖွဲ့အချို့၏ ပါဝင်ပတ်သက်မှုနှင့် နံပါတ်ငါးအနေဖြင့် NUG ၊ CRPH ၊ PDF အကြမ်းဖက်အဖွဲ့များ၏ ကြေညာချက်များ၊ ၎င်းကြေညာချက်များကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များ၊ ဖောက်ခွဲဖျက်ဆီးရေးနှင့် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ ပတ်သက်ခဲ့သူများ၏ ထွက်ဆိုချက် ဗီဒီယိုဖိုင်များကို ပြသခြင်း၊ ၎င်းအပိုင်းတွင် Online က ပျံ့နှံ့နေသည့်၊ လုပ်ကြံဖန်တီးထားသည့် လှုံ့ဆော်မှုများ၊ သတင်းမှား၊ မျှော်လင့်ချက် အမှားများသည် လက်တွေ့အခြေအနေနှင့် မည်မျှကွာခြားသည်ဆိုသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပထမအချက်အနေဖြင့် အခြေခံပညာကျောင်းများအား နိုင်ငံတစ်ဝန်းတွင် ဇွန်လ ၁ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ကျောင်းများဖွင့်လှစ်နိုင်မှုအနေဖြင့် အခြေခံပညာကျောင်းပေါင်း မူလတန်း **၂၅၇၀၅** ကျောင်း၊ အလယ်တန်း **၁၅၈၇၇** ကျောင်း၊ အထက်တန်း **၆၁၇၈** ကျောင်း၊ စုစုပေါင်း **၄၇၇၆၀** ကျောင်း ရှိပါကြောင်း၊ ဇွန်လ ၁၀ ရက်နေ့အထိ ကျောင်းပေါင်း **၄၂၀၈၀** ကျောင်း၊ **၈၈** ရာခိုင်နှုန်းဖွင့်လှစ်ပြီး ဖြစ်ပါကြောင်း၊ ကျောင်းသူ၊ ကျောင်းသားများ ကျောင်းတက်ရောက်မှုနှင့် ကျောင်းအပ်နှံမှုအနေဖြင့် **၄၁၂၁၈၃၂** ဦး ကျောင်းအပ်နှံပြီး ၁၀ ရက်နေ့အထိ ကျောင်းတက်ရောက်မှုအနေဖြင့် **၃၂၁၆၉၆၀** ဦး ကျောင်းတက်လျက်ရှိပါကြောင်း။

ထူးခြားမှုအနေဖြင့် ရခိုင်ပြည်နယ်တွင် ကျောင်းဖွင့်လှစ်မှု **၉၆** ရာခိုင်နှုန်း၊ ကျောင်းသူ၊ ကျောင်းသားများ ကျောင်းတက်ရောက်မှု **၈၂** ရာခိုင်နှုန်းရှိပါကြောင်း၊ ပညာရေးကို အလေးထားကြသည့် ပါဝင်ပတ်သက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ပါကြောင်း၊ ကျောင်းများဖွင့်လှစ်ရန် စတင်ပြင်ဆင်ချိန်ကစပြီး NLD ၊ NLD လိုလားသူများအနေနှင့် စာသင်ကျောင်းများကို မိုင်းပစ်ဖောက်ဖျက်ဆီးမှု **၁၀၉** ကြိမ်၊ မီးရှို့ဖျက်ဆီးမှု **၆၅** ကြိမ်နှင့် နှောင့်ယှက်မှု **၁၆၈** ကြိမ် ပြုလုပ်ခဲ့သည်ကို တွေ့ရကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ယခင်သတင်းစာ ရှင်းလင်းပွဲတွင်လည်း ကျယ်ကျယ် ပြန့်ပြန့် ရှင်းလင်းပြောဆိုပြီးဖြစ်ပါကြောင်း၊ သား၊ သမီးများ၊ ကလေးငယ်များ၏ ပညာရေးသည် မိဘများကိုယ်တိုင်၊ သားသမီးများကိုယ်တိုင်၏ ဆုံးဖြတ်ချက်ပဲ ဖြစ်ပါကြောင်း၊ ၎င်းတို့ကို လိုက်လံ နှောင့်ယှက်နေခြင်းသည် လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးကို ထိပါးနေသည့်၊ ဖိနှိပ်ချုပ်ချယ်နေသည့် အကြမ်းဖက်လုပ်ရပ် ဖြစ်ပါကြောင်း၊ အကြမ်းဖက်သမားများက ငယ်ရွယ်သေးသည့် ကျောင်းသားအရွယ် ကလေးငယ်များကိုပင်လျှင် ကျောင်းဝတ်စုံ ဝတ်ခိုင်းပြီး ကျောင်းထဲဝင်ရောက် ဗုံးခွဲခိုင်းသည့် ဖြစ်စဉ်မျိုး ဖြစ်ပွားခဲ့ပါကြောင်း၊ ထီးချိုင့် ဖြစ်စဉ် ဖြစ်ပါကြောင်း။

NLD နှင့် NLD လိုလားသူ အစွန်းရောက် အကြမ်းဖက် အဖျက်သမားများ အနေဖြင့် ယခုလိုအောက်တန်းကျသည့် လုပ်ရပ်၊ အတွေးအခေါ်၊ အကြံအစည်များနှင့် အသုံးချ၍ရသူ မှန်သမျှအား အသုံးချနေသည်ကို တွေ့ရပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဆောင်ရွက်ရာတွင် အောက်ခြေအဆင့် ထဲထဲဝင်ဝင် လုံခြုံရေးကို ကူညီဆောင်ရွက်ပေးနေကြသည့်၊ ဆောင်ရွက်ပေးနေကြဆဲ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးကို ကူညီဆောင်ရွက်ပေးနေကြသည့် အဖွဲ့အစည်းများအားလုံးကို အထူးပင်လေးစားပါကြောင်းကိုလေးလေးနက်နက် ပြောလိုပါကြောင်း။

ထို့အတူ အမျိုးမျိုးသော ဖိအားပေးမှုများကြားမှ စာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများ၊ တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကိုလည်း ဂုဏ်ယူပါကြောင်း၊ အမြင်များ၊ ခံယူချက်များ အမျိုးမျိုးကွဲပြားနေသော်လည်း သား၊ သမီးများ၏ ပညာရေးကို နိုင်ငံရေးနှင့် ခွဲခြားမြင်ပြီး အားပေးဆောင်ရွက်နေသည့် မိဘများကိုလည်း ဂုဏ်ပြုပါကြောင်း၊ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အသက်သေဆုံး၊ ဒဏ်ရာရခဲ့သည့် လုံခြုံရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၊ ပြည်သူလူထုများအတွက် များစွာဝမ်းနည်းရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ပိုမိုကောင်းမွန်သည့် လုံခြုံရေးစနစ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်သူများ၊ မိသားစုဝင်များအားလုံးကို တောင်းပန်စကားဆိုပါရစေဟု ပြောကြားသည်။

ဒုတိယအချက်အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Phoenix Media Interview မှ အရေးကြီး ကောက်နုတ်ချက်များကို ပြောမည်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Pnonex Media တို့ ၂၀၂၂ ခုနှစ် မေလ ၂၀ ရက် ရက်နေ့တွင် Interview ပြုလုပ်ခဲ့ပြီး ဘင်္ဂါလီကိစ္စနှင့် ပတ်သက်သည့် မေးခွန်းတစ်ခုကို ဖြေကြားခဲ့ပါကြောင်း၊ ၎င်းတွင် “ ရိုဟင်ဂျာ” ဆိုသည့် အသုံးအနှုန်းနှင့်ပတ်သက်ပြီး **“ရိုဟင်ဂျာဆိုတာမရှိဘူး၊ စိတ်ကူးယဉ်ပြီးပြောတဲ့ နာမည်တစ်ခုပဲ၊ ၁၉၁၁၊ ၁၉၂၁၊ ၁၉၃၁ ခုနှစ်က အင်္ဂလိပ်တွေ ကောက်ခံခဲ့တဲ့ သန်းခေါင်စာရင်းမှာတောင် ဘင်္ဂါလီဆိုတဲ့ စကား၊ စစ်တကောင်းဆိုတဲ့ စကားတွေပဲ တွေ့ရတယ်ဆိုတဲ့အကြောင်းနဲ့ မြန်မာနိုင်ငံမှာ အိမ်နီးချင်း ၅ နိုင်ငံရှိကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေဟာ ဒါတွေအားလုံးအတွက် မျှော်မှန်းပြီး ရေးဆွဲခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား ဥပဒေအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားသည့် ဘင်္ဂါလီများနှင့် ပတ်သက်ပြီး အကျုံးဝင်တဲ့သူတွေကို သူ့စည်းကမ်းနဲ့အညီ ပြန်လက်ခံဖို့ လုပ်ထားကြောင်း၊ မြန်မာနိုင်ငံမှာ သတ်မှတ်စည်းကမ်းချက်နဲ့အတူနေခဲ့ပြီး ကိုက်ညီရင် လက်မခံနိုင်စရာမရှိကြောင်း”** ပြောကြားခဲ့ပါကြောင်း။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ရှိပါကြောင်း၊ ၎င်းထဲတွင် **“ရိုဟင်ဂျာ”** ဆိုသည့် အမည်နာမ မပါဝင်သည်ကို အားလုံးအသိဖြစ်ကြောင်း၊ ယခင်ကလည်း မပါရှိခဲ့ကြောင်း၊ **“ရိုဟင်ဂျာ”** ဆိုသည့် အသုံးအနှုန်းနှင့် ပတ်သက်ပြီး လှုံ့ဆော်နေသည့်၊ ယခင်အင်္ဂလိပ်လက်ထက်တွင် သူတို့ကိုယ်တိုင်ကောက်ခဲ့သည့် သန်းခေါင်စာရင်းတွင် မပါရှိကြောင်း၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်က ကောက်ခံချိန်တွင် မပါရှိကြောင်း၊ အထောက်အထားများကို ပါဝါပွိုင့်တွင် ပြသထားကြောင်း၊ သန်းခေါင်စာရင်းမူရင်းစာအုပ်များလည်း ထားရှိပါကြောင်း၊ အဆိုပါစာအုပ်များတွင် ကြည့်နိုင်ပါကြောင်း။

ယခုအချိန်တွင် ၎င်းအမည်ကို ထပ်မံဖော်ထုတ်လာခြင်းနှင့် ပြောကြားလာခြင်းသည် အလွန်အန္တရာယ်ကြီးမားသည့် အလုပ်ဖြစ်သဖြင့် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ကိစ္စဖြစ်ပါကြောင်း၊ အားလုံးသတိထားကြရန် ပြောလိုပါကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေသည် အဆိုပါ လူမျိုးတစ်မျိုးတည်းကို ရည်ညွှန်းပြဋ္ဌာန်းထားခြင်း မဟုတ်ကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့် ပတ်သက်ပြီး အမျိုးမျိုး ပြောနေကြသည်များ ရှိပါကြောင်း၊ ဥပဒေပေါ်ပေါက်လာပုံသမိုင်း၊ ရည်ရွယ်ချက်များကို ပြည်သူလူထုနှင့် မီဒီယာများသိရှိရန် အနည်းငယ် ပြောပြလိုပါကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်တွင် ၁၉၄၈ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေနှင့် ၁၉၄၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေဟူ၍ ဥပဒေ ၂ ရပ် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေသည် ဗြိတိသျှလက်ခံအောက် ဘဝမှ လွတ်လပ်သည့် နိုင်ငံဘဝ ကူးပြောင်းသော စပ်ကူးမပ်ကူးကာလတွင် မြန်မာနိုင်ငံအတွင်း ရောက်ရှိနေထိုင်ကြသည့် နိုင်ငံခြားသားများကို မြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ခံယူခွင့် ရရှိနိုင်ရန်ရည်ရွယ်ပြီး ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပါကြောင်း။

ဥပဒေအရရွေးချယ်ပိုင်ခွင့် သက်တမ်းကာလသည် ၁၉၅၀ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် သာမန်အားဖြင့် ကုန်ဆုံးပြီဖြစ်၍ ယင်းဥပဒေ၏ အာနိသင်သည် အလိုအလျောက်ပျက်ပြယ်ပြီး ဖြစ်ပါကြောင်း၊ ၎င်းဥပဒေ ၂ ရပ်ကို ရေးဆွဲချိန်က မြန်မာနိုင်ငံတွင် တိုင်ရင်းသားများ သာမက တိုင်းတစ်ပါးမှ စီးပွားရှာရန်

**❑ သား၊ သမီးများ၊ ကလေးငယ်များ၏ ပညာရေးသည် မိဘများကိုယ်တိုင်၊ သားသမီးများကိုယ်တိုင်၏ ဆုံးဖြတ်ချက်ပဲဖြစ်၊ ၎င်းတို့ကို လိုက်လံနှောင့်ယှက်နေခြင်းသည် လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးကို ထိပါးနေသည့်၊ ဖိနှိပ်ချုပ်ချယ်နေသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်၊ အကြမ်းဖက်သမားများက ငယ်ရွယ်သေးသည့် ကျောင်းသားအရွယ် ကလေးငယ်များကိုပင်လျှင် ကျောင်းဝတ်စုံ ဝတ်ခိုင်းပြီး ကျောင်းထဲဝင်ရောက် ဗုံးခွဲခိုင်းသည့် ဖြစ်စဉ်မျိုး ဖြစ်ပွားခဲ့၊ ထီးချိုင့် ဖြစ်စဉ်ဖြစ်**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ရောက်ရှိနေကြသည့် တိုင်းတစ်ပါးသားများ၊ ၎င်းတိုင်းတစ်ပါးသားများနှင့် အိမ်ထောင်ကျပြီး ပေါက်ဖွားလာသည့် သွေးနှောများ၊ နှစ်ပေါင်းများစွာ မြန်မာနိုင်ငံတွင်နေထိုင်ခဲ့သည့် တိုင်းတစ်ပါးသား မိဘနှစ်ပါးမှ မြန်မာနိုင်ငံအတွင်း မွေးဖွားသူများ အစရှိသဖြင့် အများအပြားရှိနေကြပြီး ဖြစ်ကြောင်း။

တိုင်းရင်းသားများမှအပ အခြားမည်သူများကို နိုင်ငံသားအဖြစ်လက်ခံမည်ဆိုသည်မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာအတွင်းကျရောက်သည့် လုပ်ပိုင်ခွင့်ဖြစ်ပါကြောင်း၊ အပြည့်အဝဖန်တီးခွင့်ရရှိရန် ကြိုးပမ်းနေချိန်တွင် နိုင်ငံသားဖြစ်မှုဥပဒေကို ရေးဆွဲခဲ့ရသည့်အတွက် နိုင်ငံတော်နှင့် ပြည်သူတို့၏ ရေရှည်အကျိုးစီးပွားကို အဓိကထား ရေးဆွဲလိုသော်လည်း ၎င်းအချိန်အခါတွင် တည်ရှိနေသည့် အခြေအနေများ၊ ပြဿနာများကို ခြုံငုံမိရန်အတွက် ကျော်လွှားလွန်ဆန်နိုင်ခြင်းမရှိဘဲ နိုင်ငံသားဖြစ်မှုအက်ဥပဒေကို ရေးဆွဲခဲ့ရပါကြောင်း။

ထို့ကြောင့် အဆိုပါဥပဒေများတွင် ဟာကွက်၊ ပျော့ကွက်များပါရှိခဲ့ပါကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက် မိမိတို့၏ ကြမ္မာကို မိမိတို့ဖန်တီးနိုင်ခွင့် ပြည့်ပြည့်ဝဝ ရရှိခဲ့သည့် အချိန်တွင် ယခင် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေသည် ရွေးချယ်ပိုင်ခွင့် သက်တမ်းကာလကုန်ဆုံးပြီဖြစ်၍ ၎င်းဥပဒေ၏ အာနိသင်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ခြင်း၊ ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေသည်လည်း ဟာကွက်၊ အားနည်းချက်များ ရှိနေခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားကို အကာအကွယ်ပေးရန်၊ မိမိတို့ တိုင်းရင်းသားများ၏ ရပိုင်ခွင့်တွေကို အပြည့်အဝ သတ်မှတ်ပေးရန်အတွက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ရခြင်း ဖြစ်ပါကြောင်း။

ဥပဒေရေးဆွဲနိုင်ဖို့အတွက် ၁၉၇၆ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်ကောင်စီက ဥပဒေကော်မရှင်တစ်ရပ်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ဥပဒေရေးဆွဲခြင်းကို အောက်ခြေအဆင့်ထိ လူထုလူတန်းစား အဖွဲ့အစည်းများ၊ နယ်စပ်ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၊ မြို့ကြီးပြကြီးများတွင် နေထိုင်ကြသည့် ပြည်သူများနှင့် နိုင်ငံတစ်ဝန်းတွင်ရှိသည့် ပြည်သူလူထုများ၏ ဆန္ဒသဘောထားများ၊ ပါတီ၊ ကောင်စီအကြံပြုချက်များကို ကျယ်ကျယ်ပြန့်ပြန့် တောင်းခံရယူပြီး ရေးဆွဲခဲ့ပါကြောင်း။

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေသည် ပြည်သူတစ်ရပ်လုံးက ပါဝင်ရေးဆွဲခဲ့သည့် ဥပဒေဖြစ်ကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ၆ နှစ်ခန့် အချိန်ယူရေးဆွဲပြီးနောက် ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် (၄) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၎င်းခေတ်အခါက နိုင်ငံတော်တွင် လိုအပ်၍ ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် အကျိုးသက်ရောက်မှုရှိပြီး တစ်နိုင်ငံလုံး ပျံ့နှံ့ပါကြောင်း။

မိမိတို့နိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများနည်းတူ နယ်မြေဒေသရေယာ ထိစပ်နေသည့် နိုင်ငံများ၊ ဒေသများရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာသည့်သူများ ရှိပါကြောင်း၊ စူးအက်တူးမြောင်းဖောက်လုပ်ပြီး ကမ္ဘာ့ဆန်စပါးဈေးကွက် ပွင့်လင်းလာပြီးနောက် အင်္ဂလိပ်တို့က လယ်စိုက်ရန်ဟူ၍ ရခိုင်ပြည်နယ်ထဲကို ခေါ်သွင်းလာခဲ့သည့် ဘင်္ဂါလီများရှိသလို ၁၉၄၅-၁၉၅၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အရှေ့မြောက်ဘက်ကို ဝင်ရောက်လာသည့် ကူမင်တန်တပ်နှင့် မိသားစုများ ရှိခဲ့ပါကြောင်း။

ခေတ်အလိုက် အခြားဝင်/ထွက်နေသူများလည်း ရှိခဲ့ပါကြောင်း၊ ၎င်းတို့ကို စိစစ်နိုင်ရန် ပြဋ္ဌာန်းထားသည့်၊ လိုအပ်ချက်အရ ပေါ်ထွက်လာသည့် ဥပဒေဖြစ်ပါကြောင်း၊ နိုင်ငံတိုင်းတွင်ရှိသည့် လူဝင်မှုကြီးကြပ်ရေးဥပဒေသည် ၎င်းနိုင်ငံ၏ လိုအပ်ချက်၊ နိုင်ငံ၏အကျိုးစီးပွားကိုသာ အဖြစ် အဆုံးအဖြတ်ပေးရမည်ဟု ပြဋ္ဌာန်းထားကြောင်း။

နံပါတ်နှစ်အနေဖြင့် လူတစ်ယောက်သည် မည်သည့်နိုင်ငံသားဖြစ်ကြောင်းကို မိမိတောင်းခံသော ဥပဒေအရသာ ဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ မိမိပြောလိုသည်မှာ နံပါတ်**တစ်** မြန်မာနိုင်ငံအတွင်းနေထိုင်သူ မည်သည့်လူမျိုးကိုမှ နိုင်ငံသားဖြစ်ခွင့် ပိတ်ပင်မထားပါကြောင်း၊ စည်းကမ်းဥပဒေနှင့်အညီ ခွင့်ပြုပေးလျက်ရှိကြောင်း၊ နံပါတ်**နှစ်အနေဖြင့်** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အခြားကမ္ဘာ့နိုင်ငံများနည်းတူ တည်ဆဲလူဝင်မှုကြီးကြပ်ရေးဥပဒေများကို ကျော်လွန်ပြီး ဆောင်ရွက်မည် မဟုတ်ကြောင်းကို ပြောလိုပါကြောင်း။

တစ်ဆက်တည်း ပြောလိုသည်မှာ မတရားအသင်း၊ အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသော NUG ဆိုသည့် အဖွဲ့သည် မိမိတို့နိုင်ငံထဲတွင် မိုင်းထောင်၊ ဗုံးခွဲ၊ မီးရှို့၊ အဖျက်အမှောင့်လုပ်ဆိုသည့် အဖျက်လုပ်ငန်းများကို လုပ်ဆောင်လာရုံသာမက နိုင်ငံတော်၏ အနာဂတ်၊ ပြည်ထောင်စု၏ အနာဂတ်၊ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး၏ အနာဂတ်ကိုပါ ချိန်ကိုက်ဗုံးတပ်ဆင်လာနေပြီဆိုသည်ကို သိစေလိုပါကြောင်း ပြောကြားသည်။

တတိယအချက်အနေဖြင့် ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်းနှင့် ရုံးပိတ်ရက်များအကြောင်းဖြစ်ကြောင်း၊ လက်ရှိကျင့်သုံးနေသည့် ဘဏ္ဍာရေးနှစ်သည် အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိဖြစ်ပြီး ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်မှ စတင်ပြောင်းလဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုပြန်လည်ပြင်ဆင်သတ်မှတ်ရန် လျာထားနေသည့် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ဘဏ္ဍာရေးနှစ်က ၁၉၇၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်ကျင့်သုံးခဲ့သည်မှာ နှစ်ပေါင်း ၄၃ နှစ်ကြာခဲ့ပြီဖြစ်ပါကြောင်း၊ ယခုပြင်ဆင်မည့် ဘဏ္ဍာရေးနှစ်ဖြစ်သည့် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိကျင့်သုံးမည်ဆိုလျှင် ယခုပြောပြမည့် အားသာချက်များရှိမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်နေသော နိုင်ငံဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည့် ကာလအမီ ဘတ်ဂျက်ခွဲဝေချထားပေးပြီး တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ်ထုတ်ချေး ပေးနိုင်မည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေလမှ စက်တင်ဘာလအထိ ထုတ်ချေးကာ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုပြီးနောက် စိုက်ပျိုးသီးနှံများကို ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများတွင် ရိတ်သိမ်းပြီး မတ်လ မကုန်မီ ပြန်လည်ပေးဆပ်စေခြင်းဖြင့် တောင်သူလယ်သမားများထံမှ ချေးငွေကို နှစ်ချင်းပြန်လည်ကောက်ခံနိုင်မည်ဖြစ်၍ နိုင်ငံတော်အတွက် ကြွေးမြီဝန်ထုပ်ဝန်ပိုး မရှိနိုင်ပါကြောင်း။

အခွန်ကောက်ခံမှု အပိုင်းတွင် အခွန်ထမ်းအများစုက ဘဏ္ဍာရေးနှစ်၏ နောက်ဆုံး သုံးလပတ်မှသာ အခွန်ပေးဆောင်လေ့ရှိသည့်အတွက် လက်ရှိဘဏ္ဍာရေးနှစ်က မြန်မာနိုင်ငံ၏ ငွေကြေးစီးဆင်းမှု အခက်အခဲဖြစ်တတ်သည့် မိုးရာသီတွင် နောက်ဆုံးကာလ ကျရောက်နေမည့်အစား ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများတွင် ကျရောက်မည်ဖြစ်ခြင်းကြောင့် အခက်အခဲကို လျော့နည်းစေမည်ဖြစ်ပါကြောင်း၊ ပညာရေးနှစ်သတ်မှတ်မှုအရ အခြေခံပညာကျောင်းများသည် ဇွန်လတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အတွက် ပညာရေး အသုံးစရိတ်များအားလုံး ဘတ်ဂျက်နှစ်အရ လျာထားချမှတ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

အစိုးရအဖွဲ့သက်တမ်း၊ လွှတ်တော်သက်တမ်းများနှင့် ကိုက်ညီမှုရှိပါကြောင်း၊ ဧပြီလတွင် တင်ဒါခေါ်ယူသည့်ကိစ္စရပ်များ ပြီးစီးအောင် ဆောင်ရွက်နိုင်လျှင် တည်ဆောက်ရေး လုပ်ငန်းများအတွက် မိုးရာသီ၌ ကြိုတင်ပြင်ဆင်ပြီး ပွင့်လင်းရာသီ ၇ လခန့်တွင် တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဟုန်ထိုးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ချိန်ထိုးကြည့်မည်ဆိုလျှင် ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံများအနက် ဒုတိယအများဆုံး ကျင့်သုံးသည့် ဘဏ္ဍာရေးနှစ်လည်း ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှစ်ကို ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အဖြစ် ပြောင်းလဲပြင်ဆင်မည်ဆိုလျှင် မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်သော နိုင်ငံဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည့် ကာလအမီ ဘတ်ဂျက်ခွဲဝေချပေးထားပြီး တောင်သူလယ်သမားများ အမှန်တကယ် လိုအပ်သည့်အချိန်တွင် စိုက်ပျိုးစရိတ် ထုတ်ချေးပေးနိုင်ခြင်း၊ မြန်မာနိုင်ငံ၏ဘဏ္ဍာရေးနှစ်ကို မြန်မာသက္ကရာဇ်နှင့်အညီဖြစ်စေခြင်း၊ ပညာရေးနှစ် သတ်မှတ်ချက်အရ အခြေခံပညာကျောင်းများအပါအဝင် ပညာရေးအသုံးစရိတ်များ အားလုံး ဘဏ္ဍာရေးနှစ်အလိုက် လျာထား ချမှတ်ပေးနိုင်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်နှင့် ဆောင်ရွက်မည့်လုပ်ငန်းများဖြစ်သည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်လုပ်ငန်းများကို မိုးရာသီအတွင်း ကြိုတင်ပြင်ဆင်ပြီး ဆောင်ရွက်နိုင်ခြင်း၊ အစိုးရအဖွဲ့သက်တမ်း၊ လွှတ်တော်သက်တမ်းကာလတို့နှင့် ကိုက်ညီမှုရှိသည်များကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ရုံးပိတ်ရက်များနှင့် ပတ်သက်ပြီး ပြန်လည်သုံးသပ်လျက် ရှိပါကြောင်း၊ အစားထိုးရုံးပိတ်ရက်များကို လျှော့ဖို့လျာထားပါကြောင်း၊ သို့သော် မြန်မာ့ရိုးရာသင်္ကြန်ကာလ၊ သီတင်းကျွတ်ကာလ၊ တန်ဆောင်တိုင်ကာလ ရုံးပိတ်ရက်များကို လျှော့မည်မဟုတ်ပါကြောင်း ပြောကြားသည်။

စတုတ္ထအချက်အနေဖြင့် အကြမ်းဖက် သင်တန်းများ၊ ထောက်ပံ့မှုများတွင် EAO အဖွဲ့အချို့၏ ပါဝင်ပတ်သက်နေမှုများကို ပြောကြားမည် ဖြစ်ပါကြောင်း၊ KIA အဖွဲ့ထံတွင် စစ်အခြေခံနှင့် ဖောက်ခွဲရေးသင်တန်းတက်ခဲ့သည့် ထူးဝေလင်းနှင့် မင်းသုခကျော် တို့ကို ၂၀၂၁ ခုနှစ် ဇွန်လ ၅ ရက် နေ့က ထောက်ကြန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၎င်းတို့၏ ထွက်ဆိုချက်အရ ဧပြီလ ၃ ရက် နေ့ တွင် ၎င်းတို့အပါအဝင် ၂၂ ဦးသည် KIA တပ်မဟာ (၃) မှ သင်တန်းဖွင့်လှစ်မည့် စခန်းကို ရောက်ရှိခဲ့ကြောင်းနှင့် သင်တန်းကို ဧပြီလ ၂၈ ရက်နေ့အထိ တက်ရောက်ခဲ့ပြီး စုစုပေါင်း ၁၄၅ ဦး တက်ရောက်ခဲ့သည်ကို ဖော်ထုတ်ရရှိပါကြောင်း၊ သင်တန်းဆင်းပွဲတွင် အကြမ်းဖက်အဖွဲ့ CRPH နှင့် NLD မှ ဦးကျော်စိုးလင်း၊ ဒေါက်တာမျိုးဝင်းတို့ တက်ရောက်ခဲ့ကြောင်း၊ ထူးဝေလင်းအနေဖြင့် မေလ ၁၃ ရက် နေ့တွင် သုဝဏ္ဏဈေးအနီး၊ မေလ ၂၅ ရက်နေ့တွင် စမ်းချောင်း အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၊ ဇွန်လ ၁ ရက်နေ့တွင် အထက (၄) အလုံ အနီး မိုင်းခွဲမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အလားတူ KNU အဖွဲ့ထံမှ ဖောက်ခွဲရေး သင်တန်းတက်ရောက်ပြီး ပြန်လာသည့် လူချော၊ ကျော်နိုင်ဦးနှင့် ဖွဲ့ပြည့်မောင်တို့ ၃ ဦးကို ၂၀၂၁ ခုနှစ် ဇွန်လ ၈ ရက်နေ့က *စာမျက်နှာ ၁၈ သို့*



မင်းဘူးမြို့နယ် ကျွန်းပြားကျေးရွာ အထက်တန်းကျောင်းဝင်းအတွင်းရှိ မူကြိုကျောင်းအား အကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့ဖျက်ဆီးမှုမှတ်တမ်း။



ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် ဗုံးပေါက်ကွဲမှု မှတ်တမ်း။

**❑ ရိုဟင်ဂျာ ဆိုတာမရှိဘူး၊ စိတ်ကူးယဉ်ပြီးပြောတဲ့ နာမည်တစ်ခုပဲ၊ ၁၉၃၁၊ ၁၉၂၁၊ ၁၉၃၁ ခုနှစ်က အင်္ဂလိပ်တွေ ကောက်ခံခဲ့တဲ့ သန်းခေါင်စာရင်းမှာတောင် ဘင်္ဂါလီဆိုတဲ့ စကား၊ စစ်တကောင်းဆိုတဲ့ စကားတွေပဲ တွေ့ရတယ်ဆိုတဲ့အကြောင်းနဲ့ မြန်မာနိုင်ငံမှာ အိမ်နီးချင်း ၅ နိုင်ငံရှိကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေဟာ ဒါတွေအားလုံးအတွက် မျှော်မှန်းပြီး ရေးဆွဲခြင်းဖြစ်**


အဓိကမူတည်ပြီး ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ ရှင်းလင်းစွာ ပြောလိုသည်မှာ မည်သည့်လူမျိုးကိုမှ နိုင်ငံသားဖြစ်ခွင့် ကန့်သတ်မထားပါကြောင်း၊ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့်ညီလျှင် နိုင်ငံသားဖြစ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားဖြစ်ခွင့်လည်း ပေးထားပါကြောင်း၊ ဖြစ်လည်း ဖြစ်နေကြပါကြောင်း။

၂၀၂၁ ခုနှစ် ဧပြီလအထိ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်သူ ဘင်္ဂါလီ ဦးရေ ၁ သိန်းကျော် အပါအဝင် ဧည့်နိုင်ငံသား စိစစ်ရေးကတ်၊ အမျိုးသားမှတ်ပုံတင်ကတ်၊ နိုင်ငံသားစိစစ်ခံရမည့်သူကတ် (NVC) စသဖြင့် ကိုင်ဆောင်ထားသူ ၂ သိန်း ၅ သောင်းကျော် ရှိပါကြောင်း နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေအကြောင်းအရာတစ်ရပ်ကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ ၁၉၃၀ ပြည့်နှစ် ဟိတ်ဥပဒေလက်စွဲပြုရေးတွင် ချုပ်ဆိုခဲ့သည့် နိုင်ငံသားဖြစ်မှု ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်မှုဆိုင်ရာစာချုပ် တစ်၊ နှစ်တွင် ပြဋ္ဌာန်းချက်အရ နိုင်ငံတိုင်းသည် မိမိတို့၏ ဥပဒေအရ မည်သူသည် မိမိနိုင်ငံသား

*စာမျက်နှာ ၁၇ မှ*

ရန်ကင်းမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၎င်းတို့၏ထွက်ဆိုချက်များအရ ကျုံပျော်မြို့မှ NLD ပါတီဝင် ဇော်မျိုးအောင်က ကျောက်ကြီး၊ မုန်း၊ ဇရပ်ကြီးဒေသရှိ KNU မှ ဖွင့်လှစ်သည့် သင်တန်းကို ၎င်းတို့အားပို့ဆောင်ခဲ့ကြောင်း၊ သင်တန်းကိုရောက်ရှိရန် NLD အားပေးထောက်ခံသူ ရှေ့နေ ဦးယုယချစ် က ကူညီခဲ့ကြောင်း၊ မေလ ၂၆ ရက်နေ့တွင် ရန်ကုန်သို့ရောက်ပြီး စမ်းချောင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအနီးနှင့် ရန်ကုန်–အင်းစိန်လမ်းမကြီး ဘူတာရုံလမ်းမှတ်တိုင်အနီး မိုင်းထောင်၊ မိုင်းခွဲမှုများ ပြုလုပ်ခဲ့သည်ကို သိရှိရပါကြောင်း။

KNPP အဖွဲ့ထံတွင် ဧပြီလ ၁၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ လက်နက်ငယ်နှင့် မိုင်းသင်တန်းတက်ပြီး ပြန်လာသည့် ၇၄ ဦးကို ဧပြီလ ၃၀ ရက်နေ့က ဖရူဆိုမြို့ရှောင်လမ်း၌ ဖမ်းဆီးရမိသည့်ဖြစ်စဉ်များဖြစ်ခဲ့ပါကြောင်း၊ ဇွန်လ ၆ ရက်နေ့က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကံကောင်းကျေးရွာအနီး ရွှေအုန်းပင်စားသောက်ဆိုင်၌ မိုင်း ၂၀၀ လုံးခန့်အပါအဝင် ဖောက်ခွဲဖျက်ဆီးရေးသုံး ဆက်စပ်ပစ္စည်း အမြောက်အမြား သိမ်းဆည်းရမိသည့် ဖြစ်စဉ်ဖြစ်ခဲ့ပါကြောင်း၊ ယင်းဖြစ်စဉ်များသည် ဖော်ထုတ်ပြီးဖြစ်စဉ်များထဲက နမူနာမျှသာဖြစ်ပါကြောင်း။




EAO အဖွဲ့အချို့အနေဖြင့် ၎င်းတို့ သင်ကြားပေးလိုက်သည့် မိုင်းထောင်မိုင်းခွဲ သင်ခန်းစာများကိုသုံးပြီး စာသင်ကျောင်းများ၊ အများပြည်သူပိုင် အဆောက်အဦများကို ဖောက်ခွဲဖျက်ဆီးနေကြသည်ကို သိရှိရန်လိုပါကြောင်း၊ EAO အဖွဲ့အားလုံးမဟုတ်ဘဲ အဖွဲ့အချို့ထဲကမှ တပ်မဟာ သို့မဟုတ် တပ်ရင်းအဆင့်အချို့သည် ယင်းအကြမ်းဖက်အားပေးသည့် လုပ်ရပ်များလုပ်နေသည်ကို အသိပေးလိုပါကြောင်း၊ NUG ၊ CRPH ၊ PDF အကြမ်းဖက်အဖွဲ့များ၏ ကြေညာချက်များ၊ ယင်းကြေညာချက်များ၊ NLD ပါတီဝင်များနှင့် အားပေးထောက်ခံသူ အစွန်းရောက်များ၏ လှုံ့ဆော်မှု၊ ကိုယ်တိုင်ပါဝင်မှုကြောင့် ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ၊ အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ခဲ့၊ ပတ်သက်ခဲ့သူများ၏ ထွက်ဆိုချက် ဗီဒီယိုဖိုင်များကို ပြသပါမည့် အကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောကြားရာတွင် ဖောက်ခွဲရေး သင်တန်းတက်ရောက်ခဲ့ပြီး လက်နက်ခဲယမ်းဝယ်ယူရေးကိစ္စများ ဆောင်ရွက်နေသည့် ငြိမ်းချမ်းနှင့် ရွှန်းစိမ့်စိမ့်တို့ကို မရမ်းကုန်းမြို့နယ်၌ မေလ ၁၃ ရက်နေ့က ဖမ်းမိခဲ့ပါကြောင်း၊ ၎င်းတို့၏ ထွက်ဆိုချက်အရ စေခိုင်းသူများသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် NLD ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ရည်မွန်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်ဟောင်း သိန်းနိုင်တို့ဖြစ်ကြောင်းကို ဖော်ထုတ်ရရှိပါကြောင်း၊ ဇယားအပြည့်အစုံကို သင်ပုန်းတွင် ပြသထားပါကြောင်း။

၂၀၂၁ ခုနှစ် မေလ ၂ ရက်နေ့တွင် ရန်ငြိမ်းပိုင်နှင့် ဇင်ညီညီနိုင်တို့ကို ဖောက်ခွဲ ဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ပျဉ်းမနားမြို့ ရွာကောက်၌ ဖမ်းမိခဲ့ပါကြောင်း၊ ပျဉ်းမနားမြို့ ကျောက်စက်တော်ရာစေတီအနီး တောတွင်း၌ ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူများ ဖြစ်ပါကြောင်း၊ သင်တန်းကို ဦးဆောင်သူ၊ ကူညီသူများသည် ပျဉ်းမနား NLD လူငယ် အတွင်းရေးမှူးဟောင်း ဖြိုးကိုနှင့် NLD လူငယ်တာဝန်ခံဟောင်း မျိုးကိုဇင်မြင့်တို့ ဖြစ်ပါကြောင်း၊ နေပြည်တော်နယ်မြေ လယ်ဝေးမြို့နယ် အေလာကျေးရွာအုပ်စု စက်ပိုင်းရပ်၌ ပြည့်ဖြိုးကို လက်လုပ်မိုင်းများနှင့် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ လက်လုပ်မိုင်း ၄၃ လုံး ပြုလုပ်ခဲ့ပါကြောင်း၊ စေခိုင်းသူက လယ်ဝေးမြို့နယ် NLD စည်းရုံးရေးမှူးဟောင်း သက်သက်မွန်ဖြစ်ပါကြောင်း။




လှည်းကူး ကလီထော်ဆည်ရှိ ခြံဝင်းအတွင်း လက်လုပ်ဗုံးများ ပြုလုပ်ပြီး ဖောက်ခွဲရေး သင်တန်းပေးသူများကို လက်ခံဆောင်ရွက်ခဲ့သည့် ခြံပိုင်ရှင် ဇော်ထိုက်နှင့် သင်တန်း တက်ရောက်ခဲ့သူ အောင်ကျော်ဦးတို့ကို မေလ ၁၈ ရက်နေ့တွင် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ယင်းသင်တန်းကို လှည်းကူး စာဖူးတောင်းရွာ NLD ရပ်/ကျေး နာယကဟောင်း ဦးဝင်းတင်မှ စေခိုင်းပြီး NLD ရပ်/ကျေး အတွင်းရေးမှူးဟောင်း နောင်နောင်နှင့် ပါတီဝင် အောင်မြင့်သိန်းတို့က ကူညီပေးခဲ့သည်ဟု သိရပါကြောင်း။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနယ်မြေကို သင်တန်းစေလွှတ်ခဲ့မှုနှင့် ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ရာတွင် ပတ်သက်ဆက်စပ်သည့် ရွှေဘိုမြို့မှ ရွှေသီဟ ဆန်စက်ပိုင်ရှင် အောင်ခန့်ကို ၂၀၂၁ ခုနှစ် မေလ ၂၁ ရက်နေ့က ဖမ်းဆီးရမိခဲ့ပါကြောင်း၊ စစ်ဆေးချက်များအရ မေလ ၁၆ ရက်နေ့တွင် CRPH မှ ဇော်ဝေစိုး အပါအဝင် ၄၀ ဦးခန့်နှင့် ပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ခုကို ရေဦးမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်ဟောင်း မြင့်ထွေး၊ မြောင်မြို့နယ် အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း အေးမြမွန်၊ မင်းကင်းမြို့နယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်ဟောင်း ခင်မွေးလွင်၊ ဝက်လက်မြို့နယ် အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဒေါက်တာနိုင်အောင်တို့နှင့် အတူ တက်ရောက်ခဲ့ပြီး PDF ကိစ္စရပ်များ ဆွေးနွေးခဲ့သည်ဟု သိရပါကြောင်း။

လူငယ်များကို စစ်သင်တန်း စေလွှတ်ရန် စီစဉ်ခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန်အတွက် အဓိက စေခိုင်းသူများမှာ NLD မှ လွှတ်တော်ကိုယ်စားလှယ်ဟောင်းများ ဖြစ်ကြသည့် ခင်မွေးလွင်၊ နေဇင်လတ်၊ အေဇင်လတ်၊ ကျော်သူဟန်ထွန်း၊ နိုင်အောင်၊ မြင့်ထွေးနှင့် အေးမြတ်မွန်တို့ ဖြစ်ကြောင်းကို စိစစ်ဖော်ထုတ် သိရှိရပါကြောင်း၊ ထိုအချက်များသည် မိမိတို့ ဖော်ထုတ်တွေ့ရှိချက်များထဲက အချို့သာဖြစ်ကြောင်း၊ NLD လွှတ်တော် အမတ်ဟောင်းများ၊ ပါတီဝင်အစွန်းရောက်များသည် ယနေ့နိုင်ငံ၏ နေရာအချို့တွင် ဖြစ်ပွားနေသော အကြမ်းဖက်မှုများတွင် ထဲထဲဝင်ဝင် ပတ်သက်နေခြင်းဖြစ်ကြောင်း၊ ယခုပြောသည့် သက်သေအထောက်အထား ဆက်စပ်မှုများကို သင်ပုန်းတွင် ဖော်ပြထားကြောင်းနှင့် အသေးစိတ် ကြည့်ရှုနိုင်သည်ကို ပြောကြားလိုကြောင်း ပြောကြားသည်။

ပဉ္စမအချက်အနေဖြင့် ယခု အကြမ်းဖက်ကိစ္စရပ်များ အပါအဝင် ပတ်သက်ခဲ့သည့်သူများ၊ လက်တွေ့ဆောင်ရွက်ခဲ့သူများ၏ ထွက်ဆိုချက်များကို ပြသမည်ဖြစ်ကြောင်း၊ Online ပေါ်၌ပျံ့နှံ့နေသော လုပ်ကြံဖန်တီးထားသည့် လှုံ့ဆော်မှုများ၊ သတင်းမှား၊ မျှော်လင့်ချက် အမှားများသည် လက်တွေ့အခြေအနေများနှင့် မည်မျှကွာခြားသည်ကို လက်တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပထမဆုံး NUG အဖွဲ့က အကြမ်းဖက်သမား ဇော်ဝေစိုး၏ ဗုံးထောင်ဖောက်ခွဲ၊ အဆိပ်ခတ်ရန် တိုက်တွန်းသော ဗီဒီယိုဖိုင်ကို ပြသခဲ့ကြောင်း၊ ထိုဗီဒီယိုဖိုင်ကို လုပ်ကြံဖန်တီးထားသည်ဟု ပြောကြကြောင်း။

ထိုကဲ့သို့ ပြောသည့်အထဲတွင် မီဒီယာအချို့လည်း ပါဝင်ကြောင်း၊ ထိုဗီဒီယိုဖိုင်၏ မူရင်းသည် ၁ နာရီနှင့် ၁၆ မိနစ်ကြာကြောင်း၊ ဇော်ဝေစိုးက အစည်းအဝေးတစ်ခု၌ ပြောခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပြသသော ဗီဒီယိုဖိုင်သည် ၎င်း၏ ပြောစကားထဲမှ ၃၄ မိနစ်နှင့် ၁ နာရီ ၁၀ မိနစ်ကျော်က စကားများဖြစ်ကြောင်း၊ အချိန်ကို ငဲ့ညှာသည့်အနေဖြင့် လိုသလောက်သာ ပြသခြင်းဖြစ်ကြောင်း၊ ထိုစကားများသည် မည်သည့်အဓိပ္ပာယ်ဆိုသည်ကို အကြမ်းဖက်သမားကိုယ်တိုင် အသိဆုံးဖြစ်လိမ့်မည်ဖြစ်ကြောင်း။

ဤသည်ကို အချို့မီဒီယာများက လုပ်ကြံဖန်တီးထားသည်ဟု ပြောကြကြောင်း၊ မီဒီယာများကိုပြောသည်မှာ အချို့ကျင့်ဝတ်သိက္ခာမရှိသည့် မီဒီယာများသည် မီဒီယာ၏ အဓိကတာဝန်ဖြစ်သော ပြည်သူကို ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် လုပ်ငန်းများအစား **“ဖ”** သုံးလုံးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း၊ ၎င်းတို့လိုသော လူ၊ ၎င်းတို့လိုသော လုပ်ငန်းများ၏ အမှန်တရားကို ဖုံးကွယ်ပြီး **“ဖာ”** ပေးကြောင်း၊ ၎င်းတို့ မလိုသောလူ၊ မလိုသည့်အဖွဲ့များ၏ အမှန်များကို အမှားဖြစ်အောင် **“ဖောက်”** ပစ်ကြောင်း၊ ၎င်းတို့ကို ထောက်ပံ့နေသော အဖွဲ့အစည်း၊ ၎င်းတို့ မျှော်လင့်နေသောအရာကို ပေးနိုင်သည်ဟု ယူဆသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံများကို **“ဖား”** ကြောင်း။

ထို **“ဖာ၊ ဖောက်၊ ဖား”** နေသည့် မီဒီယာများ၏ ပြောစကားများကို သတိထားကြရန် ပြောကြားလိုကြောင်း၊ နောက်ပြသမည့် ဗီဒီယိုဖိုင်များသည် တမူးမှ မန္တလေးကို လက်နက်လာသယ်သော PDF အဖွဲ့ဝင် ၃ ဦး၏ ထွက်ဆိုချက်ဖြစ်ကြောင်း၊ ဗီဒီယိုဖိုင်တွင် **NLD** ပါတီဝင်များက အကြမ်းဖက်လုပ်ရပ်များ၌ မည်မျှပါဝင်ပတ်သက်နေသည်၊ အချို့မီဒီယာအမည်ခံ သတင်းဌာနမှ သတင်းထောက်များ မည်သို့ပါဝင် ပတ်သက်နေသည်၊ လူငယ်များကို ဘာတွေလိမ်လည်ခဲ့သည်တို့ကို တွေ့ရလိမ့်မည်ဖြစ်ကြောင်း ပြောကြားပြီး video file များပြသခဲ့သည်။

နောက်ပြသမည့် ဗီဒီယိုဖိုင်မှာ ပုသိမ်မြို့၌ ထိန်းသိမ်းရမိခဲ့သော မိုင်းနှင့် ဗုံးများ ပြုလုပ်သောသူ၊ ဖောက်ခွဲသူများ၏ ပြောဆိုချက်များဖြစ်ကြောင်း၊ ထိုဗီဒီယိုဖိုင်ကိုကြည့်လျှင် တပ်မတော်က ဖမ်းဆီးရမိသောသူများကို ညှဉ်းပန်းနှိပ်စက်သည်ဆိုသော စွပ်စွဲချက် ဟုတ်၊ မဟုတ်ကို တွေ့ရလိမ့်မည်ဖြစ်ကြောင်း၊ ဒဏ်ရာရသော လူကိုတောင် လိုအပ်သည့် ပြုစုစောင့်ရှောက်ကုသမှုများ လုပ်ပေးထားသည်ကို တွေ့နိုင်ကြောင်းပြောကြားပြီး video file များပြသခဲ့သည်။

နောက်ပြသမည့်ဗီဒီယိုဖိုင်မှာ **MMA** လက်ဝှေ့သမား ဖိုးသော် ခေါ် သော်ထူးနိုင်၏ ပြောဆိုချက်ဖြစ်ကြောင်း ပြောကြားပြီး video file များပြသခဲ့သည်။ ဖိုးသော်ကို တပ်က ဖမ်းသွားပြီး နှိပ်စက်ထားသယောင် ရေးနေ၊ ပြောနေ၊ လုပ်ကြံဖန်တီးထုတ်လွှင့်နေသော အချို့မီဒီယာများ၏ ရည်ရွယ်ချက်မှာ ဘာလဲဆိုသည်ကို မေးခွန်းထုတ်စရာဖြစ်ကြောင်း၊ ထိုသို့ **“ဖာ၊ ဖောက်၊ ဖား”** ဖ သုံးလုံးမီဒီယာများသည် ပြည်သူလူထုအတွက် အဆိပ်အတောက်များ ဖြစ်သည်ဟုပြောလိုကြောင်း၊ နောက်ပြမည့် ဗီဒီယိုဖိုင်မှာ ရန်ကုန်မြို့တွင်း၌ လက်လုပ်မိုင်းများ ဖြန့်ချိ၊ သယ်ပို့ပေးရာတွင် အဓိကဆောင်ရွက်ခဲ့သော အောင်ဟိန်း၏ ပြောဆိုချက်ဖြစ်ကြောင်း ပြောကြားပြီး video file ပြသခဲ့သည်။

ထိုပြောဆိုချက်များသည် ထိန်းသိမ်းရရှိသူများထဲက အချို့ပြောဆိုချက်များသာဖြစ်ကြောင်း၊ **Online** ပေါ်နှင့် အချို့ **“ဖာ၊ ဖောက်၊ ဖား”** ဖ သုံးလုံး မီဒီယာများ၏ ပြောဆိုချက်၊ လှုံ့ဆော်ချက်၊ ဝါဒမှိုင်းတိုက်မှုများသည် မည်မျှလက်တွေ့အခြေအနေများနှင့် ကွာဟနေသည်ကို မျက်ဝါးထင်ထင်တွေ့နိုင်ကြောင်း၊ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသား ပြည်သူလူထုများသည် စဉ်းစားနိုင်စွမ်း၊ ဆင်ခြင်နိုင်စွမ်းရှိကြသူများဖြစ်ကြောင်း၊ မသမာသူများ၏ ပါးစပ်ဖျားမှာတင် လမ်းဆုံးမသွားရန်၊ အတွေးဆုံးမသွားရန် မေတ္တာရပ်ခံပန်ကြားလိုကြောင်း ရှင်းလင်းပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၆-၂၀၂၂ တနင်္လာနေ့

### MRTV

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ **'ဝံပြေရချိုပုစွန်မွေးမြူရေး'**
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၅** ရုပ်မြင်သံကြားဇာတ်လမ်း **'ငွေးသစ္စာ'**
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ'** (အပိုင်း-၉၀)
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'သင်္ချာဘာသာရပ်'**
**၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၀၅** This Week's Special Interest
**၁၇:၃၅** ကျန်းမာရေးမဂ္ဂဇင်း **'ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ'**
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** မြိတ်မြို့မှ ရေလုပ်ငန်းအတွက် အားထားရာ လွန်းကျင်းဆီသို့
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားငေါ်ဆောင်ရာ'** (အပိုင်း-၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှတ်ဆိုးမလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၅)

### MITV

**07:01** News
**07:27** Lines & Wash Painting
**07:34** Shrinking Footprints
**08:01** Myanmar Masterclass: Artist Pann Kyi
**08:12** Weaving Craft for a Living
**08:25** The World of Maha Gita
**09:01** A Bike Ride in pursuit of Mural Art (Episode-2)
**09:19** Finding Ways for Coexistence between People and Elephants
**09:33** Discovering Tribes
**10:23** Today Myanmar: The Art of Making Lacquerware in Bagan
**10:32** Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper Curry
**10:47** Myanmar Orchestra: A Blend of Arts!
**11:23** Ancient Shwe-San-Taw Pagoda

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
လှပသောအင်းတော်ကြီးအိုင်နှင့်အနီးဝန်းကျင်
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ရှုမြင်စေချင်ကော်ယော်(မိုနု)တို့ရဲ့ဓလေ့အသွင်
**ဝကြောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၀)
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဖားပုတောင်ပေါ်မှလှပသောမြင်ကွင်းတစ်ခွင်
**ချင်း(လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ
**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
တင်ဆာရောဂါအဖြေရှာ
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
လခြမ်းမြေမှ ရိုးရာအလှ(အပိုင်း-၂)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လွယ်မွေမြို့သို့အလည်တစ်ခေါက်

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel** ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ **Education Channel** ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

## ဆေးလိပ်၊ ဆေးရွက် ကင်းစင်မှ ရောဂါဘယ ကင်းဝေးရ



**Towards Tobacco Free Myanmar**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးပညာဌာနခွဲနှင့် မကူးစက်တတ်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲတို့ ပူးပေါင်း ထုတ်ဝေသည်။

(၂၀၁၇၊ မေလ)

### ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်

- ဆေးရွက်ကြီးနှင့် ဆေးလိပ်မီးခိုးငွေ့တွင် ကတ္တရာ၊ ကာဗွန်မိုနောက်ဆိုဒ်၊ ဘင်ဇင်း၊ အမိုးနီးယား အပါအဝင် ကင်ဆာဖြစ်စေတတ်သော ဓါတ်ပစ္စည်း (၄၀၀၀) ကျော်ပါဝင်ပါသည်။
- ဆေးရွက်ကြီးတွင် ပါဝင်သော နီကိုတင်းသည် စွဲလမ်းစေသော အာနိသင်ရှိသည်။
- ၎င်းအာနိသင်ကြောင့် စတင် စမ်းသပ်ကြည့်ရာမှ တဖြည်းဖြည်း ပို၍ စွဲလမ်းလာပြီး ဆေးလိပ်မသောက်ရ မနေနိုင်အောင်၊ ကွမ်းမစားရ၊ ဆေးမငုံရ မနေနိုင်အောင် ဖြစ်လာကြပါသည်။

ကွမ်းထဲတွင် ဆေးထည့်စားခြင်း၊ ဆေးရွက်ကြီးငုံခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကြောင့် လူတို့၏အသက်ကို သေစေနိုင်သည်အထိ အန္တရာယ်ရှိပါသည်။

### ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့်ဖြစ်သော ရောဂါများ

ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် ဆေးပါသောကွမ်းစားခြင်းတို့ကြောင့် -

- ခံတွင်းကင်ဆာ
- လည်ချောင်းကင်ဆာ
- အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး
- နှလုံးသွေးကြောကျဉ်းခြင်း
- သွေးကြောပိတ်ခြင်း
- ဦးနှောက်သွေးကြောပိတ်၍လေဖြတ်ခြင်း
- အဆုတ်ပွရောဂါ
- ပြင်းထန်သည့်သွေးတိုးရောဂါ
- ခြေပုပ်၊ လက်ပုပ်ရောဂါ စသည်တို့ဖြစ်နိုင်ပါသည်။




**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၆ - ၂၀၂၂

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၄၀၀ |

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၉ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၁၀၀ | ၇၂၂ | ၆၅၇၂၄၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၃၄ | ၁၂၂၄၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁ | ၂၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၄ | ၁၁၂၀၀ |
| EFR | ၃၂၀၀ | ၃၂၅၀ | ၂၅၈ | ၈၃၂၉၅၀ |
| AHP | ၄၆၀၀ | ၅၀၀၀ | ၁၈၇ | ၉၁၃၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - ဝင်းကျော်
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
**ဘာသာပြန် စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံ သတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့

**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အကြမ်းဖက်ဝါဒ အချိန်မီတားဆီးကာကွယ်ကြ

## စာချစ်သူ

ပစ္စက္ခ မိမိတို့ကြုံတွေ့နေရသည့် စာသင်ကျောင်းနှင့် နိုင်ငံပိုင်အဆောက်အအုံများကို ပစ်မှတ်ထား၍ ဗုံးခွဲမီးရှို့ခြင်း၊ လုံခြုံရေးအဖွဲ့ဝင်များနှင့် ပြိုင်ဘက်ပါတီဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များအား စနစ်တကျပစ်မှတ်ထား လုပ်ကြံသတ်ဖြတ်ခြင်း၊ Non CDM ဝန်ထမ်းများ၊ အမျိုးသားရေးအင်အားစုများ၊ ငြိမ်းချမ်းစွာပညာသင်ကြားနေသော ကျောင်းသားလူငယ်များနှင့် အပြစ်မဲ့ပြည်သူများအား သူလျှိုဒလန်များဟု စွပ်စွဲ၍ ခြိမ်းခြောက်သတ်ဖြတ်ခြင်း စသည့်ဖြစ်စဉ်များသည် နိုင်ငံသမိုင်းတွင် မကြုံဖူးသော အလွန်စက်ဆုပ်ရွံရှာဖွယ် အကြမ်းဖက်လုပ်ရပ်များဟု ဆိုရပေမည်။ ထိုအကြမ်းဖက်လုပ်ရပ်ကို ထောက်ခံသူ၊ ပါဝင်ဆောင်ရွက်နေသူများထဲတွင် အမျိုးသမီးငယ်များပင် ပါဝင်နေသည်မှာ အံ့သြတုန်လှုပ်ဖွယ်ဖြစ်သည်။

နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ရန် လေလှိုင်းပေါ်မှတစ်ဆင့် လက်ရှိအခါတော်ပေးနေကြသည့် အကြမ်းဖက်ဝါဒီများ၏ ရည်ရွယ်ချက်မှာ ကမ္ဘာပေါ်တွင် ထင်ရှားသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ လမ်းစဉ်အတိုင်း ပြည်သူလူထုကို ထိတ်လန့်ချောက်ချားစေရန်နှင့် ကြောက်လန့်တုန်လှုပ်စေရန်ဖြစ်သည်။

**❖ နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ရန် လေလှိုင်းပေါ်မှတစ်ဆင့် လက်ရှိအခါတော်ပေးနေကြသည့် အကြမ်းဖက်ဝါဒီများ၏ ရည်ရွယ်ချက်မှာ ကမ္ဘာပေါ်တွင် ထင်ရှားသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ လမ်းစဉ်အတိုင်း ပြည်သူလူထုကို ထိတ်လန့်ချောက်ချားစေရန်နှင့် ကြောက်လန့်တုန်လှုပ်စေရန်ဖြစ်သည်**

လက်တင်ဘာသာစကားအရင်းအမြစ် Terror မှလာသော Terrorism ဝေါဟာရကိုက ကြောက်လန့်တုန်လှုပ်အောင်လုပ်ခြင်းဟု အဓိပ္ပာယ်ရသည်။ Terrorism အသုံးအနှုန်းကို ပြင်သစ်တော်လှန်ရေးကာလက စတင်သုံးနှုန်းခဲ့သည်ဟု လေ့လာသိရှိရသည်။ ဂျကိုဘင်ဟုခေါ်သော ပြင်သစ်တော်လှန်ရေးအဖွဲ့က Reign of Terror ဆိုသည့် အကြောက်တရားနှင့် စိုးမိုးရန်ဟူသော စကားလုံးကို စတင်တီထွင်ခဲ့ကြသည်။ နောက်ပိုင်းတွင် အစိုးရမဟုတ်သည့်အုပ်စုတွေကလည်း အကြောက်တရားကိုဖြစ်အောင် ဖန်တီးလာသည်များကို Terrorism ဟူ၍ သုံးလာကြသည်။

အကြမ်းဖက်မှုအမျိုးအစားများကို လေ့လာကြည့်လျှင် သဘောတရားရေးရာ အကြောင်းရင်းခံနှင့် အကြမ်းဖက်တိုက်ခိုက်သည့် အမျိုးအစား၊ နိုင်ငံရေးအကြောင်းရင်းခံနှင့် အကြမ်းဖက်တိုက်ခိုက်သည့်အမျိုးအစား၊ ဘာသာရေးအကြောင်းရင်းခံနှင့် အကြမ်းဖက်တိုက်ခိုက်သည့်အမျိုးအစား၊ လူမျိုးရေးအကြောင်းရင်းခံနှင့် အကြမ်းဖက်တိုက်ခိုက်သည့်အမျိုးအစားနှင့် အခြားအကြောင်းရင်းခံများနှင့် အကြမ်းဖက်တိုက်ခိုက်သည့်အမျိုးအစားဟူ၍ လေ့လာတွေ့ရှိနိုင်သည်။

ကွန်မြူနစ်များက Revolutionary Terror ဟုဆိုကာ သဘောတရားအကြောင်းရင်းခံအရ အကြမ်းဖက်မှုကို နည်းလမ်းတစ်ရပ်အနေဖြင့် ပြုလုပ်သည်။ နိုင်ငံရေးရည်မှန်းချက်ကို ကိုင်စွဲထားသော အဖွဲ့အစည်းများကလည်း ကိုယ့်ပြည်နယ်၊ ကိုယ့်လူမျိုး လွတ်မြောက်ရေးဟုဆိုကာ နိုင်ငံရေးအကြောင်းရင်းခံအရ အကြမ်းဖက်မှုကို နည်းလမ်းတစ်ခုအနေဖြင့် ပြုလုပ်သည်။

### အပြစ်မဲ့ပြည်သူများစွာ သေကျေခဲ့ရ

ဘာသာရေးအကြောင်းရင်းခံအရ ၁၉၉၅ ခုနှစ်တွင် ဂျပန်နိုင်ငံမှ Aum Shinrikyo (ဥုံရှုရိန်ကျို) အဖွဲ့ခေါင်းဆောင် အာဆာဟာရာ၏ ဟောပြောမှုများကြောင့် ဘာသာရေးအစွန်းရောက်သူများက တိုကျိုမြေအောက်ရထားပေါ်၌ Sarin Gas အဆိပ်ငွေ့များကို ပလတ်စတစ်အိတ်ထဲထည့်ကာ ဖောက်ခွဲခဲ့၍ အပြစ်မဲ့ပြည်သူများစွာ သေကျေခဲ့ရသည်။

ဘာသာရေးကို အခြေခံသော ဟားမာ့စ် (စိတ်အားထက်သန်တက်ကြွမှု)နှင့် ဟစ်ဘိုလာ (ဘုရားသခင်၏အဖွဲ့)တို့ကလည်း နိုင်ငံရေး ရည်မှန်းချက်အရ အကြမ်းဖက်မှုများကို နည်းလမ်းတစ်ရပ်အနေဖြင့် အသုံးပြုသည်။ ဟားမာ့စ်တို့က လူ့အဖွဲ့အစည်းအဟောင်းတစ်ခု၊ ပုံစံအဟောင်းတစ်ခုမှ ပုံစံအသစ်တစ်ခုသို့သွားရန်အတွက် အမြန်ဆုံးနှင့်အသက်သာဆုံးက ပဋိပက္ခကို အတိုဆုံးနည်းနှင့် အသက်သာဆုံး ဖြေရှင်းနိုင်သည်က Terrorism ပဲဟု ကိုင်စွဲယူဆခဲ့ကြသည်။

### နည်းလမ်းပေါင်းစုံဖြင့် အကြမ်းဖက်

အယ်လ်ကေဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်က "ကမ္ဘာ့ပြဿနာများကိုဖြေရှင်းရန် ဂျီဟာဒ်လိုသည်"ဟု ယုံကြည်ယူဆပြီး "ဂျီဟာဒ်နှင့် ရိုင်ဖယ်ပဲရှိတယ်၊ ညှိနှိုင်းတာမရှိဘူး။ ဆွေးနွေးတာမရှိဘူး။ အပေးအယူမရှိဘူး" ဟူသည့် ကြွေးကြော်သံဖြင့် အာဖဂန်စစ်ပွဲမှအစပြု၍ အမေရိကန်နှင့် ဥရောပနိုင်ငံများပါမချန် နည်းလမ်းပေါင်းစုံဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။

အမေရိကန်ကလည်း အယ်လ်ကေဒါ၏ ၉/၁၁ အကြမ်းဖက်မှုအပြီးတွင် War on Terror ဟုဆိုကာ အာဖဂန်နစ္စတန်၊ ထို့နောက် အီရတ်နိုင်ငံတို့ကို ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ၂၀၁၁ ခုနှစ် မေလ ၁ ရက်နေ့တွင်မှ ပါကစ္စတန်နိုင်ငံ အာ့ဘ်ဒါဘာဒ်မြို့၌ ပုန်းခိုနေသူ ၉/၁၁ အကြမ်းဖက်မှု၏ လက်သည်တရားခံ အိုစမာဘင်လာဒင်ကို အမေရိကန်ရေတပ် ဆီးလ်အဖွဲ့က သွားရောက်သတ်ဖြတ်ခဲ့သည်။

လူမျိုးရေးကိုအခြေခံသော အကြမ်းဖက်အဖွဲ့အစည်းအနေဖြင့်မူ ၁၉၂၀ ပြည့်နှစ်ဝန်းကျင်က အမေရိကန်မှာ Ku Klux Klan (KKK) အဖွဲ့က ထင်ရှားသည်။ ကေသုံးလုံးအဖွဲ့ဝင်များသည် ထိုခေတ်က လူမည်းများနှင့် ဂျူးများကို လိုက်လံသတ်ဖြတ်ခဲ့ကြသည်။

၉/၁၁ အကြမ်းဖက်မှုအပြီး နောက်ပိုင်းတွင်လည်း ကမ္ဘာကြီးသည် မကြုံစဖူး အကြမ်းဖက်မှုအန္တရာယ်နှင့် ဆက်လက်ရင်ဆိုင်ကြုံတွေ့ခဲ့ရပြန်သည်။

### တုန်လှုပ်ချောက်ချား

၂၀၀၄ ခုနှစ်က ရုရှားနိုင်ငံမြောက်ပိုင်းရှိ ဘက်စလန်ကျောင်းကို ချေချင်းညာ ခွဲထွက်ရေးအုပ်စုတစ်စုက အကြမ်းဖက်ဝင်ရောက် စီးနင်းခဲ့မှုကြောင့် ကလေးလူကြီး ၃၀၀ ကျော် သေဆုံးခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်၊ ၂၀၀၅ ခုနှစ်တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့လယ်၌ ဖြစ်ပွားခဲ့သည့် ခရီးသည်တင်ဘတ်စ်ကား ဗုံးပေါက်ကွဲမှုနှင့် မီးရထား ဗုံးပေါက်ကွဲမှုဖြစ်စဉ်များ၊ ၂၀၀၈ ခုနှစ် စက်တင်ဘာလက ဖြစ်ပွားခဲ့သည့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းအကြမ်းဖက် တိုက်ခိုက်ခံရမှုဖြစ်စဉ်များသည် ကမ္ဘာ့နိုင်ငံအားလုံးကို တုန်လှုပ်ချောက်ချားစေခဲ့သည်။

၉/၁၁ အကြမ်းဖက်မှုဖြစ်စဉ် နောက်ပိုင်းတွင်လည်း အကြမ်းဖက်သမားများသည် ထောင့်သန်းရောဂါပိုးမွှားများကို စာအိတ်ထဲထည့်၍ ဇီဝလက်နက်အဖြစ် အသုံးပြုကာ အမေရိကန်လွှတ်တော်အမတ်များ၊ တာဝန်ရှိသူများထံ စာတိုက်မှတစ်ဆင့် ပေးပို့ခဲ့ပြန်၍ အမေရိကန်လူထုသည် အတော်လေးချောက်ချားခဲ့ကြသည်။

ယနေ့မြန်မာနိုင်ငံတွင်လည်း အကြမ်းဖက်ဝါဒီများက လူမှုကွန်ရက်ပေါ်မှတစ်ဆင့် အကြမ်းဖက်မှုများကို ဆက်တိုက်လုပ်ဆောင်ကြရန် ညွှန်ကြားလျက်ရှိသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၁၅၆၆ တွင် အစိုးရတစ်ရပ်၊ နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်ရပ်က တစ်ခုခုကို လုပ်ပေးရန် (သို့မဟုတ်) မလုပ်ဘဲ လက်ရှောင်နေမှုကို ရည်ရွယ်၍ တမင်သက်သက် သာမန်လူထုကိုဖြစ်စေ၊ အုပ်စုတစ်စုကိုဖြစ်စေ ပြန်ပေးဆွဲခြင်း၊ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် သေကျေစေရန် ကျူးလွန်ခြင်း စသည့် ရာဇဝတ်မှုထိုက်သင့်သောလုပ်ရပ်မျိုးကို Terrorism ဟု အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ထားသည်။

သို့ရာတွင် အကြမ်းဖက်အုပ်စု၊ အကြမ်းဖက်မှုဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်များမှာမူ ကွဲပြားခြားနားမှုအချို့ရှိနေသည်။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစနစ်၏ စံပြနိုင်ငံကြီးဟု လူအများက ယူဆနေကြသည့် အမေရိကန်နိုင်ငံသည်ပင်လျှင် ကိုယ်ကျိုးစီးပွားအပေါ် အခြေခံ၍ တာလီဘန်နှင့် အယ်လ်ကေဒါအဖွဲ့အပေါ် ရှုမြင်မှုမှာ ကွဲပြားမှုရှိခဲ့သည်။

အာဖဂန်စစ်ပွဲတွင် ဆိုဗီယက်တို့ကို ခုခံတိုက်ခိုက်နေသည့် အယ်လ်ကေဒါနှင့် တာလီဘန်တို့ကို အမေရိကန်က အာဖဂန်မူဂျာဟစ် (ဘာသာရေးစစ်သည်)များဟု ထိုစဉ်က သုံးနှုန်းခေါ်ဝေါ်ခဲ့ပြီး ထောက်ခံအားပေးခဲ့သည်။

အာဖဂန်မှ ဆိုဗီယက်တို့ ထွက်ခွာသွားပြီးနောက်ပိုင်း အိုစမာဘင်လာဒင်က အမေရိကန်၏ အကျိုးစီးပွားများကို တစ်ဖန် တိုက်ခိုက်လာသည့်အခါတွင်မှ Terrorism ဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

မည်သို့ဆိုစေ အကြမ်းဖက်သမားတို့၏ အကြမ်းဖက်လုပ်ရပ်များသည် ကမ္ဘာကြီးကို ပစ္စက္ခတိုင် ခြိမ်းခြောက်နေဆဲ။ အကြမ်းဖက်ဝါဒီများသည် နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေး၊ သဘောတရားရေး စသည့်အကြောင်းရင်းခံများအပေါ် အခြေခံ၍ မသိနားမလည်သည့် လူငယ်များကို အကြမ်းဖက်ဝါဒအတွေးအခေါ်များ စိမ့်ဝင်သွားအောင် နားချစည်းရုံးနေဆဲဖြစ်၍ အကြမ်းဖက်လုပ်ရပ်များကို ယဉ်ကျေးသော ကမ္ဘာ့အသိုက်အဝန်းက တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချကြရပေမည်။

**မြန်မာနိုင်ငံတွင် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော အကြမ်းဖက်မှု ပြဿနာကို ကမ္ဘာကြီးသည် အကြမ်းဖက်လုပ်ရပ်ဟု မမြင်ဘဲ လျစ်လျူရှုခဲ့ပါက အကြမ်းဖက်ဝါဒ သည် ကမ္ဘာပေါ်တွင် တစ်ကျော့ပြန် ခေါင်းထောင်ထလာပေဦးမည်**

မြန်မာနိုင်ငံတွင် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော အကြမ်းဖက်မှုပြဿနာကို ကမ္ဘာကြီးသည် အကြမ်းဖက်လုပ်ရပ်ဟုမမြင်ဘဲ လျစ်လျူရှုခဲ့ပါက အကြမ်းဖက်ဝါဒသည် ကမ္ဘာပေါ်တွင် တစ်ကျော့ပြန် ခေါင်းထောင်ထလာပေဦးမည်။

### ပူးပေါင်းကာကွယ်

မြန်မာပြည်သူလူထုအနေဖြင့်လည်း အကြမ်းဖက်လုပ်ရပ်ကို အကြမ်းဖက်လုပ်ရပ်အဖြစ်၊ အကြမ်းဖက်ဝါဒကို အကြမ်းဖက်ဝါဒအဖြစ် ခွဲခြားရှုမြင်ကာ အချိန်မီ ပူးပေါင်းကာကွယ်တားဆီးကြရပေမည်။ လက်ရှိကျူးလွန်နေသည့် အကြမ်းဖက်လုပ်ရပ်များကို သတိမမူ လျစ်လျူရှုခဲ့ပါမူ အကြမ်းဖက်ဝါဒသည် မြန်မာနိုင်ငံတွင် အမြစ်တွယ်ကာ ပြည်သူလူထုကို ဒုက္ခပင်လယ်ဝေစေပါလိမ့်မည်။ အချိန်မီ ပူးပေါင်းကာကွယ်တားဆီးကြစို့။ ။

**ကိုးကား။ ။ Global Panorama အစီအစဉ်ပါ ဦးကိုကိုလှိုင်၏ "အကြမ်းဖက်မှု ပြဿနာ" ဆွေးနွေးချက်မှ။**

# ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်စိုက်ပျိုးပေး

**ပုသိမ် ဇွန် ၁၃**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မြို့မအားကစားကွင်း၌ ဇွန် ၁၂ ရက်က ၂၀၂၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲတော်ကျင်းပရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ တိုင်းဒေသကြီး ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် များမှ ဌာနဆိုင်ရာများ၊ တပ်မတော်မှ အရာရှိကြီးများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက် စိုက်ပျိုးပေးကြသည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးသည် အင်မတန် များပြားသည့်အတွက် ကိုယ်တိုင်သစ်ပင်စိုက်ခြင်းသည် ကြီးမြတ်သောလုပ်ငန်းတစ်ရပ်အဖြစ် ဂုဏ်ယူ ဝမ်းမြောက်စရာကောင်းလှကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ရောဝတီတိုင်းဒေသကြီးအတွင်း သစ်တောဦးစီးဌာနမှ နိုင်ငံပိုင်စီးပွားရေးစိုက်ခင်း ၂၅၇၅ ဧက၊ ဒီရေတောစိုက်ခင်း ဧက ၂၈၀၀၊ ကျေးရွာထင်းစိုက်ခင်း ဧက ၈၀၀၊ လူထုလှုပ်ရှားမှုပျိုးပင်ပေါင်း ၁၄၁၅၈၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်း ၂၀၄၃ ဧက၊ ပုဂ္ဂလိကစိုက်ခင်း ၁၅၉၅ ဧက၊ အပင်စုစုပေါင်း ၁၂၀၅၇၀၈၅ စိုက်ပျိုးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးမှာ လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း သစ်တောဖုံးလွှမ်းမှုကျဆင်းခြင်းနှင့်အတူ မမေ့နိုင်သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကို ခံစားခဲ့ကြရသည့်အတွက် သစ်တောထိန်းသိမ်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်း ပါဝင်ကြရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ မန်ကျည်းရှားစသည့် ပျိုးပင် ၁၀၀၅ ပင်ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူပြီး သတ်မှတ်ထားသော နေရာများ၌ သစ်ပင်များကို စိုက်ပျိုးကြကြောင်း သိရသည်။

မောင်မောင်မြင့်၊ ဇင်မာ(ပြန်/ဆက်)

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မိုးကောင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ

**မိုးကောင်း ဇွန် ၁၃**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် မိုးကောင်းမြို့နယ် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား ဇွန် ၁၁ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမျိုးဆွေနှင့် ဦးတိန့်ဆောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးတို့က အမှာစကား ပြောကြားပြီး တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက တစ်ဦးချင်းစီ နှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကျန်းမာရေးဝန်ထမ်းများအတွက် မြို့နယ်ကုသ/ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကောင်းမြတ်စံအား ငွေကျပ် ၁၀ သိန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်အား ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များက မြို့နယ်ရဲတပ်ဖွဲ့ဝင်များအတွက် ရဲမှူး ဟန်မင်းသော်အား ငွေကျပ် ၁၀ သိန်း၊ မြို့နယ်ပညာရေးဝန်ထမ်းများအတွက် မြို့နယ်ပညာရေးမှူး ဒေါ်နွယ်နွယ်အား ငွေကျပ် ၁၀ သိန်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအတွက် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးလဂျွန်းအား ငွေကျပ် ငါးသိန်းတို့ကို လည်းကောင်း ထောက်ပံ့ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သန်းလွင်ဦး(ပြန်/ဆက်)

# မြေပုံမြို့နယ် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းပြီးစီးမှုကို ကျေးရွာရေကော်မတီထံသို့ လွှဲပြောင်းပေးအပ်

**မြောက်ဦး ဇွန် ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၂၄ ဒသမ ၇၀၀ ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် မြေပုံမြို့နယ် ကျောက်တန်းကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းပြီးစီးမှုကို ယမန်နေ့က မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဘစော(လက်ထောက်ညွှန်ကြားရေးမှူး) နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းဆောင်ရွက်ရာ အဆိုပါစိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှုကို ကျေးရွာရေကော်မတီထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မြို့နယ်ကျေးလက်ဦးစီးမှူးက ယင်းစိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ရေရှည်ခိုင်ခံ့သုံးစွဲနိုင်ရန်နှင့် မပျက်စီးစေရန် ရွာသူ ရွာသားများက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန်၊ စိမ့်စမ်းရေပင်ရင်းရှိ သစ်ပင်များကို ခုတ်ယူခြင်း၊ မီးရှို့ခြင်းများမပြုလုပ်ကြရန် ရှင်းလင်းမှာကြားကြောင်း သိရသည်။

အောင်လှဖြူ

**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**



# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုဗစ်- ၁၉ ရောဂါစစ်ဆေးမည့်ဂိတ်ကို ကြည့်ရှုစစ်ဆေး

**ကွမ်းလုံ ဇွန် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် ချင်းရွှေဟော်မြို့အနီး ကွမ်းလုံမြို့နယ်အပိုင် ရွှေကူးငါးကျေးရွာတွင် ကိုဗစ်- ၁၉ တို့ဖတ်နမူနာ ရယူစစ်ဆေးဆောင်ရွက်ရန် မြေနေရာ လျာထားသည့်နေရာသို့ ဇွန် ၁၁ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ချင်းရွှေဟော်မြို့ နှစ်နိုင်ငံ နယ်နိမိတ် အခြေင်းပွားနေသည့် မြေနေရာနှင့် BP 144/3 အနီးရှိ ချင်းရွှေဟော် မိန်းတိန် ဒုတိယနယ်စပ်ဂိတ်ပေါက် ဖွင့်လှစ်မည့်နေရာ၊ ချင်းရွှေဟော်မြို့ရှောင်လမ်း ဖောက်လုပ်မည့်နေရာ၊ BP 125 ရန်လုံကျိုင်းနယ်စပ်စစ်ဆေးရေးဂိတ်နှင့် လက်ဖက်ခြောက်စက်ရုံတွင် ထားရှိမည့် RT(PCR) စက်တို့ကို သွားရောက်ကြည့်ရှုကြပြီး လိုအပ် သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ကျန်းမာရေးအထောက်အပံ့ကောင်းများ ဖြစ်စေသတည်း

စွန်ရဲ

**နိုင်ငံပိုင်သတင်းစာများတွင် ဆေးရုံ၊ ဆေးခန်းများ ၂၄ နာရီဖွင့်လှစ်ကာ လူနာများအား လက်ခံကုသပေးလျက်ရှိနေကြောင်း သတင်းဖော်ပြချက်များကို တွေ့ရသဖြင့် ဝမ်းသာပီတိဖြစ်ရသည်။ ယခုနှစ် ဖေဖော်ဝါရီလလယ်ခန့်မှစ၍ ဆေးရုံ၊ ဆေးပေးခန်းများတွင် ဆရာဝန်မရှိ၊ သူနာပြု မရှိ ဖြစ်သွားခဲ့ခြင်းကြောင့် ရောဂါဝေဒနာခံစားနေရသူများ သေသူ သေ၊ ပို၍နာသူနာ ဖြစ်ခဲ့ရသည့် သတင်းများကို စိတ်မကောင်းစရာကြားသိခဲ့ရသည်မှ ယခုသတင်းများမှာ မင်္ဂလာရှိသောသတင်းလည်း ဖြစ်သည်။ သို့သော် လူနာနှင့် ဆရာဝန်၊ သူနာပြုအင်အား မလုံလောက်သေးသည်များက ရှိနေဆဲဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် CDM ဝင်သွားခဲ့သူ ဆရာဝန်၊ သူနာပြု ဆရာ ဆရာမများ ရှိနေသေးသောကြောင့်ဖြစ်သည်။**

ဆရာဝန်ဆိုသည်မှာ သာမန်ဆရာများ မဟုတ်ကြပါ။ လူသားများ၏ဝေဒနာကို သက်သာပျောက်ကင်းအောင် ကုသ ကယ်တင်ပေးနိုင်ကြသူများ ဖြစ်သည်။ တကယ်တော့ သမားတော်တစ်ဦး၊ ဆရာဝန်တစ်ဦး ဖြစ်လာဖို့ဆိုသည်မှာလည်း လွယ်လှသည်မဟုတ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အမှတ်အများဆုံးရသူများသာ ဆေးတက္ကသိုလ် တက်ရောက်သင်ကြားခွင့် ရနိုင်သည်။ ဆိုရလျှင် ပညာဉာဏ်ရည် ထက်မြက်သူများသာ ဆေးပညာသင်ယူခွင့်ရကြသည်။ ဆေးပညာဘွဲ့ကိုလည်း လွယ်လွယ်ရယူနိုင်သည်မဟုတ်။ ဆေးကျောင်း ရှစ်နှစ်ကို အစွမ်းကုန်ကြိုးစားတက်ရောက် သင်ကြားဆည်းပူးခဲ့ကြရသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဆရာဝန်ဆိုသူများသည် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ထူးချွန်သူများဖြစ်ကြပြီး လူအများ လေးစားကြည်ညိုခြင်းကို ခံရထိုက်သူများ ဖြစ်ကြသည်။

### တိုင်းရင်းဆေးဆရာများ

စာရေးသူ၏ ငယ်ဘဝကို ကျေးလက်တောရွာတွင် ကုန်ဆုံးခဲ့ရသည်။ ပြည်နယ် မြို့တော်နှင့် မိုင် ၇၀ ခန့်ဝေးကွာသည့်နေရာ၊ မြို့နယ်မြို့နှင့် ၁၅ မိုင်ခန့် အလှမ်းဝေးသည့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောနေရာတစ်ခုဖြစ်သည့် ကျေးလက်တွင် ၁၉၅၆ ခုနှစ်အထိ နေထိုင်ခဲ့ရခြင်းလည်း ဖြစ်သည်။ ပြည်တွင်းသောင်းကျန်းမှုအရှိန် အားကောင်းနေသောကာလ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲ၊ ဆေးရုံ ဆေးပေးခန်းမရှိ၊ ပညာသင်ကြားရန်ပင် ဘုန်းတော်ကြီးကျောင်းများ၊ ကျေးလက်စပါးတောင်းကျောင်းများ(ရွာမှစုပေါင်းပြီး စပါးပေါ်ပေးစနစ်ဖြင့် ဆရာငှားရမ်း၍ သင်ကြားရသည့် ကျောင်းများ)ကိုသာ အားထားနေရသည့်ဒေသတွင် စာရေးသူ၏ ငယ်ဘဝကို ဖြတ်သန်းခဲ့ရသည်။ စာရေးသူငယ်ငယ် နို့စို့ကလေးအရွယ်က မိခင်တွင် နို့အနာဖြစ်သဖြင့် စာရေးသူမှာ နို့တစ်လုံးကိုသာ စို့ခဲ့ရသူဖြစ်သည်။ မိခင်၏နို့အနာ(နို့ကြောပိတ်ခြင်း)ကို တိုင်းရင်းဆေးဖြင့် ကုသခဲ့ရသည်ဟု ပြောပြသိရှိရဖူးသည်။ ဝေးလံခေါင်ပါးသည့် စာရေးသူတို့ဒေသတွင် စာရေးသူအပါအဝင် ကလေးသူငယ်များ၊ လူကြီးသူမများအနေဖြင့်လည်း မကျန်းရေး မမာရေးတွင် တိုင်းရင်းဆေးသမားတော်များကိုသာ အားကိုးခဲ့ကြရသည်။

စာရေးသူ အသက် ရှစ်နှစ်အရွယ်က အူရောင်ငန်းဖျားရောဂါဖြစ်ပြီး သေလုမျောပါးခံခဲ့ရသည်ကို အမှတ်ရမိသည်။ စာရေးသူ၏ရောဂါကို တိုင်းရင်းဆေးဆရာကြီးတစ်ဦးက ကုသပေးခဲ့သည်။ အဆိုပါဆရာမှာ တိုင်းရင်းဆေးပညာကို သာမက အင်္ဂလိပ်ဆေးပညာကိုလည်း အထိုက်အလျောက် နားလည်သူဖြစ်ရာ စာရေးသူအား ကုသရာတွင် တိုင်းရင်းဆေး သာမက အင်္ဂလိပ်ဆေးဖြင့်ပါ တွဲဖက်ကုသပေးခဲ့ကြောင်းကို အမှတ်ရမိသည်။

> **ဆရာဝန်များ၏ကြင်နာသောနှလုံးသား၊ နွေးထွေးစွာ ပွေ့ပိုက်ကြိုဆိုမှုများက လူနာများခံစားနေရသောဝေဒနာနှင့် လူနာ၏ ဆွေမျိုးသားချင်းများ ခံစားနေရသည့် သောကဝေဒနာများကို လျော့ပါးသွားစေသည်ကတော့ အမှန်ပင်ဖြစ်သည်။ ဤသည်ကပင် ဆရာဝန်များအပေါ် လူနာများ၏ အားကိုးအားထားပြုခြင်း၊ လေးစားမြတ်နိုး တန်ဖိုးထားခြင်း၏ ပြယုဂ်ဖြစ်သည်။ သမားတော်၊ ဆရာဝန်ဆိုသူများသည် လူအများ၏ သောကမီးကို အေးငြိမ်းပေးစေနိုင်သူများဖြစ်ကြသည် မဟုတ်တုံလော**

### အပြုံးတစ်ချက် ဆေးတစ်ခွက်

လူအများတို့သည် အသက်သေမှာကို ကြောက်ရွံ့တုန်လှုပ်တတ်ကြသည်။ မကျန်းမမာဖြစ်၍ ဝေဒနာခံစားရမည်ကို ကြောက်ရွံ့တတ်ကြသည်။ ရောဂါဝေဒနာဖြစ်ချိန်များ၊ သေလုနီးပါးဖြစ်ချိန်များတွင် ရောဂါဝေဒနာမှ သက်သာအောင်၊ ပျောက်ကင်းအောင် ကုသကယ်မပေးနိုင်သည့် ဆရာဝန်များ၊ သမားတော်များကို အားကိုးကြသည်။ ဆရာဝန်များသည် လူမျိုးမရွေး ဆင်းရဲချမ်းသာ အဆင့်အတန်းမခွဲခြားဘဲ လူနာများအား မိမိတို့၏ သွေးသားအရင်းကဲ့သို့ သဘောထားကာ ကုသပေးနေသူများ၊ ကုသပေးတတ်သူများ ဖြစ်ကြသည်။ ဆရာဝန်များအနေဖြင့် လူနာတစ်ဦး၏အသက်ကို ကယ်လိုက်နိုင်သည့်အခါ ခံစားရသည့် ပီတိနှင့် အားရှိရကြောင်း သမားအိုတစ်ဦး၏ ပြောစကားကိုလည်း အမှတ်ရမိသည်။ ထို့အတူ လူနာများကို ကြိုးစားကုသရင်း သေမင်းလက်မှ ကယ်မဆွဲထုတ်ခြင်းမပြုနိုင်သည့် အခါများတွင်လည်း ပြောမပြနိုင်သည့် ဝေဒနာများကို ခံစားရမိတတ်သည်ဟု ဆိုသည်။ မည်သို့ဆိုစေ လူနာများ၊ လူနာ၏ဆွေမျိုးများက ဆရာဝန်များ ကုသပေးလိုက်သဖြင့် ရောဂါပျောက်ကင်းချမ်းသာသွားလျှင် ဆရာဝန်များကို အသက်သခင် ကျေးဇူးရှင်များဟူ၍ ကျေးဇူးတင်မဆုံး ဖြစ်ရသည်။ အကယ်၍ ဆရာဝန်များ ကြိုးစားကုသပေးနေသည့်ကြားမှ အသက်ဆုံးရှုံးသွားရသည့်တိုင်လည်း ဆရာဝန်များကို အပြစ်မမြင်တတ်ကြ။ ကံကုန်နေ့စေ့၍ ကွယ်လွန်ဆုံးပါးရခြင်းဖြစ်သည်ဟု ဖြေသိမ့်တတ်ကြသည်။ ဆေးရုံဆေးပေးခန်းရောက်၍ ဆရာဝန်၏ နူးညံ့သိမ်မွေ့သောအပြုံး၊ ကရုဏာမျက်ဝန်းများကို မြင်ရသည်နှင့်ပင် လူနာအတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့ရသည်။ မကုသမီကပင် ရောဂါတစ်ဝက် ပျောက်သည်ဟု လူနာများက အမှတ်ထားကြသည်။ ဆရာဝန်များ၏ ကြင်နာသောနှလုံးသား၊ နွေးထွေးစွာ ပွေ့ပိုက်ကြိုဆိုမှုများက လူနာများခံစားနေရသော ဝေဒနာနှင့် လူနာ၏ဆွေမျိုးသားချင်းများ ခံစားနေရသည့် သောကဝေဒနာများကို လျော့ပါးသွားစေသည်ကတော့ အမှန်ပင်ဖြစ်သည်။ ဤသည်ကပင် ဆရာဝန်များအပေါ် လူနာများ၏ အားကိုးအားထားပြုခြင်း၊ လေးစားမြတ်နိုး တန်ဖိုးထားခြင်း၏ ပြယုဂ်ဖြစ်သည်။ သမားတော်၊ ဆရာဝန်ဆိုသူများသည် လူအများ၏ သောကမီးကို အေးငြိမ်းပေးစေနိုင်သူများဖြစ်ကြသည် မဟုတ်တုံလော။

### ပျောက်ကွယ်သွားသော အကြင်နာနှလုံးသားများ

စာရေးသူတို့ငယ်ငယ်က ဆုံစည်းခဲ့ရဖူးသော တိုင်းရင်းဆေးသမားတော်များ၊ ဆေးဆရာများ၊ ဆရာဝန်များ၏ ကြင်နာနွေးထွေးသော အပြုံးများကို စာရေးသူတို့ မမေ့နိုင်သေးပါ။ ငယ်ငယ်က စာရေးသူအား ဆေးဝါးကုသပေးခဲ့သော တိုင်းရင်းဆေးဆရာကိုလည်း အမြဲ သတိတရ ရှိနေဆဲဖြစ်သည်။ ရောဂါကုရန်လာတိုင်း ဆရာကြီး၏ အပြုံးများက စာရေးသူအတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့သည်ကို အမှတ်ရမိသည်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်လာသည့်အခါ ဇရာကြောင့် ခံစားရသော ရောဂါဝေဒနာများကြောင့် ဆေးရုံဆေးခန်းများသို့ သွားရောက်ရသည့်အခါများတွင်လည်း ဆရာဝန်ကြီးများ၏ ကြင်နာနွေးထွေးသော အပြုံးများကြောင့် စိတ်ချမ်းသာခဲ့ရသည်ကို အမှတ်တရရှိနေဆဲပင်ဖြစ်သည်။ တကယ်တော့ ဆရာဝန်များသည် နှလုံးသား နူးညံ့သိမ်မွေ့သူများ၊ ကြင်နာသနားတတ်သူများ၊ လူအများကို ရင်ဝယ်သားကဲ့သို့ သဘောထားတတ်သူများ၊ ရန်သူ မိတ်ဆွေ မခွဲခြားဘဲ ကုသပေးနိုင်သူများဖြစ်ကြသည် မဟုတ်တုံလော။

သို့ရာတွင် ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်လောက်မှစတင်ကာ ဆရာဝန်များသည် တာဝန်ကျရာ ဆေးရုံ ဆေးခန်းများကို စွန့်ခွာသွားကြသည်။ မိမိတို့ကို အားကိုးနေကြသော လူနာများအား ကျောခိုင်းထားခဲ့ကြသည်။ ဆရာဝန်(ဆိုသူများ) များသည် မိမိတို့ထိန်းသိမ်းရမည့် ကျင့်ဝတ်၊ သိက္ခာများကို ဘေးဖယ်သွားကြသည်။ အကြင်နာနှလုံးသားတို့ ပျောက်ကွယ်သွားကြသည်။ ဆရာဝန်များနှင့် လုံးလုံးမျှ မလိုက်ဖက်သော အမုန်းတရား၊ အာဃာတတရား၊ ဒေါသတရားများ ဖုံးလွှမ်းကုန်သည်။ ကရုဏာမျက်လုံးများသည် အမုန်းတရားများ ဖုံးလွှမ်းနေသော အကြင်နာတရားကင်းမဲ့သော မျက်လုံးများအဖြစ် ပြောင်းလဲကုန်သည်။ ဝမ်းနည်းစရာကောင်းလှပါ၏။ တိုင်းပြည်ကြီးအား အသက်ရှည်ကာ အနာမဲ့ကြောင်း ကုစားစောင့်ရှောက်ပေးရမည့်အစား တိုင်းပြည် ထိခိုက်ဒဏ်ရာရအောင် သွေးဆူသူများအဖြစ် ပြောင်းလဲကုန်သည်မှာ ဝမ်းနည်းစရာကောင်းလှသည်။ ဤသို့ဖြစ်သွားသည့် ဆရာဝန်များမှာ အများစုတော့မဟုတ်။ အကြောင်းအမျိုးမျိုးကြောင့် သွေးထိုးလှုံ့ဆော်သူများကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ရသူများလည်း ရှိခဲ့ကြသည်။

### အခွင့်အခါကောင်း

ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများ CDM ပြုလုပ်မှုနှင့်ပတ်သက်၍ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အချို့ဝန်ထမ်းများမှာ ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်မှုမရှိပါက Social Punishment ပြုလုပ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ မိမိတို့ တာဝန်ပျက်ကွက်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို ကြောက်ရွံ့ခြင်းများကြောင့် တာဝန်ထမ်းဆောင်မှုများကို ဆက်လက်ပျက်ကွက်လျက်ရှိကြကြောင်း၊ ကိုယ်တိုင် ဦးဆောင်လှုံ့ဆော်မှုများတွင် မပါဝင်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိုက်သင့်သည့်အရေးယူမှုကိုသာ ဆောင်ရွက်မည်ဖြစ်ပြီး အလုပ်မှ ထုတ်ပယ်သည်အထိ အရေးယူမည်မဟုတ်ကြောင်း၊ ဝန်ထမ်းများအား CDM ပြုလုပ်ရန် ခြိမ်းခြောက်နေသူများအား သတင်းပို့တိုင်ကြားရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များလည်း ထုတ်ပြန်ထားပြီး ခြိမ်းခြောက်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CDM ပြုလုပ်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းခွင်သို့ အမြန်ဆုံး ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ပါက နိုင်ငံအတွက် ကောင်းမွန်သည့်အကျိုးရလဒ်များ ရရှိမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း ဧပြီ ၂၂ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး(၅/၂၀၂၁)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်ကို တွေ့ရသည်။

ဤပြောကြားချက်နှင့်အညီ CDM ပြုလုပ်ခဲ့သည့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအတွက် "အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်"ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ဧပြီ ၂၈ ရက်က ထုတ်ပြန်ပေးခဲ့သည်။ ဤထုတ်ပြန်ချက်တွင် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံရသည့် နိုင်ငံ့ဝန်ထမ်းများအပေါ် ချမှတ်ထားသည့် ပြစ်ဒဏ်များကို လျှော့ပေါ့ပြောင်းလဲပေးပြီး နိုင်ငံ့ဝန်ထမ်းတာဝန်ကို ပြန်လည်ထမ်းဆောင်ခွင့်ပြုသွားမည့် အကြောင်းအရာများ ပါဝင်သည်။

CDM လှုပ်ရှားမှုတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ခဲ့သူ၊ ပါဝင်ခဲ့ရသူ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ မျက်နှာကို ထောက်ထားပြီး ဆေးရုံ ဆေးခန်းများသို့ ပြန်လည်ဝင်ရောက်လာနိုင်ရေး အခွင့်အလမ်းကောင်း အချိန်အခါလည်းဖြစ်သည်။ ဤသို့ အလုပ်ခွင်သို့ ပြန်၍ဝင်ရောက်လာခြင်းသည် နိုင်ငံတော်အတွက် ကောင်းမွန်သော အကျိုးကျေးဇူးများကို ရရှိစေမည်လည်းဖြစ်သည်။အထူးသဖြင့် ငွေကြေးအကုန်အကျများသော အထူးကုဆေးရုံများ၊ ဆေးခန်းများတွင် ဆေးဝါးကုသရန် မတတ်နိုင်၍ အစိုးရဆေးရုံဆေးခန်းများတွင် ဆေးဝါးကုသခံနိုင်ရန် မျှော်လင့်နေကြသည့် ဇဖ ပါးသော ရောဂါဝေဒနာရှင်ပြည်သူများအတွက်လည်း မျှော်လင့်စောင့်စား အားတစ်အားပင် ဖြစ်ပေသည်။

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

### စဉ်းစားဆင်ခြင်စေလိုပါသည်

စာရေးသူတို့လို သာမန်ပြည်သူများမှာ ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကို ငယ်စဉ်ကတည်းကပင် ရယူခြင်းမပြုနိုင်ခဲ့ပါ။ တိုင်းရင်းဆေးဆရာများ၊ သမားတော်များကို အားထားကြီးပြင်းခဲ့ကြရသည်။ ထိုထိုသော သမားတော်များကို စာရေးသူ မြတ်နိုးလေးစားတန်ဖိုးထားပါသည်။ ယခုအခါ နယ်ပယ်ဒေသအနှံ့ ဆေးရုံ ဆေးပေးခန်းများ ဖွင့်လှစ်နိုင်ခဲ့ပြီ။ လမ်းပန်းဆက်သွယ်ရေးများလည်း ကောင်းမွန်ခဲ့ပြီ။ ထူးချွန်ထက်မြက်သော ဆေးပညာတတ်ကျွမ်းသူများကိုလည်း မွေးထုတ်ပေးလျက်ရှိသည်။ အနယ်နယ်အရပ်ရပ်တွင် မိမိတို့ တတ်ကျွမ်းရာဆေးပညာဖြင့် ရောဂါဝေဒနာရှင်များအား ကုသပေးနေသူ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသူများအား ပြည်သူများက လေးစားမြတ်နိုး တန်ဖိုးထားကြသည်။ ဆရာဝန်များသည် မိမိတို့တတ်ကျွမ်းသော ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့် အသက်ကို တန်ဖိုးထားလေးစား၍ ကာကွယ်စောင့်ရှောက်သူများ ဖြစ်ကြသည်။ ကျန်းမာရေးဝန်ထမ်း၊ ဆရာဝန်၊ သူနာပြု စသူများ၏ လုပ်ငန်းဆောင်တာအလုပ်ကို မွန်မြတ်သော အလုပ်အဖြစ်လည်း မြန်မာ့လူ့ဘောင်တွင် အလေးအနက်ထား မှတ်ယူထားကြသည်။

ဆရာဝန်များသည် ထူးချွန်ထက်မြက်သူများ၊ စဉ်းစားဆင်ခြင်နိုင်စွမ်းရှိသော ပညာတတ်များလည်း ဖြစ်ကြသည်။ ဆရာဝန်များ စဉ်းစားသင့်ကြပါပြီ။ မိမိတို့ ကုသကယ်တင်ပေးရမည့် ဝေဒနာရှင်များအတွက် စဉ်းစားပေးရန် လိုအပ်ကြပါမည်။ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော ဆရာဝန်များ၊ သူနာပြုများစသော ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများကို နိုင်ငံတော်အနေဖြင့် နှစ်ပေါင်းများစွာ ပြုစုမွေးထုတ်ပေးခဲ့ရခြင်း ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးကဏ္ဍအတွက် လိုအပ်သည့်အထောက်အကူပြုပစ္စည်းများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများကို ဖြည့်တင်းပေးကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆောင်ရွက်ပေးလျက်ရှိနေသည်။

နိုင်ငံတော်၏ အထောက်အပံ့ အကူအညီများနှင့်အတူ ဆရာဝန်များသည် တိုင်းရင်းသားပြည်သူများ အသက်ရှည်စွာ အနာမဲ့ကြောင်းနည်းလမ်းရှာ ကုစားပေးနေကြသူများဖြစ်ရာ ဆရာဝန်များသည် အစဉ်အမြဲ ကုသိုလ်ရနေကြသူများဖြစ်သည်။ လူအများသည် မိမိတို့ ကျန်းမာရေးကောင်းမွန်စေရန်ရည်ရွယ်ပြီး ဆေးရုံ၊ ဆေးပေးခန်းများ၊ သာသနာ့ ရိပ်သာများတွင် ဆေးဝါးလှူဒါန်းခြင်း၊ ဆေးပဒေသာပင် စိုက်ထူခြင်းများဖြင့် ကုသိုလ်ပြုလေ့ရှိသည်။ နိုင်ငံ့ဝန်ထမ်း ဆရာဝန်များကတော့ သည်လိုဆေးဝါးလှူဒါန်းဒါနပြုရန်မလိုဘဲ နိုင်ငံတော်မှ ပံ့ပိုးပေးထားသည့် ဆေးဝါးများကိုသုံးကာ စိတ်ရင်းစေတနာကောင်းဖြင့် ဝေဒနာရှင်များအား ကုသပေးခြင်းဖြင့် နေ့စဉ်နှင့်အမျှ ကုသိုလ်ရယူနိုင်သူများ ဖြစ်ကြသည်။ မိမိတို့ သင်ကြားဆည်းပူးခဲ့သော ပညာ၊ မိမိတို့သိရှိခဲ့ရသည့် အတွေ့အကြုံများဖြင့် ဝေဒနာရှင်များအား ပျောက်ကင်းအောင်၊ ဝေဒနာရှင်၏ မိဘ၊ သားသမီး၊ ဆွေမျိုးများ၏ သောကကင်းဝေးအောင် စွမ်းဆောင်နိုင်သူများဖြစ်သည့် ဆရာဝန်များအနေဖြင့် သမားကောင်းတစ်ဦး၏ ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့် ဂုဏ်သိက္ခာ အစဉ်အလာကို ထိန်းသိမ်းနိုင်ရေး ဆင်ခြင်ရန် လိုအပ်ကြပါမည်။

ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူ ကျန်းမာရေးဝန်ထမ်းများအား လုပ်ငန်းခွင်ဝင်နိုင်ရေး နိုင်ငံတော်မှ ဖြေလျှော့ပေးထားချက်များသည် နိုင်ငံတော်နှင့် ဝန်ထမ်းများအတွက်ပါ နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ဆောင်ရွက်ချက်ဖြစ်သည်။ ဤဆောင်ရွက်ချက်များကို ကျန်းမာရေးဝန်ထမ်းများအားလုံး အရအမိ ဆုပ်ကိုင် အသုံးချသင့်ကြပါပြီ။ မိမိတို့၏ နှလုံးအိမ်တွင် အမြဲစွဲထင်ရှိနေသော ဆရာဝန်စိတ်ဓာတ် (မေတ္တာရှေ့ထားဆောင်ရွက်တတ်သော ဆေးကုသခြင်းအလုပ်)ကို မွေးမြူပြီး နိုင်ငံတော်၏ ကျန်းမာရေးအထောက်အပံ့ကောင်းများ ဖြစ်လာစေရန် မျှော်လင့်ကြိုဆိုနေမိပေသည်။ ။

## ဒေသခံပြည်သူများအား ဖြန့်ဝေပေးရန် ပျိုးပင်များ ပျိုးထောင်ထား

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနောက်ပိုင်းခရိုင် တွံတေးသစ်တောဦးစီးဌာနက ၂၀၂၁ ခုနှစ် မိုးရာသီတွင် ဒေသခံပြည်သူများ စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၄၀၀၀၀ ကို တွံတေးသစ်တောဦးစီးဌာနတွင် ပြုစုပျိုးထောင်ထားကြောင်း သိရသည်။

အဆိုပါ ပျိုးပင်များကို မိုးရာသီ သစ်ပင်စိုက်ပျိုး သည့်ကာလတွင် ဒေသခံများ စိုက်ပျိုးရန် ဖြန့်ဝေပေးမည်ဖြစ်ပြီး အရိပ်ရ နှစ်ရှည်ပင်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယူကလစ်၊ မဟော်ဂနီ၊ ခရေ၊ ပျဉ်းမ၊ ကဗ္ဗီး၊ မယ်ဇလီ၊ ကံ့ကော်၊ စိန်ပန်း၊ ငုဝါ စသည့် ပျိုးပင်များ ပြုစုပျိုးထောင်ထားကြောင်း သိရသည်။

နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပျိုးသည့်ကာလတွင် ဒလမြို့နယ်၊ တွံတေးမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ပြည်သူများ သစ်ပင်စိုက်ပျိုးနိုင်ရန် တွံတေးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ပျိုးပင်များကို တွံတေးမြို့နယ် သစ်တောဦးစီးဌာနရုံး မြို့မ(ယာယီ)ပျိုးဥယျာဉ်နှင့် ဘုရားကြီးသစ်တောရုံးတွင် ပျိုးပင်ပျိုးစုံကို ပြုစုပျိုးထောင်ကာ အခမဲ့ ပေးဝေလျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ဦး**



## အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့်ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယလက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါအတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)




## သွေးလွန်တုပ်ကွေးရောဂါ နှစ်စဉ်မိုးရာသီမှာ ဘာကြောင့်အဖြစ်များတာလဲ?

- ❖ ဒီရောဂါဟာ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထား သောနေ့အချိန်မှာကိုက်လေ့ရှိတဲ့ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ဖြစ်တာပါ။
- ❖ မိုးရာသီမှာ ခြင်ကျားလောက်လန်း အများဆုံးပေါက်ပွားတာကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားပါတယ်။
- ❖ သွေးလွန်တုပ်ကွေးရောဂါဟာ အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများမှာ ဖြစ်ပါက သေဆုံးမှုနှုန်း မြင့်မားပါတယ်။
- ❖ ခြင်ကျားလောက်လန်းဟာ ရေကြည်ရေသန့်မှာပဲ အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံအဆင့်ဆင့်ဖြစ်တဲ့ (ဥ → ပိုးလောက်လန်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်က (၈)ရက်မှ (၁၀)ခန့်အထိသာ ကြာမြင့်ပါတယ်။ ဒါကြောင့် မိမိအိမ်၊ ကျောင်းနဲ့ ပတ်ဝန်းကျင်မှာ (၁)ပတ်လျှင် တစ်ကြိမ် ခြင်ကျားလောက်လန်း ရှာဖွေပြီး လောက်လန်းပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ် စသဖြင့် ဆောင်ရွက်ဖို့လိုပါတယ်။
- ❖ ခြင်ကျားလောက်လန်းမရှိဘူးဆိုရင် ခြင်ကျားပေါက်ပွားမှုလည်း မရှိတဲ့အတွက် ခြင်ကျားကိုက်ခံရလို့ဖြစ်တဲ့ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မှာ မဟုတ်ပါဘူး။



# မြဝတီခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အပြစ်မဲ့အလုပ်သမား ၄၇ ဦးကို ဒေသဖွံ့ဖြိုးရေးမလိုလားသည့် KNDO အဖွဲ့က အဓမ္မဖမ်းဆီးခေါ်ဆောင်၊ ၂၅ ဦးအား ရက်ရက်စက်စက် အကြောင်းမဲ့သတ်ဖြတ်

**နေပြည်တော် ဇွန် ၁၃**

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် နယ်မြေခံတပ်မှ တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ဝေါလေမြို့ ကနဲလေးကျေးရွာအနီး ကနဲလေး- မော်ခီးသွားကားလမ်းပေါ်ရှိ အူးဟူချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့် အပြစ်မဲ့အရပ်သား အလုပ်သမား ၄၇ ဦးကို မေ ၃၁ ရက်တွင် KNDO အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသူ စောပါဝါး ဦးစီးသည့်အဖွဲ့က အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်ပြီး အချို့အား ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြဝတီခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသော ကနဲလေး-မော်ခီးသွားကားလမ်းပေါ်ရှိ အူးဟူချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသည့် အပြစ်မဲ့အရပ်သား အလုပ်သမား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ခြောက်ဦး၊ ကလေးငယ် ၁၀ ဦး စုစုပေါင်း ၄၇ ဦးတို့ကို မေ ၃၁ ရက်တွင် KNDO အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသူ စောပါဝါး ဦးစီးအင်အား ၃၀ ခန့်က သေနတ်များဖြင့် ခြိမ်းခြောက်၍ မြေသယ်ယာဉ်ဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများအား ပြန်လည်လွတ်မြောက်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း လိုက်လံရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁ ရက်နှင့် ၉ ရက်တို့တွင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခြောက်ဦး၊ ကလေးငယ် ၁၀ ဦး စုစုပေါင်း ၂၂ ဦး ပြန်လည်လွတ်မြောက်လာခဲ့ပြီး ခြောက်ဦးမှာ လက်နက်ငယ်ဒဏ်ရာများ ရရှိနေသည့်အတွက် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျန်ရှိနေသူများအား အမြန်ဆုံး ပြန်လည်ရရှိရေး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် အူးဟူချောင်းတံတား၏ အရှေ့မြောက်ဘက် မီတာ ၁၃၀၀ ခန့်အကွာ၌ မီးရှို့ခံထားရသည့် အလောင်းတစ်လောင်းတွေ့ရှိခဲ့သဖြင့် အနီးတစ်ဝိုက်အား ထပ်မံရှာဖွေရာ မြေစာပုံအတွင်း ရက်ရက်စက်စက် လက်ပြန်ကြိုးတုပ်လျက် သတ်ဖြတ်ခြင်းခံထားရသည့် ပုပ်ပွသေဆုံးနေသော အလောင်း ခြောက်လောင်းကိုလည်းကောင်း၊ ဇွန် ၁၂ ရက်တွင် ပုပ်ပွသေဆုံးနေသည့် အလောင်း ၁၈ လောင်းကိုလည်းကောင်း အသီးသီး ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ အကြောင်းမဲ့ ရက်ရက်စက်စက်သတ်ဖြတ်ခြင်းခံထားရသူများ၏ ရုပ်အလောင်းများအား တံတားဆောက်လုပ်ရေးမှ တာဝန်ရှိသူများက ၎င်းတို့၏ မှတ်ပုံတင်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ သက်ဆိုင်ရာ မိဘဆွေမျိုးများထံသို့ တရားဝင် အကြောင်းကြားခြင်း၊ အသိပေးခြင်းများ ဆောင်ရွက်ကာ သက်ဆိုင်ရာရဲစခန်း၌ သေမှုသေခင်းဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဒေသဖွံ့ဖြိုးရေးအတွက် လာရောက်လုပ်ကိုင်ကြသော အပြစ်မဲ့ ပြည်သူများအား အကြောင်းမဲ့ ရက်စက်စွာသတ်ဖြတ်ခဲ့မှုသည် အသိဉာဏ်မဲ့သော ယုတ်မာရက်စက်သည့် အဓိပ္ပာယ်မဲ့ အကြမ်းဖက်မှု လုပ်ရပ်သက်သက်သာဖြစ်သဖြင့် အဆိုပါအကြမ်းဖက်အဖွဲ့အား တပ်မတော်စစ်ကြောင်းများက လိုက်လံရှာဖွေဖော်ထုတ် ချေမှုန်းနိုင်ရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်သောင်းကျန်းသူများ၏ မီးရှို့သတ်ဖြတ်ခြင်းခံရသော မင်းတပ်မြို့နယ် တွီဒိန်ကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာဇောတ၏ ရုပ်အလောင်းအား ပြန်လည်တွေ့ရှိ

**နေပြည်တော် ဇွန် ၁၃**

ချင်းပြည်နယ် မင်းတပ်မြို့နယ် တွီဒိန်ကျေးရွာရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြု ကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ပညာဇောတသည် ဇွန် ၇ ရက်က ဟားခါးမြို့၌ ကျင်းပမည့် အစိုးရပထမပြန်စာမေးပွဲ ဖြေဆိုရန်အတွက် ဇွန် ၄ ရက်တွင် ကျောင်းပိုင် Nissan Note မော်တော်ယာဉ်ဖြင့် တစ်ပါးတည်း ထွက်ခွာသွားခဲ့ပြီး ပျောက်ဆုံးလျက်ရှိသဖြင့် လုံခြုံရေးအဖွဲ့များက မြေပြင်သတင်းကို ဆက်လက်ဖော်ထုတ်ခဲ့သည်။

ဆရာတော်အား မင်းတပ်- မတူပီ လမ်းပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့သတ်ဖြတ်ခဲ့ကြောင်း သတင်းများ ရရှိသဖြင့် ဇွန် ၁၁ ရက်တွင် တောင်ပုလုကျောင်းတိုက်မှ ကပ္ပိယ ဦးလိန်းလောနှင့် ဒေသခံပြည်သူများက ဖြစ်စဉ်အတည်ပြုနိုင်ရေး သွားရောက်ရှာဖွေခဲ့ရာ ၂၇ မိုင် ၇ ဖာလုံခန့်တွင် လမ်း၏ဘယ်ဘက် ပေ ၅၀၀ ခန့်အကွာရှိ တောအတွင်း၌ မီးရှို့ခံထားရသည့် ခန္ဓာကိုယ်ပုံသဏ္ဍာန်နှင့် ဆရာတော်၏ မော်တော်ယာဉ်ကို တွေ့ရှိခဲ့ရပြီး ဆရာတော် သတ်ဖြတ်ခံရမှု အခြေအနေအား မြေပြင်အတည်ပြုနိုင်ခဲ့သည်။

သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်နေသည့် အပြစ်မဲ့ရဟန်းတစ်ပါးအား အကြမ်းဖက်သတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ တရားခံများအား ဖမ်းဆီးရမိနိုင်ရေး မင်းတပ်မြို့မ ရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။





အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အပြစ်မဲ့အရပ်သားများကို သတ်ဖြတ်မှုများအပြင် ယခုကဲ့သို့ သံဃာတော်များကိုပါ ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှုလုပ်ဆောင်လာပြီး မည်သို့မှ လက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်များအဖြစ်သို့ ကူးပြောင်းလာသည့်အတွက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းခွဲအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းခွဲအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၂ ရက် ည ၁၁ နာရီခွဲတွင် ပြည်မြို့ သဲကုန်းအုပ်စု လက်ပံလှကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ရုံးခန်းအား အကြမ်းဖက်သူများက မီးရှို့ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျေးရွာသူကျေးရွာသားများက ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့သဖြင့် မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ကျောင်းရုံးခန်းအတွင်းရှိ စာရေးစားပွဲခုံနှင့် စာရေးကိရိယာဟောင်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိခဲ့သည်။

ဖြစ်စဉ်တွင် ကျောင်းရုံးခန်းအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား



## မြန်အောင်မြို့နယ် အိုးလည်ပင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား ဖျက်ဆီး၍ ကျောင်းခြံဝင်းတံခါး၌ ခြိမ်းခြောက်စာရေးသားထားသည့် ဗီနိုင်းများကပ်ခဲ့သူအား အမှုဖွင့်

**နေပြည်တော် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အစယ်ကျေးရွာအုပ်စု အိုးလည်ပင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကို မေ ၂၄ ရက် ည ၁၀ နာရီခန့်က ကျောင်းဝင်းတံခါးအားဖျက်၍ ကျောင်းဝင်းအတွင်းဝင်ရောက်ကာ ကျောင်းအတွင်းရှိ လက်ဆေးဘေစင် လေးခုနှင့် သောက်ရေသန့်စတီးရေစင်တို့ကို ဖျက်ဆီးခဲ့ပြီး ကျောင်းခြံဝင်းတံခါး၌ ခြိမ်းခြောက်စာရေးသားထားသည့် ဗီနိုင်းများကပ်ခဲ့သည့် အဆိုပါကျေးရွာနေ ထိန်လင်းဦး(ဘ)ဦးလှကို အား ဇွန် ၁၂ ရက်တွင် ထူးကြီးမြို့ အမှတ်(၁) ရပ်ကွက် သမာဓိလမ်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

အဆိုပါစာသင်ကျောင်းကိုဖျက်ဆီး၍ ခြိမ်းခြောက်စာရေးသားထားသည့် ဗီနိုင်းများကပ်ခဲ့သူအား သက်ဆိုင်ရာနယ်မြေရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က/ ၄၂၇/၁၁၄ ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော်  ဇွန် ၁၃**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များ အလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ ဇေယျာမင်္ဂလာကျောင်းတိုက်မှ သံဃာတော်များအား ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ Covid-19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ဃာပုံ)

သတင်းစဉ်





## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော်  ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါ တို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းလေးသောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော်  ဇွန် ၁၃**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များစုစည်း၍ ဒေသခံပြည်သူလူထုအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန် အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၄၄၀၉၆ ဦးနှင့် အတွင်းလူနာပေါင်း ၇၂၂၅ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၁၃၇၄ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၅၈၈၁ ဦး စုစုပေါင်း ၁၇၂၅၅ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၅၇၉၂ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၃၅၈ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၄၁၅၀ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  ဇွန် ၁၃**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှု နှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မိုင်းယောင်း၌ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**မိုင်းယောင်း  ဇွန် ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမြတ်သူ၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၁၈၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပြည်သူ့ဆေးရုံ၌ ယမန်နေ့က ထိုးနှံပေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အဆင်ပြေစေရန် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ မျိုးဆက်သစ်ရောင်နီ ပရဟိတ လူမှုကူညီရေးအသင်းတို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ နန်းပန်

# မောင်တောမြို့နယ်အတွင်း ယာဉ်သွားလာမှုအခက်အခဲ မဖြစ်ပေါ်စေရန်နှင့် လမ်းများပျက်စီးမှုမရှိစေရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



လမ်းပျက်နေသည့်နေရာတွင် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးနေစဉ်

**မောင်တော ဇွန် ၁၃**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း မောင်တော-ဘူးသီးတောင် ကားလမ်း (၃)မိုင်လမ်းဆုံ၌ လမ်းပျက်၍ ယာဉ်များ သွားလာရေး အခိုက်အတန့် အဆင်မပြေ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဇွန် ၁၀ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလမ်းဆုံတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အဆင်ပြေစေရန်အတွက် လမ်းတစ်ဖက်ခြမ်းကို ပိတ်ထား၍ ဆောင်ရွက်ရခြင်း၊ တန်ပိုကုန်တင်ကားများမှာ ဝေသာလီ-ဥဒေါင်း ကားလမ်းပိုင်းမှ ဖြတ်သန်းသွားလာခြင်း၊ (၃)မိုင်လမ်းဆုံ၌ လမ်းပခုံးနိမ့်ကျမှုများ ဖြစ်ပေါ်နေခြင်းနှင့် ယာဉ်မောင်းသူများမှာ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို သိရှိလိုက်နာမှု အားနည်းခြင်းတို့ကြောင့် ယာဉ်များသွားလာရေး အခိုက်အတန့် အဆင်မပြေဖြစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့သည် တန်ပိုယာဉ်များဖြတ်သန်းသွားလာခြင်းကို စစ်ဆေးပြီး သတ်မှတ် ကုန်တင်ဝန်ထက်ပိုသော ကုန်တင်ယာဉ်ကြီးများအနေဖြင့် ခွင့်ပြုထားသည့် မောင်တော-အလယ်သံကျော်-ဥဒေါင်းလမ်းဆုံ လမ်းပိုင်းမှ သွားလာခြင်းမရှိဘဲ ဝေသာလီ-ဥဒေါင်း လမ်းပိုင်းမှ သွားလာနေခြင်းကြောင့် လမ်းများ ပျက်စီးနေရခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တန်ပိုစစ် ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ အဆိုပါအဖွဲ့က ဝေသာလီရွာထိပ်(ဂေါက်ကွင်း) အနီးတွင် တန်ပိုစစ်ဆေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်း၏ ခံနိုင်ဝန် (ယာဉ်+ကုန် ၁၃တန်)အထက် တန်ပို ကုန်တင်ယာဉ်ကြီးများအား တန်ပိုကြေးများ ကောက်ခံကာ နိုင်ငံတော်ဘဏ္ဍာ ရရှိရေးအတွက် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြပြီး လမ်းပျက်စီးမှုမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ယခုနှစ်ထွက်ရှိလာသည့် ခရမ်းချဉ်(အင်းသီး)များ ယခင်နှစ်ထက် ဈေးကောင်းရရှိနေ

**မန္တလေး ဇွန် ၁၃**

မန္တလေးမြို့ သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းသို့ ယခုနှစ် စတင်ဝင်ရောက်လာသည့် ခရမ်းချဉ်(အင်းသီး)များမှာ ယခင်နှစ် ဈေးနှုန်းထက် ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ကျပ် ၁၀၀၀၀ ကျော်အထိ ဈေးမြင့်တက်ကာ ဈေးကောင်းရလျက်ရှိကြောင်း အဆိုပါဈေးအတွင်းရှိ ခရမ်းချဉ်သီးပွဲရုံများမှ သိရသည်။

အဆိုပါ ခရမ်းချဉ်(အင်းသီး)များသည် ရှမ်းပြည်နယ်အတွင်းရှိ ညောင်ရွှေ အင်းလေးဒေသတို့မှ ထွက်ရှိခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား ရှစ်စီးမှ ၁၀ စီးအထိ ပုံမှန် ဝင်ရောက်လျက်ရှိသည်။ ဈေးနှုန်းများမှာလည်း ယခင်နှစ်က ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ကျပ် ၂၃၀၀၀ မှ ၂၅၀၀၀ အထိသာ ရရှိခဲ့သော်လည်း ယခုနှစ်တွင် ၁၈ ပိဿာ သေတ္တာတစ်လုံးလျှင် ကျပ် ၃၃၀၀၀ မှ ၃၅၀၀၀ အထိ ဈေးရရှိနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီးကို အဓိက စိုက်ပျိုးတဲ့ အင်းလေးဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံး ရောက်ရှိလာတာပါ။ ခရမ်းချဉ်သီးဈေးနှုန်းတွေက မနှစ်က ပေါက်ဈေးနဲ့ နှိုင်းယှဉ်ရင် ကျပ် ၁၀၀၀၀ ကျော်လောက် ကွာသွားပါတယ်။ ဒီနှစ်က မထင်ဘဲ ဈေးမြင့်တက်လာတာပါ။ ဈေးတက်တာက လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့်လည်း ပါတယ်။ အခြားနယ်တွေကထွက်တဲ့ ခရမ်းချဉ်သီးတွေက အင်းလေးဒေသထွက်တဲ့ အသီးတွေလောက် အရည်အသွေး မကောင်းဘူး။ အင်းလေးဒေသကထွက်တဲ့ ခရမ်းချဉ်သီးတွေက ကြာကြာလည်း အထားခံတဲ့အတွက် နယ်တွေကို တင်ပို့ရတာ အဆင်ပြေတယ်"ဟု ၎င်းက ပြောသည်။



အဆိုပါ ခရမ်းချဉ်(အင်းသီး)များသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဈေးကောင်းရရှိနေကြောင်း၊ လက်လီဈေးအနေဖြင့် နှိုင်းယှဉ်ကြည့်ပါက ပြီးခဲ့သည့်နှစ်တွင် ခြေဆင်းခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၁၀၀၀ နှုန်းအထိသာ ဈေးအမြင့်ဆုံး ရရှိခဲ့သော်လည်း ယခုနှစ်တွင်မူ ခြေဆင်းခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၁၇၀၀ မှ ၁၈၀၀ အထိ ရောင်းချနေရကြောင်း၊ ထို့အပြင် အခြား စိုက်ပျိုးရေးထွက်ကုန် သီးနှံများဖြစ်သည့် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ဘိုစားပဲနှင့် မုန်လာဥတို့မှာလည်း ဈေးကောင်းရရှိနေသဖြင့် ယခုနှစ်တွင် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# သဲကုန်းမြို့နယ်၌ စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပ

**သဲကုန်း ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် မြို့နယ်အတွင်း စာပေမြတ်နိုး တန်ဖိုးထားသူများ ပိုမိုတိုးပွားလာစေရန်၊ အချင်းချင်း ဝိုင်းဖွဲ့ဆွေးနွေးခြင်းဖြင့် အတွေးအခေါ် အသိအမြင်များကို မျှဝေတတ်စေရန်နှင့် စာပေမှရသော အသိအမြင် ဗဟုသုတများကို အသုံးချ၍ တန်ဖိုးရှိသော လူငယ်များဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲတစ်ရပ်ကို မြို့နယ်ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇွန် ၁၁ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးနိုင်လင်းက ဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင် ဆရာဦးမျိုးဇော်ထွဋ်နှင့် ဆရာမ ဒေါ်တင်တင်အေးတို့က စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)ရေးသားသော ကိုယ့်ကိုယ်ကို ယုံကြည်မှု စာအုပ်ပါ အကြောင်းအရာများကို မြို့နယ်အတွင်းရှိ စာပေချစ်သူများနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)





# မိုင်းကိုင်မြို့နယ်အတွင်းမှ ကျေးရွာနှစ်ရွာ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေးဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် ဇွန် ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးရွာပြည်သူလူထု ပူးပေါင်းထည့်ဝင်ငွေများဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၈ ရွာ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယင်းကျေးရွာများအနက် ဝမ်လုံနှင့် ဝမ်ကောင်း ကျေးရွာနှစ်ရွာတွင် မီးရရှိရေးဆောင်ရွက်နေမှုကို မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဇွန် ၁၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခွန်ကျော်စိမ်းနှင့် ဝန်ထမ်းများက ကျေးရွာမှ မီးလင်းရေးကော်မတီဝင်များနှင့်အတူ တစ်အိမ်သုံးဆိုလာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် စနစ်တကျရှိစေရေးအတွက် ဆောင်ရွက်သွားကြရန် မြို့နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့သည်။

ဝမ်လုံကျေးရွာတွင် မီးရရှိရေးအတွက် တစ်အိမ်သုံး ၆၀ ဝပ် ဆိုလာ ၂၂ စုံ၊ ၁၀၀ ဝပ် ဆိုလာ ၁၀ စုံ၊ မူလတန်းကျောင်းအတွက် ဆိုလာ တစ်စုံ၊ ဘုန်းတော်ကြီးကျောင်းအတွက် ဆိုလာတစ်စုံ၊ လမ်းမီးတိုင်အတွက် ဆိုလာတစ်စုံ တပ်ဆင်မည်ဖြစ်ပြီး ဝမ်ကောင်းကျေးရွာတွင် ၆၀ ဝပ် ဆိုလာ ၁၅ စုံနှင့် ၁၀၀ ဝပ် ဆိုလာ လေးစုံတို့ကို တပ်ဆင်သွားမည်ဖြစ်သည်။

မြို့နယ်တစ်ခုလုံးအနေဖြင့် ကျေးရွာ ၄၈ ရွာ၌ တစ်အိမ်သုံး ၆၀ ဝပ် ဆိုလာ ၁၂၆၄ စုံ၊ ၁၀၀ ဝပ် ဆိုလာ ၄၅၆ စုံ၊ လမ်းမီးတိုင် ၁၆၃ စုံ၊ မူလတန်းကျောင်းအတွက် ၂၅ စုံ၊ အလယ်တန်းကျောင်းအတွက် နှစ်စုံ၊ ဘာသာရေးအဆောက်အအုံများအတွက် ၂၅ စုံ၊ ကျေးလက်ဆေးပေးခန်းများအတွက် လေးစုံ၊ စုစုပေါင်း ဆိုလာ ၁၉၃၉ စုံကို ယခုနှစ် မေလအတွင်းက စတင်တပ်ဆင်ပေးလျက်ရှိသည်။

တစ်အိမ်သုံးဆိုလာများ တပ်ဆင်ပေးရာတွင် ဒေသခံပြည်သူများအနေဖြင့် မိမိပိုင်ပစ္စည်းကဲ့သို့ စနစ်တကျ ကိုင်တွယ်အသုံးပြုစေရန် ရည်ရွယ်၍ ဝပ် ၆၀ ဆိုလာစနစ်အတွက် ကျပ်ငါးသောင်းနှင့် ဝပ် ၁၀၀ ဆိုလာစနစ်အတွက် ကျပ် ၁၅၀၀၀၀ ကို ပြည်သူ့အချိုးကျ အရစ်ကျစနစ်ဖြင့် နှစ်ကြိမ်ခွဲ၍ ထည့်ဝင်ကြရပြီး ဆိုလာစနစ် တစ်စုံစာအတွက် ကျန်ရှိသည့်တန်ဖိုးကိုမူ စီမံကိန်းရန်ပုံငွေမှ ကျခံပေးကြောင်း၊ အများပြည်သူဆိုင်ရာ အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးကျောင်းနှင့် လမ်းမီးတိုင်များကိုမူ စီမံကိန်းရန်ပုံငွေမှ ရာနှုန်းပြည့် အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးထံမှ သိရသည်။

ငြိမ်းသူ

# ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် နှစ်တန်းသွားမျှောတိုင်စိုက်ထူမှုလုပ်ငန်း ၉၅ ရာခိုင်နှုန်း ပြီးစီးနေ

**ကသာ ဇွန် ၁၃**

ကသာမြို့နယ်အတွင်း ဧရာဝတီမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေး နှစ်တန်းသွား ပိုမျှောတိုင်တန်းများ စိုက်ထူသည့်လုပ်ငန်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသ(၅) မန္တလေးတိုင်းဒေသကြီးရုံးက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေး၊ ကုန်စည်သယ်ယူမှု ချောမွေ့စေရေး ရည်ရွယ်ချက်ဖြင့် ရေလမ်းကြောင်းများ ကောင်းမွန်စေရေးအတွက် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ် ရန်ပုံငွေများဖြင့် နှစ်တန်းသွား ပိုမျှောတိုင်တန်းစိုက်ထူသည့် လုပ်ငန်းဆောင်ရွက်ရန် စီစဉ်ခဲ့ရာ တင်ဒါလျှောက်ထားသော ကုမ္ပဏီများမှာ အမြင့်ဆုံးကြမ်းခင်းဈေးဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၄၅၇ သန်းဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသ(၅) မန္တလေးတိုင်းဒေသကြီးရုံးကပင် တာဝန်ယူ၍ နှစ်တန်းသွား ရေကာမျှောတန်း သုံးနေရာ စိုက်ထူခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်နေခြင်းဖြစ်သည်။

ရေကာအမှတ်(၁)တွင် နှစ်တန်းသွား(၆ပေx၉ပေ) ပိုမျှောတိုင်နှင့် GeoBag ခင်း ရေကာအလျား ၁၉၂၅ ပေ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေကာအမှတ်(၂) တွင် နှစ်တန်းသွား ပိုမျှောတိုင် Sand Bag နှင့် Geo Bag ခင်း ရေကာအလျား ၁၅၈၀ ပေ တည်ဆောက်ခြင်း၊ တစ်တန်းသွားပိုမျှောတိုင် Sand Bag ခင်းခြင်းနှင့် ရေကာအလျား ပေ ၁၁၅၀ တည်ဆောက်ခြင်း လုပ်ငန်း၊ ရေကာအမှတ်(၃)တွင် နှစ်တန်းသွားပိုမျှောတိုင်နှင့် Geo Bag ခင်း ရေကာအလျား ပေ ၂၅၀၀ တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။


နှစ်တန်းသွားမျှောတိုင်များ စိုက်ထူထားမှုကို မြစ်အတွင်း ရေကျနေချိန် တွေ့ရစဉ်

လုပ်ငန်းများကို ယခုနှစ် မတ်လကုန်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခု ဇွန်လမှာ ပုံမှန်ရေတက်ချိန်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်ချိန် နှစ်လတည်းရရှိကာ ထိုအချိန်အတွင်း လိုအပ်သည့်ပစ္စည်းများ ဖြည့်ဆည်းရခြင်းနှင့် ရေတက်သည့်ကာလများတွင် လုပ်ငန်းကို ရပ်ဆိုင်းရခြင်း စသည်တို့ကြောင့် အခက်အခဲ အနည်းငယ်ရှိကြောင်း အငယ်တန်းအင်ဂျင်နီယာ(၁) ကိုနောင်နောင်ဇော်လေး၏ ပြောကြားချက်အရ သိရသည်။

**ငွေအိုး(ကသာ)**

## ဗန်းမောက်မြို့ အထကမှ နှစ်ထပ်ကျောင်းဆောင် အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီး

**ဗန်းမောက် ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် နှစ်ထပ်စာသင်ကျောင်းဆောင် အဆောက်အအုံသစ်ကို ဖေဖော်ဝါရီလလယ်ပိုင်းက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်ထပ်စာသင်ကျောင်းဆောင် အဆောက်အအုံသစ်သည် အလျား ပေ ၁၃၀၊ အနံ ပေ ၃၀ နှင့် အမြင့် ၁၅ ပေရှိပြီး သွပ်မိုးအုတ်ညပ် အမျိုးအစားဖြစ်ကာ အပေါ်ထပ်နှင့် အောက်ထပ်တွင် စာသင်ခန်း လေးခန်းစီ ပါဝင်သည်။ ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေ ကျပ် ၁၄၄ ဒသမ ၂ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သော K.H Khaing ကုမ္ပဏီလီမိတက်က တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဗန်းမောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ဆရာ ဆရာမပေါင်း ၄၅ ဦးနှင့် ရုံးဝန်ထမ်း ငါးဦးရှိပြီး ကျောင်းသား ကျောင်းသူပေါင်း ၁၄၀၀ ကျော် ပညာသင်ကြားလျက်ရှိသည်။

**လှိုင်ဘွား(ဗန်းမောက်)**



## သွင်းအားစုသုံးစွဲပုံနှင့် ရေပေးဝေသည့်စနစ် မှန်ကန်မှသာ ငရုတ်အထွက်နှုန်းကောင်းမွန်မည်

**စစ်ကိုင်း ဇွန် ၁၃**

တောင်သူများအနေဖြင့် ငရုတ်သီးကို စီးပွားဖြစ်စိုက်ပျိုးကြရာတွင် သွင်းအားစုသုံးစွဲပုံနှင့် ရေပေးဝေသည့်စနစ်များ မှန်ကန်မှသာ ငရုတ်သီး အထွက်နှုန်း ကောင်းမည်ဖြစ်ကြောင်း ငရုတ်စိုက်ပျိုးရေး ကျွမ်းကျင်သူများထံမှ သိရသည်။

"စတင်စိုက်ပျိုးပြီး ခုနစ်ရက်ကနေ ၁၀ ရက်အတွင်း မြေသြဇာ မကျွေးသင့်ဘူး။ အဲဒီကာလမှာ မြေသြဇာကျွေးလိုက်ရင် အပင်သေသွားနိုင်တယ်။ အဲဒီအချိန်မှာ ငရုတ်ပင်လေးတွေကို ခါးဆွပြီး လေရှူခွင့်ရအောင် လုပ်ပေးသင့်တယ်။ ဒေသတစ်ခုနဲ့တစ်ခု မတူလို့ လုပ်ပုံကိုင်ပုံတွေတော့ မတူနိုင်ပါဘူး။ ကျွန်တော်တို့ ဒေသအနေနဲ့တော့ စိုက်ပျိုးပြီး ၁၅ ရက်ဝန်းကျင်မှာ မြေသြဇာကျွေးလို့ရပါတယ်။ အဲဒီလို ကျွေးပြီးပြီးချင်းအချိန်မှာတော့ စိုက်ခင်းထဲကို ဖောက်ရေသွင်းလို့ မရသေးဘူး။ ရေဖျန်းလို့တော့ ရပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မူးသာရွာမှ စီးပွားဖြစ် ငရုတ်စိုက်ပျိုးနေသူ ဦးသန်းဆွေဦးက ပြောသည်။


ခင်ဦးမြို့နယ်ရှိ ငရုတ်စိုက်ခင်းတစ်ခုမှ ခူးဆွတ်ထားသောငရုတ်သီးများ

ဖောက်ရေဆိုသည်မှာ စိုက်ခင်းအတွင်း ရေစီးမြောင်းများဖောက်ထားပြီး ရေတွင်းမှ ရေကိုသွယ်၍ ရေပေးသွင်းသည့်စနစ်ကို ဆိုလိုခြင်းဖြစ်ကာ ဖျန်းရေဆိုသည်မှာ ရေဖျန်းပုံးနှစ်ဖက်တပ်ဖြင့်သော်လည်းကောင်း၊ ပိုက်လုံးအသေးကို ခေါင်းတပ်၍သော်လည်းကောင်း အပင်ရေပက်ဖျန်းသည့်စနစ် ဖြစ်သည်။

"ရေပေးလိုက်လို့ အပင်က ဒဏ်မခံနိုင်သေးဘဲ ယိုင်သွားလောက်တဲ့ အနေအထားဆို ရေမပေးရဘူး။ အပင်အနေအထား ကြံ့ခိုင်မှုကို ကြည့်ပြီး ပေါင်(ဘောင်)ဆွဲလို့ရလောက်တဲ့ အနေအထားရောက်မှ ပေါင်ဆွဲပြီး ရေပေးပါတယ်။ ရွှေဘိုနယ်က စိုက်နည်းအရ ပထမဆုံး စိုက်ပြီးချိန်မှာ ကွန်ပေါင်းမြေသြဇာမသုံးဘဲ နိုက်ထရိုဂျင်တစ်မျိုးပဲသုံးတယ်။ ပိုးသတ်ဆေးကိုလည်း အပင်အခြေအနေအပေါ် မူတည်ပြီး လိုအပ်မှဖျန်းပေးတယ်။ မလိုအပ်ဘဲ ပိုးသတ်ဆေး မသုံးစွဲဘူး။ မှိုသတ်ဆေးကိုတော့ လုံးဝ မသုံးဘူး။ ကြုံရတဲ့အခက်အခဲကတော့ အချို့ ပိုးသတ်ဆေးနဲ့ ရွက်ဖျန်းမြေသြဇာထုပ်တွေဟာ အထုပ်ပေါ်မှာရေးထားတဲ့ စာသားအတိုင်း တကယ် အရည်အသွေးအပြည့်အဝ မပါဝင်ဘူး။ အဲဒီပြဿနာကတော့ အမြဲရှိပါတယ်"ဟု ဦးသန်းဆွေဦးက ဆက်ပြောသည်။

စိုက်ရက်ပျိုးရက်/စိုက်ချိန်ပျိုးချိန်များမှာမူ ဒေသတစ်ခုနှင့်တစ်ခု အနည်းငယ် ကွာခြားမှု ရှိနိုင်ကာ စိုက်ပျိုးပြီး သုံးလခွဲခန့်အကြာတွင် ငရုတ်ပင်မှ ငရုတ်သီးများ စတင်ထွက်ရှိသည်။ ငရုတ်သီးတစ်ဧက စိုက်ပျိုးမည်ဆိုလျှင် ခန့်မှန်းကျပ်သုံးသိန်းမှ ငါးသိန်းကြား ကုန်ကျနိုင်ပြီး ဒေသတစ်ခုနှင့်တစ်ခု ကုန်ကျစရိတ်များလည်း မတူညီနိုင်ကြောင်း တောင်သူများက ပြောသည်။ အထွက်နှုန်းအနေဖြင့် ငရုတ် တစ်ဧက စိုက်ပျိုးလျှင် ငရုတ်သီးစိမ်း ပိဿာချိန် ၅၀၀၀ မှ ၇၀၀၀ ကြားခန့် ထွက်ရှိနိုင်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## ပန်းခင်းစီမံချက်အရ မိုင်းယောင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်

**မိုင်းယောင်း ဇွန် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးပွားမောင် ဦးဆောင်သည့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်အရ တပ်မတော်သား မိသားစုဝင်များအတွက် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ် သို့မဟုတ် ကိုင်ဆောင်သင့်သော လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရန် ဇွန် ၁၁ ရက်က တပ်ရင်းခန်းမဆောင်၌ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။

ပန်းခင်းစီမံချက်ဖြင့် အခမဲ့ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်းများ၊ ကလေးမွေးတိုးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေး၍ တပ်မတော်သား မိသားစုဝင်များထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



# အခွန်ထမ်းတစ်ဦးချင်း၏ အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ

အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေးများ ရှိသည်ကို သိရှိနိုင်ပါရန် အသိပေးအပ်ပါသည် -

(၁) အခွန်ဥပဒေများနှင့်အညီ လိုက်နာရမည့် အချက်အလက်များကို သိရှိနိုင်ခွင့်၊ သက်ဆိုင်ရာ အခွန်ပုံစံများ၊ ညွှန်ကြားချက်များ၊ ထုတ်ပြန်ချက်များ၊ အမိန့်ကြော်ငြာစာများ၊ အကြောင်းကြားစာများကို ရှင်းလင်းစွာ သိရှိနိုင်ခွင့်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ၊ ရလဒ်များအပေါ် ရှင်းလင်းချက်များ တောင်းဆိုပိုင်ခွင့်နှင့် ရရှိပိုင်ခွင့်များ ရှိပါသည်။

(၂) အခွန်ထမ်းပြည်သူများသည် စစ်ဆေးမည့်နှစ်နှင့် သက်ဆိုင်ရာစာရင်းများကို စစ်ဆေးရန် အများဆုံးကြာမြင့်မည့် အချိန်ကာလ၊ ဌာန၏သဘောထား စသည်တို့အား အခွန်ထမ်းများထံမှ အချက်အလက်ရရှိနိုင်မှုအပေါ်မူတည်ပြီး သိရှိနိုင်ခွင့်ရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ထမ်းများပေးအပ်သည့် သတင်းအချက်အလက်များအားလုံးကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေနှင့်အညီ လျှို့ဝှက်စွာထိန်းသိမ်းထားရှိမည်ဖြစ်ပါသည်။

(၃) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ ကြေညာလွှာကို တင်သွင်းနိုင်ခြင်းမရှိပါက ကြေညာလွှာတင်သွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့် ရှိပါသည်။ ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည် ဖြစ်ပြီး သာမန်အားဖြင့် (၁၅)ရက်ထက်မပိုသောကာလအထိ တိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပါသည်။ ယင်းကာလထက် ပိုမိုလိုအပ်ပါက လုံလောက်သောအကြောင်းအရာများ၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၄) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ အခွန်ပေးသွင်းနိုင်ခြင်းမရှိပါက အခွန်ပေးသွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့်ရှိပါသည်။ အခွန်ပေးသွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး၊ ပေးဆောင်ရမည့် အခွန်ငွေပမာဏနှင့် ဒဏ်ကြေးငွေအား တစ်လုံးတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ပေးသွင်းရန် တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၅) အခွန်ထမ်းပြည်သူများသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြား ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်စဉ်းစားပေးရန် လျှောက်ထားခွင့် ရှိပါသည်။

(၆) အခွန်ထမ်းပြည်သူများသည် သက်ဆိုင်ရာအခွန်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခွန်ထမ်းကိုယ်စား အခွန်ဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်ရန် တရားဝင်ခန့်အပ်ထားသော ကိုယ်စားလှယ်ကို ထားပိုင်ခွင့်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ်

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့်သော် လည်းကောင်း၊ အပေါင်းအသင်းကြောင့်သော်လည်းကောင်း၊ လူမှုရေးကိစ္စ အဆင်မပြေသောကြောင့်သော် လည်းကောင်း မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း
- ဆေးလွန်သဖြင့် မိန်းမောစွာ အိပ်ပျော်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရှုံးရခြင်း
- ထုံနာကျဉ်နာ၊ အကြောသေရောဂါဖြစ်ခြင်း
- တက်ခြင်း
- နှလုံးအတွင်းသား ရောင်ရမ်းခြင်း
- ဆေးထိုးအပ်ကို မျှသုံးခြင်းကြောင့် အိပ်ချ်အိုင်ဗွီ၊ အသည်းရောင် အသားဝါ ဘီနှင့် စီရောဂါအပါအဝင် သွေးမှတစ်ဆင့် ကူးစက်သောရောဂါများ ဖြစ်ပေါ်ခြင်း
- ခန္ဓာကိုယ်အနှံ့အပြားတွင် အနာစိမ်းများပေါက်၍ သွေးဆိပ်တက်ခြင်း

**မူးယစ်ဆေးဝါးသည် လူညွှန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။**

**မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ကြပါ။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## အခြေခံပညာကျောင်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဇွန် ၁၃**


၂၀၁၂-၂၀၁၂ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိအခြေခံပညာကျောင်းများ၌ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ အခြေခံပညာကျောင်းများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတို့၌ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ စာသင်ဆောင်အတွင်း၊ အပြင်သန့်ရှင်းရေး ပြုလုပ်ပေးခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးပေးခြင်း၊ ခြင်ဆေးဖျန်းခြင်းများနှင့် ABATE ဆေးခတ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ ဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှုခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃. ၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋီတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၁ ခုနှစ်၊ မေလ အလှူရှင်စာရင်း**

| | | |
|---|---|---|
| ၂၃၇။ ဦးဇော်ဝင်း+ဒေါ်ခင်မိုးနိုင် | ရန်ကုန်မြို့ | ၂၀၀၀၀၀ (ကြွေပြားလှူဒါန်း) |
| ၂၃၈။ အင်းဝဘဏ်(ဗဟန်း)မှဝန်ထမ်းများ | ရန်ကုန်မြို့ | ၅၀၅၀၀ |
| ၂၃၉။ ဦးမောင်အေး | တောင်ကြီးမြို့ | ၅၀၀၀၀ |
| ၂၄၀။ ဦးမောင်မောင်ကျော် | ရန်ကုန်မြို့ | ၂၀၀၀၀ |
| ၂၄၁။ ဗိုလ်ကြီးမင်းကိုကိုမိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၄၂။ ဗိုလ်ကြီးတင်ကိုကိုအောင် (တပ်ကြပ်ကြီး/စာရေးသင်တန်းအမှတ်စဉ်(၁၁၇)မိသားစု) | မန္တလေး | ၃၆၀၀၀၀ |
| ၂၄၃။ ဒုဗိုလ်မှူးကြီးဝင်းလွင်ဦး+ဒေါ်စိမ်းစန္ဒာ | နေပြည်တော် | ၅၃၀၀၀၀ |
| ၂၄၄။ ဗိုလ်မှူးစိန်ဝင်း(ငြိမ်း)+ဒေါ်စန်းရီ | ပုသိမ်မြို့ | ၁၀၀၀၀၀ |
| ၂၄၅။ ဦးရွှေသန်း+ဒေါ်ကြည်အောင် | နေပြည်တော် | ၅၀၀၀၀၀ |
| ၂၄၆။ ဒေါ်မြင့် | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၄၇။ ဦးအောင်ကျော်သန်း | ညောင်လေးပင်မြို့ | ၁၀၀၀၀၀ |
| ၂၄၈။ ဦးအောင်ထွန်းမြင့် | မကွေးမြို့ | ၃၀၀၀ |
| ၂၄၉။ ဦးခင်မောင်ဝင်း+ဒေါ်ခင်နှင်းရီ | ရန်ကုန်မြို့ | ၁၂၀၀၀၀ (Garden Light-၁တိုင်လှူဒါန်း) |
| ၂၅၀။ ဧရာဝတီဘဏ်(တာချီလိတ်)မှဝန်ထမ်းများ | တာချီလိတ်မြို့ | ၈၀၀၀၀ |
| ၂၅၁။ ဒေါ်အောင်သန်းတင် | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၂၅၂။ ဦးဇော်နိုင်လင်း | ရေးမြို့ | ၃၀၀၀၀ |
| ၂၅၃။ ဦးဖြိုးသန့်ကို | မြန်အောင်မြို့ | ၁၀၀၀၀၀ |
| ၂၅၄။ ဦးသိန်းဇော်မြင့်၊ ဒေါ်ခင်သဇင်ထက် | ဒိုက်ဦးမြို့ | ၂၀၀၀၀၀ |
| ၂၅၅။ ဒုအရာခံဗိုလ်ဝင်းလှိုင် | ပုသိမ်မြို့ | ၂၀၀၀၀၀ |
| ၂၅၆။ ဦးရွှေချို+ဒေါ်စန်းရီ | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၅၇။ ဦးခင်မောင်စော+ဒေါ်ခင်ယု | နေပြည်တော် | ၁၀၀၀၀ |
| ၂၅၈။ ဒေါ်ခင်နှင်း | နေပြည်တော် | ၁၁၀၀၀ |
| ၂၅၉။ ဒေါ်ဆွေဆွေအေး | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၆၀။ ဦးသက်ဝင်းထိုက် | ရန်ကုန်မြို့ | ၁၂၀၀၀ |
| ၂၆၁။ ဦးခင်မောင်ဝင်း | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၆၂။ ဦးကျော်သန်းစိန် | ရန်ကုန်မြို့ | ၂၀၀၀၀၀၀ |
| ၂၆၃။ ဦးကျော်လေး+ဒေါ်တင်ဦး | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၆၄။ အမှတ်(၂)သံမဏိစက်ရုံ (မြောင်းတကာ)မှဝန်ထမ်းများ | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၂၆၅။ ဗိုလ်ကြီးမြတ်ဇင်+ဒေါ်တင်တင်နွယ် | မူဆယ်မြို့ | ၂၀၀၀၀၀ (ကြွေပြားလှူဒါန်း) |
| ၂၆၆။ ဗိုလ်ကြီးမြသန်းကျော် | ဘားအံမြို့ | ၁၅၀၀၀ |
| ၂၆၇။ ကွယ်လွန်သူဒေါ်စိန်မေအားရည်စူး၍ မိသားစုကောင်းမှု | နေပြည်တော် | ၅၀၀၀၀၀ |
| ၂၆၈။ ကွယ်လွန်သူဒေါ်မြင့်မြင့်အေးအားရည်စူး၍ ဦးကျော်ဇေမြင့်+ဒေါ်ခင်ဝင်းသွယ်မိသားစုကောင်းမှု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၆၉။ အင်းဝဘဏ်(တောင်ငူ)မှဝန်ထမ်းများ | တောင်ငူမြို့ | ၇၂၀၀၀ |
| ၂၇၀။ ဒေါ်နှင်းဝါမျိုး | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၂၇၁။ ဒေါ်ညို | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၇၂။ ဒေါ်စန်းရီမိသားစု | အောင်ပန်းမြို့ | ၃၀၀၀၀၀ |
| ၂၇၃။ ဦးအေးကို+ဒေါ်စီစီဝင်း | ရန်ကုန်မြို့ | ၁၀၀၀၀၀၀၀ |
| ၂၇၄။ ဒေါ်နွေးနွေးဦး | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၇၅။ ဦးအောင်ဝင်း+ဒေါ်မြင့်မြင့်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ (မဟာရံတံတိုင်းထောင့်တိုင်ပထမအကြိမ်လှူဒါန်း) |
| ၂၇၆။ ကွယ်လွန်သူခင်ပွန်းဗိုလ်မှူးကြီးအေးမောင် (ဒုစစ်ထောက်ချုပ်-ငြိမ်း)နှင့်(သား)ဦးစိုင်းမြတ်အေး တို့အားရည်စူး၍ ဒေါ်တင်တင်ဦးမိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၂၇၇။ ဦးသော်သော်+ဒေါ်အေးဇာမော် | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၇၈။ ဒေါ်စန္ဒာလင်း | ရန်ကုန်မြို့ | ၅၁၀၀၀၀၀ |
| ၂၇၉။ ဒေါ်အေးရီ၊ ဒေါ်မေသဇင်ဦး၊ ဒေါ်ပြည့်စုံအောင် | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၂၈၀။ ဦးစံမြင့်+ဒေါ်ခင်စန်း | ရန်ကုန်မြို့ | ၁၁၀၀၀၀ |
| ၂၈၁။ ဒေါ်စန်းစန်း | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၈၂။ ဒေါ်ထွေးရီ | နေပြည်တော် | ၁၀၀၀၀၀ (လမ်းမီးတိုင်လှူဒါန်း) |
| ၂၈၃။ အင်းဝဘဏ်(မြိုင်ကလေး)မှဝန်ထမ်းများ | ဘားအံမြို့ | ၅၂၀၀၀ |
| ၂၈၄။ ဦးတင်ရွှေ+ဒေါ်လှဌေး | ကျောက်ပန်းတောင်းမြို့ | ၁၀၀၀၀၀ |
| ၂၈၅။ ဒေါ်သန်းသန်းရွှေ၊ ဒေါ်ဖြူဖြူမင်း၊ ဒေါ်ကြည်ကြည်ခင် | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၂၈၆။ ဒေါ်မီမီသန်း | မြစ်ကြီးနားမြို့ | ၂၀၀၀၀ |
| ၂၈၇။ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) | နေပြည်တော် | ၁၂၉၈၀၀၀၀ (ဂန္ဓကုဋီတိုက်နှင့် ဂန္ဓကုဋီတိုက် Solar လှူဒါန်း) |

## ဘဝနတ်နန်းစံမြန်းတော်မူခြင်း

**နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဂဏမဟာဝိနာယက၊**
**သကျသီဟသာသနပဟိတဂုဏဝိသိဋ္ဌ**

### ဒေါက်တာဘဒ္ဒန္တကဝိသာရ

**(သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သိရီပဝရဂုဏ်ထူး)**

### သိက္ခာတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်

ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ဦးစီးမဟာနာယကနိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဝိသာရသက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၈၃ ခုနှစ် နယုန်လဆန်း-၁ရက်) ၁၀-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက်၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃ ခုနှစ် နယုန်လဆန်း-၅ရက်) ၁၄-၆-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ တပည့်ရဟန်းသံဃာတော်များ နေ့ဆွမ်းဘုန်းပေးအမီ ကြွရောက်တော်မူပါရန် ဖိတ်ကြားအပ်ပါသည်။

**ဈာပနပွဲဖြစ်မြောက်ရေးကော်မတီ**
**မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဖေ

**အကြီးတန်းအထွေထွေမန်နေဂျာ( A Bank)**
**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ MEB**
**အသက်(၆၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မြောက်ပြင်ရပ်နေ (ဦးကျော်ခင်-ဒေါ်ငွေမြိုင်)တို့၏သား၊ (ဦးအုန်းမြင့်-ဒေါ်အေးကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၄၁)လမ်း၊ အမှတ်(၆၉၊ လေးလွှာ-B)နေ ဒေါ်စန်းစန်းမြင့်၏ ခင်ပွန်း၊ (ဒေါ်သိန်းသိန်း)၊ ဦးသိန်းဆွေ၊ ဒေါ်ငြိမ်းငြိမ်းတို့၏ ညီ/မောင်၊ ဦးချစ်ကို၊ (ဦးစိုးမြင့်)တို့၏အစ်ကို၊ ကိုဝင်းနောင်-မစောလှမြတ်၊ (ကိုမြတ် သူ)၊ ကိုထက်ဖြိုးအောင်-မနှင်းနန္ဒာအောင်၊ မယုလေးခင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃-၆-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၂ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဖေ

**အကြီးတန်းအထွေထွေမန်နေဂျာ( A Bank)**
**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ MEB**
**အသက်(၆၈)နှစ်**

ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက် (A Bank)၊ AM & FC ဌာန၏ အကြီးတန်းအထွေထွေ မန်နေဂျာ ဦးသိန်းဖေသည် ၁၃-၆-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် BOD အဖွဲ့ဝင်များ၊ ဝန်ထမ်းများ**
**ဧရာဝတီတောင်သူလယ်သမားများ**
**ဖွံ့ဖြိုးရေးဘဏ်လီမိတက်(A Bank)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/58376, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/59217, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပြည်)**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/1806 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

---

### မိဘအမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့၊ ကလော့ကြီး အထကခွဲ၊ G-10 (စနစ်သစ်)မှ မဂန္တဝင်၏ မိဘအမည်မှန်မှာ ဦးစန်းမြင့်အောင် ၁၀/ရမန(နိုင်)၁၂၉၆၄၃နှင့် ဒေါ်အေးကြိုင် ၁၀/ရမန(နိုင်)၂၃၅၅၃၀ ဖြစ်ပါကြောင်း။

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6905 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

---

### မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး လျှောက်ထားခြင်း

မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ် အမှတ် 4N/3661/Nissan Clipper U 71 T/ Pickup (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချိုထွေး ၁၀/သထန(နိုင်)၂၉၅၉၄၅ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/1369 ယာဉ်လက်ဝယ်ရှိသူ ဦးဆယ်၅/ကဘလ (နိုင်) ၀၂၃၄၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်မြင့်အေး

**အသက်(၅၆)နှစ်**

ဒုတိယဗိုလ်မှူးကြီး အောင်ဝင်း(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်အေးသည် ၁၂-၆-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှအရာရှိများ နှင့်မိသားစုများ**

---

## ဦးသီဟဇော်

**(A.Pan Ocean Line-LQGISTIC Co.,Ltd)**
**အသက်(၄၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်(၄၁)နေ ဦးမျိုးဝင်း-ဒေါ်ခင်မေသိန်းတို့၏သား၊ ဦးစိုးမြင့်-ဒေါ်အေးကြူတို့၏သားသမက်၊ ဗိုလ်ကြီးသန့်ဇင်ဦး(ငြိမ်း)-ဒေါ်အေးအေးသိမ့်၊ ဦးဇော်လင်းနိုင်-ဒေါ်ဥမ္မာသန့်၊ ဦးသန့်ဇော် ထိုက်-ဒေါ်နှင်းဝတ်ရည်လွင်တို့၏ညီမောင်၊ ကိုစစ်ကိုအောင်၊ ကိုအောင်ဇော်မျိုး-မမိုးမိုးဝေတို့၏အစ်ကို၊ ဒေါ်ခင်ပွင့်ဖြူ(အလယ်တန်းပြ၊ အလက၊ လဟာရက်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဘုန်းခန့်သီဟ၏ ဖခင်သည် ၁၃-၆-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၂၂ရက် (စနေနေ့) နံနက်တွင် သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ်(၃/၁၀၈)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### Chlorpyrifos ပိုးသတ်ဆေးအား ပိတ်ပင်တားမြစ်သောပိုးသတ်ဆေးအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း အသိပေးကြေညာချက်

မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ၂-၇-၂၀၂၀ရက်တွင် ကျင်းပသော (၃၁)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ လူနှင့်ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်မြင့်မားစေသောကြောင့် Chlorpyrifos ပိုးသတ်ဆေးအား ၁-၇-၂၀၂၂ ရက်မှစတင်၍ မြန်မာနိုင်ငံတွင် သုံးစွဲရန် တားမြစ်ပိတ်ပင်သောပိုးသတ်ဆေး ( Banned Pesticide)အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း ၁၆-၇-၂၀၂၀ ရက်တွင် ပိုးသတ်ဆေးလုပ်ငန်းရှင်များအား စာဖြင့် အသိပေးထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုးသတ်ဆေးလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနေသော Chlorpyrifos ဆေးလက်ကျန်ပစ္စည်းများကို ပြန်လည်ရုပ်သိမ်းရန်နှင့် ၁-၇-၂၀၂၂ ရက်မှစ၍ မှတ်ပုံတင်ခွင့်၊ တင်သွင်းခွင့်၊ ရောင်းချခွင့်၊ ဖော်စပ်ခွင့်၊ ပြန်လည်ထုပ်ပိုးခွင့် မပြုကြောင်းနှင့် ဈေးကွက်အတွင်း ဆက်လက်ဖြန့်ဖြူးရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိပါက ပိုးသတ်ဆေးဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့**

---

### ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၈/၂၀)၊ အကွက်အမည်-အိုးတန်းကလေး၊ ဦးပိုင်အမှတ် (၉၂/ခ)၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ ဘိုးဘပိုင်မြေကို ဦးစန်းလွင်-ဒေါ်အေးအေးသွယ် မှ အမည်ပြောင်း လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာစာရွက်စာတမ်းများ ယူဆောင်လာပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၀ရက် မတိုင်မီ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**စိုင်းဝင်းမင်းကို**
**ဦးစီးအရာရှိ**
**မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်ခရိုင်၊ ငွေဆောင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဂျိုင်လယ်ကျေးရွာနေ ဦးမြင့်လှိုင် ၁၄/ပသန(နိုင်)၁၆၂၁၉၁ နှင့်ဇနီးဖြစ်သူ ဒေါ်နန့်အေးဌေး ၁၄/ပသန(နိုင်)၁၂၃၅၃၀တို့၏သားဖြစ်သူ မောင်ဟိန်းမင်းထက် ၁၄/ငဆန(နိုင်)၀၁၄၆၃၀သည် မိဘများ၏ ဆိုဆုံးမမှုကိုလိုက်နာခြင်းမရှိဘဲ မိဘများအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်း၏ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးမြင့်လှိုင်၊ ဒေါ်နန့်အေးဌေး**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ အလှူ ဒါယကာကြီး

## ဦးသက်လွင်(Philip)

**အင်ဂျင်နီယာမှူးကြီး(ငြိမ်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၄၇၃)နေ (ဦးစံလှ-ဒေါ်မြမြ)တို့၏သား၊ (မြို့တော်အင်ဂျင်နီယာချုပ် သီရိပျံချီ ဦးအုန်းညွန့်-ဒေါ်မိမိကလေး)တို့၏သားသမက်၊ ဒေါ်မိမိညွန့်(ခ)Mabel ၏ခင်ပွန်း၊ ဒေါ်သဇင်လွင်-ဦးသီဟန်(Chief Engineer)၊ ဒေါ်စုစုစံ-ဦးစောလွင်ငယ်တို့၏ ဖခင်၊ မဝင့်ရွှေရည်ခြူး၊ မစောဝင့်နန္ဒာ၊ မောင်အောင်မျိုးဟန်တို့၏အဘိုး၊ ဒေါ်ဝင်းနု-ဦးစန်းမောင်(အမှတ်-၂၊ သတ္တုတွင်း၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၊ ဒေါ်ညိုညိုလွင်-ဒေါက်တာ ဦးတင်အောင်(Physics Professor)တို့၏အစ်ကို၊ ဦးသန့်သွင်- ဒေါ်မြသွဲ့နှင်း၊ အရှင်သီရိဓမ္မတို့၏ဘကြီးသည် ၁၂-၆-၂၀၂၂ရက် နံနက် ၄:၄၅နာရီတွင် ရွှေဂုံတိုင် ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်**
**၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် - ၇၄**

| | | |
|---|---|---|
| ဦးကျော်စိုးလှ | နှင့် | ဦးတင်ဝင်း |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင် ရပ်ကွက်၊ ၂၇လမ်း၊ ၇၂x၇၃လမ်းကြားနေ ဦးတင်ဝင်း AE-217730 (ယခု နေရပ် လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးကျော်စိုးလှက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၈)၊ ဦးပိုင်အမှတ်-(၆၆)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ ၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဇွန် ၃၀ရက်(၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၆ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သွယ့်နှင်းအိဖေ)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြောင်းမြခရိုင်တရားရုံး**
**၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၂**

| | | |
|---|---|---|
| ဦးသီဟ(ခ)ဦးအောင်ဝင်း | နှင့် | ဦးရဲအောင်မော်ဆန်း(ခ)ဦးအောင်မော် |
| တရားလို | | တရားပြိုင် |

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၅၈)၊ နေနန်းတော် တည်းခိုခန်း၊ ဦးဘချိုလမ်း၊ (၅)ရပ်ကွက်နေ ဦးရဲ အောင်မော်ဆန်း (ခ)ဦးအောင်မော်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ် လုပ်ငန်းအတွက် တရားလိုက တရားပြိုင်သို့ တစ်စိတ်တစ်ပိုင်း ပေးချေထားသည့် ငွေ၂၀၆၅ ၀၀၀၀၀/-(ကျပ်သိန်း နှစ်ထောင် ခြောက်ဆယ့်ငါး သိန်းတိတိ)နှင့် တရားလို၏ နစ်နာမှု အဖြစ်နစ်နာကြေးငွေ ၂၀၀၀၀၀၀၀၀/-(ကျပ်သိန်း နှစ်ထောင်တိတိ)အပါအဝင် နှစ်ရပ်ပေါင်း ငွေ၄၀၆၅၀၀၀၀၀/-(ကျပ်သိန်းလေးထောင် ခြောက်ဆယ့် ငါးသိန်း တိတိ)ရလိုမှု (သို့မဟုတ်) တရားပြိုင်က ပေါင်နှံထားသည့် တိုက်အိမ်နှင့်မြေကို အပြီးသတ်အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အား ဆက်လက်ချုပ်ဆိုပေး၍ လွှဲပြောင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇူလိုင် ၉ရက်(၁၃၈၃ ခုနှစ် ဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မွန်မွန်ရည်)**
**ဒုတိယခရိုင်တရားသူကြီး**
**မြောင်းမြခရိုင်တရားရုံး**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော/တောင်ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ်(၅၅)ပေါ်ရှိ (၂)ခန်းတွဲ (၇)ထပ်တိုက် အဆောက်အအုံမှ (၄)လွှာ (ခြေရင်းခန်း) တိုက်ခန်းသည် မြေရှင်ဖြစ်သူဦးတင့်နိုင် ၇/သဝတ(နိုင်)၀၆၄၇၄၅ နှင့် ကန်ထရိုက်တာဖြစ်သူ ဒေါ်ခင်သန်းနွဲ့ ၁၂/မရက(နိုင်)၀၁၈၅၇၇ တို့ အကျိုးတူ ကန်ထရိုက်တိုက်ဆောက်လုပ်ရာမှ ကန်ထရိုက်တာဒေါ်ခင်သန်းနွဲ့ အကျိုးခံစားခွင့်ရရှိခဲ့သော တိုက်ခန်းဖြစ်ပါသည်။ ကန်ထရိုက်တာ ဒေါ်ခင်သန်းနွဲ့ထံမှ ဦးမျိုးမင်းသူ ၉/မထလ (နိုင်) ၀၀၃၁၂၇ က ၈-၁-၂၀၀၆ ရက်တွင် ဝယ်ယူခဲ့ပြီး ဦးမျိုးမင်းသူထံမှ ဦးကျော်စိန်ဝင်း ၈/ရနခ(နိုင်)၀၀၀၉၂၂ က ၃၀-၁၁-၂၀၀၈ နေ့တွင် ဝယ်ယူခဲ့ပါသည်။ ယင်းတိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသူ ဦးကျော်စိန်ဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊**
**(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၁-၅၃၀၁၉၀**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သိပ္ပံမောင်ဝလမ်း၊အမှတ်(၁၇၁၈)ရှိ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၁၇၁၈၊ အကျယ်အဝန်း (ပေ၆၀xပေ၄၀)ရှိ ဒေါ်ဖြူဖြူလွင် ၁၂/ကမရ(နိုင်)၀၀၀၅၈၈ အမည်ပေါက် နှစ်(၆၀) ဂရန်အမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကိုစာချုပ်အစပ်အဆက်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီးတရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမြမောင် ၁၂/ကမရ(နိုင်)၀၃၂၉၁၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်မောင်မောင်မင်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၂၁)**
**အမှတ်(၃၄)၊ မြေညီထပ်၊ စမ်းချောင်းလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၄၆၉၁၅**

# ချင်းပြည်နယ် ပညာရေးဦးစီးဌာနအတွက် ပေးပို့သော ကျောင်းသုံးပုံနှိပ်စာအုပ်များအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၃**

၂၀၂၁ ခုနှစ် ဇွန်လ (ပထမပတ်) အတွင်း အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ (မန္တလေး) က ပေးပို့သော ဟားခါးခရိုင် ပညာရေးဦးစီးဌာန အတွက် (KG) တန်းမှ (Grade-4) တန်းအထိ ကျောင်းသုံးပုံနှိပ်စာအုပ် ၁၂၇၇၉၇ အုပ် တင်ဆောင်သွားသည့် ကုန်တင်ယာဉ် နှစ်စီးအား ရွာဇန်းကျေးရွာအနီး ဂန့်ဂေါ-ဟားခါးသွားကားလမ်း မိုင်တိုင် ၃၅ နှင့် ၄၀ အကြားတွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူ အင်အားစုများက တားဆီးထိန်းသိမ်းခဲ့ပြီး ယာဉ်ပေါ်တင်ဆောင်လာသော ကျောင်းသုံးပုံနှိပ်စာအုပ်များအား ယာဉ်ပေါ်မှ ချထားခိုင်းကာ ယာဉ်များအား နောက်ကြောင်းသို့ ထွက်ခွာစေခဲ့ကြောင်း သိရသည်။

**မီးရှို့ဖျက်ဆီးထား**

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ ပုံနှိပ်စာအုပ်ထုပ်များ ချထားခဲ့သည့်နေရာတွင် မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရှိခဲ့ရသည်။

**ရက်စက်ယုတ်မာစွာဆောင်ရွက်ခဲ့**

ချင်းပြည်နယ်အတွင်းရှိ ကလေးငယ်များ ပညာတတ်မြောက်စေရေးအတွက် ကျောင်းဖွင့်ရာသီအတွင်း နိုင်ငံတော်အစိုးရက စီမံမှုဆောင်ရွက်ပေးနေစဉ် အစွန်းရောက်လက်နက်ကိုင်အဖွဲ့အစည်းများ၏ အသိဉာဏ်မဲ့ ရက်စက်ယုတ်မာစွာဆောင်ရွက်ခဲ့မှုကြောင့် ချင်းပြည်နယ်အတွင်းရှိ ကလေးငယ်များအတွက် နစ်နာမှုဖြစ်ပေါ်ခဲ့ရကြောင်း သိရှိရသည်။

ရဲပြန်ကြား



လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးထားသည့် ကျောင်းသုံးပုံနှိပ်စာအုပ်များကို တွေ့ရစဉ်။

## ရုရှားအသင်းကို လူကာကူ၏ သွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ဘယ်လ်ဂျီယံ

ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (B) မှ နာမည်ကြီး ဘယ်လ်ဂျီယံအသင်းနှင့် ရုရှားအသင်းတို့ပွဲစဉ်ကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ နာမည်ကြီး ဘယ်လ်ဂျီယံအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ရော်ဘတ်တို မာတီနက်၏ တာဝန်ယူကိုင်တွယ်နေသည့် ဘယ်လ်ဂျီယံအသင်းသည် ယနေ့ပွဲစဉ်တွင် အားထားရသည့် ကော့တွိုက်စ်၊ အယ်ဒါဝီလ်ရယ်၊ ဘိုယာတာ၊ ဗာတွန်ဂန်၊ ကစ်တိဂ်၊ တိုင်လီမန်းစ်၊ ဟာဇက်၊ မာတင်စ်၊ လူကာကူ၊ ကာရက်စ်ကိုတို့ဖြင့် ပွဲထွက်လာခဲ့သည်။ ပြိုင်ဘက် ရုရှားအသင်းကလည်း ရှူနင်၊ ဇီရီကော့ဗ်၊ ဆီမီနော့ဗ်၊ ဖာနန်ဒက်စ်၊ ဘာရီ နော့ဗ်၊ ဂိုလိုဗင်၊ ဒီဇူဘာစသည့် ကစားသမားများဖြင့် ဘယ်လ်ဂျီယံအသင်းကို ရင်ဆိုင်လာခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ✪



ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူ ရုရှားအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းနေစဉ်။

## COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၇၃ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ သုံးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၃၂၄၄ ဦးရှိ

**(၁၃-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၂-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၇၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၄၈,၂၃၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၅,၆၀၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၉၂၈) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူစုစုပေါင်း (၃,၂၄၄) ဦး ရှိပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ◆


**မာ တိ ကာ**

လိုင်ဇာရှိ KIA လက်နက်ကိုင်အဖွဲ့ဌာနချုပ်သို့ စစ်သင်တန်းစေလွှတ်မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ ညွှန်ကြားစေခိုင်းခဲ့သည့် သတင်းထုတ်ပြန်ချက် စာ - ၁၁

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ လက်နက်ခဲယမ်းဝယ်ယူမှု၊ ဖောက်ခွဲဖျက်ဆီးရေးဆောင်ရွက်မှုနှင့် စစ်သင်တန်းစေလွှတ်မှုတို့တွင် ညွှန်ကြားစေခိုင်းခဲ့သည့် သတင်းထုတ်ပြန်ချက် စာ - ၁၃

အကြမ်းဖက်ဝါဒ အချိန်မီတားဆီးကာကွယ်ကြ စာ - ၂၀

မြဝတီခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အပြစ်မဲ့အလုပ်သမား ၄၇ ဦးကို ဒေသဖွံ့ဖြိုးရေးမလိုလားသည့် KNDO အဖွဲ့က အဓမ္မဖမ်းဆီးခေါ်ဆောင်၊ ၂၅ ဦးအား ရက်ရက်စက်စက် အကြောင်းမဲ့သတ်ဖြတ် စာ - ၂၄